Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter
အမှတ် (၉၁) ရေစ်နှစ်၊ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ
မြန်မာသက္ကရာဇ် (၁၃၆၉)
(၁၅-၁-၉၉) ရက်နေ့တွင်စတင်တည်ထောင်သည်။

တင်းကြပ်သည့်စောင့်ကြည့်မှုများအောက်မှ နှစ် (၆၀) ပြည့်မြန်မာ့လွတ်လပ်ရေးနေ့

ရန်ကုန်အစိုးရက အစောင့်အကြပ်များ၊ တင်းကြပ်စွာချုပ်ကာစောင့်ကြည့်ခြင်းဖြင့် မြန်မာ့လွတ်လပ်ရေး နှစ် (၆၀) ပြည့်အခမ်းအနားကိုကြိုဆိုလိုက်သည်။

အဲန်အယ်လ်ဒီဗဟိုရုံးချုပ်တွင် အဖွဲ့ဝင် (၃၅၀)ခန့်နှင့် ဖိတ်ကြားထားသောအနောက်အုပ်စုသံတမန်များနှင့် စုစုပေါင်း (၆၀၀)ခန့်ဖြင့် လွတ်လပ်ရေးအခမ်းအနားကိုကျင်းပခဲ့ကြရာ စစ်အုပ်စု၏အထူးရဲများက သတိအနေအထားဖြင့် စောင့်ကြည့်နေခဲ့ကြသည်။

စက်တင်ဘာအရေးအခင်းဖြစ်ပွားခဲ့စဉ်က စုရပ်များဖြစ်ခဲ့ကြသော ရန်ကုန်မြို့တော်ခန်းမအပြင်ဘက်တွင်လည်းကောင်း၊ ရွှေတိဂုံနှင့် ဆူးလေစေတီတော်ခြေရင်းတို့တွင်လည်းကောင်း၊ လုံထိန်းတပ်များက အခိုင်အမာနေရာယူစောင့်ကြပ်နေခဲ့ကြသည်။ အမည်မဖော်လိုသော အစိုးရအရာရှိကြီးတဦးက စစ်အစိုးရသည် လုံထိန်းတပ်များကိုသာမက စွမ်းအားရှင်များကိုလည်း ဒီမိုကရေစီနှင့်လူ့အခွင့်အရေးလှုပ်ရှားသူများ ပြန်လည်လှုပ်ရှားလာမှုမှ အချိန်မီကာကွယ်နှိမ်နင်းနိုင်ရန် အမိန့်ပေးစေခိုင်းထားကြောင်းပြောသည်။

စစ်အစိုးရက ၎င်းတို့၏ မြို့တော်သစ်နေပြည်တော်တွင် စစ်တပ်အုပ်ချုပ်လာခဲ့သောနှစ်ပေါင်း (၄၅) နှစ်အတွင်း အလွန်အကန့်အသတ်များသောလွတ်လပ်ရေးနေ့အခမ်းအနားအဖြစ် ကျင်းပခဲ့ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လွတ်လပ်ရေးနေ့မိန့်ခွန်းကိုအသံလွှင့်ခဲ့သည်။

ကြားနေကျစစ်အုပ်စု၏ ကြွေးကြော်သံများကို ထပ်မံရေရွတ်လျက် အသက် (၇၅) နှစ်ရှိနေပြီဖြစ်သော ဗိုလ်ချုပ်မှူးကြီးသန်းရွှေက (၅၃) သန်းသော ပြည်သူများအား သစ်လွင်သော၊ ငြိမ်းချမ်းသာယာသော၊ ခေတ်မီနည်းကျသော၊ ဖွံ့ဖြိုးတိုးတက်သော၊ စည်းကမ်းကျနစွာ အောင်မြင်သောတိုင်းပြည်တခုဖြစ်လာရေးကို အတိအကျအကောင်အထည်ဖော်မည်ဖြစ်ကြောင်းကိုသာ ထည့်သွင်းပြောကြားသွားသည်။

သူ၏မိန့်ခွန်းတွင် ထိန်းသိမ်းခံနေရသော နိုဗယ်လ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးအဖြေရှာရေးနှင့်ပတ်သက်သည့်တစုံတရာကိုမျှလည်း ဖော်ပြခဲ့ခြင်းမရှိပေ။ ဒေါ်အောင်ဆန်းစုကြည်၏ အဲန်အယ်လ်ဒီပါတီသည် (၁၉၉၀) ခုနှစ်ကတည်းက ရွေးကောက်ပွဲတွင် အနိုင်ရထားခဲ့သော်လည်း အာဏာလွှဲပြောင်းပေးရန် စစ်အစိုးရမှ အစဉ်တစိုက်ငြင်းဆန်နေခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက တွေ့ဆုံဆွေးနွေးရေးလမ်းစဉ်ကို ဆုပ်ကိုင်ထားဆဲဖြစ်ကြောင်း ပြောခဲ့သည်။ "ကျနော်တို့အနေနဲ့ တွေ့ဆုံဆွေးနွေးရေးဖြစ်လာဖို့၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဖြစ်လာဖို့တို့ကို အခု ၂၀၀၈

စာမျက်နှာ (၉) ကော်လံ (၄) သို့...

ပြည်သူအားလွဲမှားသည့်မျှော်လင့်ချက်များပေးမည်မဟုတ်ဟုဆိုသော လူထုခေါင်းဆောင်က အဆိုးဆုံးအတွက်ပြင်ဆင်ထားရန်ပြောကြား

လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖဆက်ဆံရေးဝန်ကြီးဗိုလ်ချုပ်အောင်ကြည်တို့တွေ့ဆုံခဲ့စဉ်

ဇန်နဝါရီလ (၃၀) ရက်နေ့က လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖ၏ဆက်ဆံရေးဝန်ကြီးဦးအောင်ကြည်တို့၏ ပဥ္စမအကြိမ်မြောက်တွေ့ဆုံခဲ့ပြီးနောက် သူမ၏ပါတီကခေါ်ယူသော သတင်းစာရှင်းလင်းပွဲမှထွက်ပေါ်လာသောသတင်းများအရ ဤသို့ ပြောကြားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ပါတီ၏ ပြောခွင့်ရပုဂ္ဂိုလ်ဦးဉာဏ်ဝင်းနှင့်အတူ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်လူကြီးများသည် ရန်ကုန်မြို့ရှိ အစိုးရဧည့်ဂေဟာတွင် တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။ စက်တင်ဘာအရေးအခင်းနောက်ပိုင်း တွေ့ဆုံရခြင်း၏ ဒုတိယအကြိမ်မြောက်လည်းဖြစ်သည်။ ၂၀၀၃ ခုနှစ်၊ ဒီပဲယင်းအရေးအခင်းအကြမ်းဖက်မှုနောက်ပိုင်းမှစ၍ ဒေါ်အောင်ဆန်းစုကြည်မှာ ဆရာဝန်ကိုပင် ပုံမှန်တွေ့ဆုံရန် ခက်ခဲသောအချိန်များရှိနေခဲ့သည်။

ဆက်လက်၍ ဒေါ်အောင်ဆန်းစုကြည်က အဲန်အယ်လ်ဒီအဖွဲ့ဝင်များ၏ အနစ်နာခံဆောင်ရွက်မှုများကို တန်ဖိုးထားပါကြောင်းနှင့် ဘယ်တော့မှလည်းမမေ့ပါကြောင်းတို့ကို ထည့်သွင်းပြောကြားသွားကြောင်းသိရသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် သွားရောက်တွေ့ဆုံခွင့်ရခဲ့သည့် ဗဟိုအလုပ်အမှုဆောင်လူကြီးများမှာ ဥက္ကဋ္ဌဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးလွင်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသော ဦးလွန်းတင်၊ ဦးသန်းထွန်း၊ ဦးညွန့်ဝေ၊ ဦးလှဖေနှင့် ဦးစိုးမြင့်တို့ဖြစ်ကြပြီး ဒုဥက္ကဋ္ဌဖြစ်သူ နေအိမ်အကျယ်ချုပ်ကျခံနေရသော ဦးတင်ဦးမပါဝင်ခဲ့ပေ။

၂၀၀၈ ခုနှစ်အား အမျိုးသားပြန်လည်သင့်မြတ်ရေးနှစ်အဖြစ်အဖွဲ့ချုပ်ကြေညာ တွေ့ဆုံဆွေးနွေးရေးဖြစ်မြောက်အောင်မြင်ရန် စစ်အစိုးရအား တိုက်တွန်း

၂၀၀၈ ခုနှစ်အား အမျိုးသားပြန်လည်သင့်မြတ်ရေးနှစ်အဖြစ် သတ်မှတ်ကြေညာထားခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြေညာချက်အမှတ် (၂) ကို ဇန်နဝါရီလ (၁၈) ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာလျက် အဖွဲ့ချုပ်၏ခေါင်းဆောင်များဖြစ်သော ဒေါ်အောင်ဆန်းစုကြည်နှင့်ဦးတင်ဦးတို့အား ခြွင်းချက်မရှိလွှတ်ပေးရန် တောင်းဆိုလိုက်သည်။ ထိုကြေညာချက်တွင် တိုင်းရင်းသားလူမျိုးစုများ စည်းလုံးညီညွတ်စွာပါဝင်ခြင်းမရှိဘဲ တည်ငြိမ်အေးချမ်းသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်မဟုတ်ကြောင်းဖော်ပြထားသည်။

တိုင်းပြည်တွင် ရင်ဆိုင်ကြုံတွေ့နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသော အထွေထွေအကျပ်အတည်းများကို သက်သာလျော့ပါးစေရန် အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်နိုင်မှုဖြစ်မည်ဟုလည်း ထိုကြေညာချက်တွင်ပါရှိသည်။ တိုင်းပြည်နှင့်ပြည်သူလူထု၏အကျိုးစီးပွားအတွက် အတိတ်၏ဖြစ်ရပ်များကိုသင်ခန်းစာယူလျက် ပစ္စုပ္ပန်နှင့်အနာဂတ်ကိုဦးတည်ပြီး ရိုးသားဖြောင့်မတ်ခြင်း၊ ကိုယ်ကျိုးစွန့်အနစ်နာခံခြင်းတို့ဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် လက်တွေ့ကျင့်သုံးဆောင်ရွက်ရန်အရေးကြီးကြောင်းကိုလည်း တိုက်တွန်းရေးသားထားသည်။ ထို့အပြင် အာဏာပိုင်များဘက်မှလည်း ကြေညာချက်အမှတ် (၂/၂၀၀၇) ကို ထုတ်ပြန်လျက် ဒေါ်အောင်ဆန်းစုကြည်နှင့်လုပ်ငန်းစဉ်များဆွေးနွေးဆောင်ရွက်ရန် အလုပ်သမားဝန်ကြီး ဦးအောင်ကြည်အား ဆက်ဆံရေးဝန်ကြီးအဖြစ်ခန့်အပ်ခဲ့ခြင်း၊ မစ္စတာဂမ်ဘာရီနှင့်လည်း တွေ့ဆုံခွင့်ပေးခဲ့ခြင်းများလည်းရှိနေသည့် ယခုအခြေအနေတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များကို ညှိနှိုင်းအဖြေရှာသင့်နေပြီဖြစ်ကြောင်း ဖော်ပြချက်တွင်ပါရှိသည်။

ထိုအာရုံသစ်စာစောင်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အခြေခံမူ (၇) ချက်အားဖော်ပြထားရာတွင် ပွင့်လင်းရိုးသားမှုနှင့် အပြန်အလှန်လေးစားလိုက်နာရေး၊ တမျိုးသားလုံးပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းချောမွေ့သောနည်းကိုအသုံးချရေး၊ အာဃာတကင်းစင်သော အထွေထွေသဟဇာတဖြစ်မှုကိုရှေ့ရှုရေး၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ နားလည်မှုရှိရေးနှင့်လေးစားရေးတို့ကို ဖော်ပြထားသည်။ ◆

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ကျင်းပခဲ့သည့် (၆၀) နှစ်ပြည့်လွတ်လပ်ရေးနေ့အခမ်းအနား

ဗိုလ်ချုပ်နဲ့ ဒေါ်စုပြောတဲ့...
အကောင်းဆုံးကိုမျှော်လင့်...
အဆိုးဆုံးအတွက်ပြင်ဆင်ထားတာ
ရရင်ရ...မရရင်ချ...လို့ပြောတာဖြစ်တယ်...

အယ်ဒီတာ့အာဘော် (မိုးကြိုးသတင်းစာ)

မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

အယ်ဒီတာ့အာဘော်

အကောင်းဆုံးကိုမျှော်လင့် အဆိုးဆုံးကိုပြင်ဆင်

နေအိမ်တွင်အကျယ်ချုပ်ချခံထားရသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်က သူမ၏အလုပ်အမှုဆောင်အဖွဲ့မှတဆင့် ပြည်သူလူထုကြီးအား အကောင်းဆုံးကိုမျှော်လင့်ရင်း အဆိုးဆုံးအတွက်လည်းပြင်ဆင်ထားရန် ဆော်ဩသွားကြောင်းသိရသည်။

စက်တင်ဘာလအတွင်း သံဃာများဦးဆောင်သော လူထုလှုပ်ရှားမှုကြီး၏အကျိုးဆက်အဖြစ် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖဆက်ဆံရေးဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်တို့၏ ပဏာမအဆင့် တွေ့ဆုံညှိနှိုင်းမှုများလည်း (၅) ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ယင်းဆွေးနွေးပွဲများမှတဆင့် အကောင်အထည် မယ်မယ်ရရရှိသော၊ အဓိပ္ပာယ်ပြည့်ဝသည့် နှစ်ဖက်တာဝန်ခံနိုင်သောအဆင့် ဆွေးနွေးပွဲများပေါ်ပေါက်လာရေးအတွက် မြန်မာပြည်သူများ သာမက နိုင်ငံတကာအသိုင်းအဝိုင်းကပါ ဝိုင်းဝန်းကြိုးပမ်းလျက်ရှိသည်။

နအဖစစ်အုပ်စုက မြန်မာပြည်အနာဂတ်အား လမ်းပြမြေပုံ (၇) ချက်အတိုင်း တသွေမတိမ်း အကောင်အထည်ဖော်သွားမည်ဟု အခိုင်အမာကြေညာထားသည်။ ပုဂ္ဂိုလ် (၅၄) ဦးပါဝင်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးကော်မရှင်ကိုဖွဲ့စည်းကာ လမ်းပြမြေပုံအဆင့် (၃) ကို အကောင်အထည်ဖော်နေသည်။ တဖက်မှလည်း ဖိနှိပ်မှုယန္တရားကို အစွမ်းကုန်အသုံးပြုပြီး ဒီရေအလားတိုးပွားလာနေသည့် ဒီမိုကရေစီရေးလှုပ်ရှားမှုများကို နှိမ်နင်းဖျက်ဆီးရန်ကြိုးပမ်းနေသည်။ နှစ်ဖက်နှစ်ဝ အပေးအယူမှုဖြင့် တိုင်းပြည်နှင့်လူမျိုး၏ မျက်နှာကိုထောက်ထား၍ ဆောင်ရွက်ရမည့်အစား စစ်အာဏာရှင်စနစ် ဆက်လက်တည်မြဲရေးအတွက်သာ မဖွယ်မရာလုပ်ဆောင်နေခြင်းများကို မယုံနိုင်လောက်အောင် အထင်အရှား တွေ့မြင်နေရသည်။

တဖက်တွင်မူ အဲန်အယ်လ်ဒီပါတီက ၂၀၀၈ ခုနှစ်အား အမျိုးသားပြန်လည်သင့်မြတ်ရေးနှစ်အဖြစ် သတ်မှတ်ကြေညာလိုက်သည်။ တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို ဆောင်ရွက်ပါရန်လည်း စစ်အုပ်စုအား အစဉ်မပြတ် တောင်းဆိုတိုက်တွန်းလျက်ရှိသည်။

တချိန်တည်းမှာပင် နအဖမှ တရားဝင်ထုတ်ပြန်ခဲ့သည့်အမိန့်ကြေညာချက် (၁/၉၀) အပိုဒ် (၂၀) တွင် ဖော်ပြထားသည့် "၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရန်တာဝန်ရှိသူများဖြစ်သည်" ဟူသောတာဝန်ကို ထမ်းဆောင်နိုင်ရေးအတွက်လည်း အဲန်အယ်လ်ဒီပါတီက အခြေခံအားဖြင့်ကြိုးပမ်းလျှက်ရှိသည်။

ထုတ်ပြန်ကြေညာချက်များ၊ သတင်းများအရ တွေ့ဆုံဆွေးနွေးပွဲနှင့်စပ်လျဉ်းသော အဲန်အယ်လ်ဒီ၏ 'တိုင်းရင်းသားအများစုကြီးလက်ခံနိုင်သော ရလဒ်ဖြစ်ရမည်။ သဘောတူညီမှုများမရသည့်တိုင် တွေ့ဆုံဆွေးနွေးပွဲများကို ရပ်ဆိုင်းမပစ်ဘဲ ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပြီး ရရှိသောသဘောတူညီချက်များကိုလည်းထုတ်ပြန်မည်' ဆိုသောသဘောထားမှာ အကြောင်းအကျိုးသင့်၍ လက်ခံနိုင်ဖွယ်ဖြစ်သည်ဟု ယူဆသည်။

မည်သို့ပင်ဖြစ်စေ တွေ့ဆုံဆွေးနွေးရေးဖြစ်စဉ် (Dialogue Process) ကား ဖြစ်ထွန်းနေပြီဖြစ်သည်။ ကြိုက်သူရော၊ မကြိုက်သူပါ ဤအချက်၌အငြင်းပွားဖွယ်မရှိ။ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော အဲန်အယ်လ်ဒီသည် တိုင်းပြည်အနာဂတ်အကျိုးမျှော်ကိုး၍ လုပ်ဆောင်သည်မှာယုံမှားဖွယ်မရှိ။ သို့သော် နအဖစစ်အုပ်စု၏ စစ်အာဏာရှင်လမ်းကြောင်းမှ တရွေ့သားမျှမရွေ့သောမူဝါဒကြောင့် တတိုင်းပြည်လုံး ကြိမ်မီးအုံးသကဲ့သို့ အတိဒုက္ခရောက်နေတော့မည်ဟု သေချာနေပြီဆိုပါက ...

ဤနေရာတွင် "ဆိုရေးရှိက ဆိုအပ်လှ၏" ဆိုသည့်အတိုင်း ...

လတ်တလောပို့ပေးလိုက်သော ဒေါ်အောင်ဆန်းစုကြည်မှ တိုင်းပြည်သို့ အမှာစကားကို ဤသို့ အဓိပ္ပာယ်ဖွင့်ဆိုလိုသည်။

"အကောင်းဆုံးအတွက်မျှော်လင့်၍ အဆိုးဆုံးအတွက်ပြင်ဆင်" ဆိုသည်မှာ "ရလျှင်ရ၊ မရလျှင်ချဖို့ပြင်" ဟုသာ အဓိပ္ပာယ်သက်ရောက်ပါကြောင်း ...။

မင်းအိုအို မိုးကြိုးပစ်မည်

မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အား လွှတ်မပေးပါက အာဆီယံပဋိညာဉ်တွင် လက်မှတ်ရေးထိုးမည်မဟုတ်ဟု ဖိလစ်ပိုင်သမတပြောဆို

မြန်မာဒီမိုကရေစီရေးပြောင်းလဲမှုများပြုလုပ်ပေးရန် ကတိပေးပြောကြားချက်များအရ ဒေါ်အောင်ဆန်းစုကြည်အားလွှတ်ပေးရန် ဖိလစ်ပိုင်သမတ အာရိုယိုက စစ်အစိုးရအား ထပ်မံတောင်းဆိုလိုက်သည်။

ဆွစ်ဇာလန်နိုင်ငံ၊ ဒါဗို့စ်တွင်ကျင်းပခဲ့သော ကမ္ဘာ့စီးပွားရေးနှီးနှောဖလှယ်ပွဲတွင်ပြောကြားလိုက်ခြင်းဖြစ်သည်။ အကယ်၍ ဒေါ်အောင်ဆန်းစုကြည်အားလွှတ်မပေးပါက ဖိလစ်ပိုင်အထက်လွှတ်တော်ကလည်း အာဆီယံပဋိညာဉ်စာတမ်းအား အတည်ပြုလက်မှတ်ထိုးပေးလိမ့်မည်မဟုတ်ကြောင်း အတိအလင်းကြေညာခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင်သမတ အာရိုယို

မြန်မာနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲနှင့် ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ခြင်းတို့သည် မြန်မာ့အရေးနှင့်ပတ်သက်သော ဖိလစ်ပိုင်နိုင်ငံ၏ရပ်တည်ချက်ဖြစ်ကြောင်းကိုလည်း အာရိုယိုကပြောသည်။ မြန်မာနိုင်ငံအနေနှင့် ယမန်နှစ်ကုန်ပိုင်းက စင်ကာပူတွင် အခြားအာဆီယံနိုင်ငံများနှင့်အတူ ပဋိညာဉ်စာတမ်းအား လက်မှတ်ရေးထိုးခဲ့စဉ်က နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ပါမည်ဆိုသည့် ကတိအတိုင်းလုပ်ဆောင်မည်ဆိုပါက ပထမအဆင့်အဖြစ် ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးရမည်ဖြစ်ကြောင်း သတိပေးပြောကြားလိုက်သည်။

"မြန်မာနိုင်ငံမှာ နိုင်ငံရေးအပြောင်းအလဲဖြစ်တာကိုမြင်ဖို့ ဆုံးဖြတ်ထားရုံသာမကဘူး၊ စစ်မှန်တဲ့နိုင်ငံရေးပြောင်းလဲမှုဖြစ်မလာရင်လည်း အာဆီယံပဋိညာဉ်ကို ဖိလစ်ပိုင်အထက်လွှတ်တော်အနေနဲ့ အတည်ပြုလက်မှတ်ရေးထိုးမှာမဟုတ်ပါဘူး။ ဒါကြောင့် အာဆီယံအနေနဲ့ ထိရောက်စစ်မှန်တဲ့အဖွဲ့အစည်းတခုဖြစ်ဖို့နဲ့ အောင်ဆန်းစုကြည်လွှတ်မြောက်ဖို့ ခက်ခဲတဲ့ရွေးချယ်မှုတွေကို အတူလက်တွဲဆောင်ရွက်ရမှာဖြစ်တယ်" ဟု အာရိုယိုကပြောသည်။

အာဆီယံနိုင်ငံများအားလုံး၊ တရားဝင်ဖွဲ့စည်းမှုဘောင်တခုတည်းအောက်တွင်ရှိစေရန် ထိုပဋိညာဉ်စာတမ်းအား လက်မှတ်ရေးထိုးခဲ့ကြသော်လည်း အဖွဲ့ဝင်တနိုင်ငံချင်းစီ၏အတည်ပြုချက် ရရှိရန်လိုအပ်နေသေးကြောင်းလည်းသိရှိရသည်။ ❖

အာရက်သစ်စာစောင်ထုတ်ဝေခြင်းပတ်သက်၍ အဖွဲ့ချုပ်ကို စာပေစိစစ်ရေး ဖိအားပေး

(၂၀၀၈) ဇန်နဝါရီလ (၄) ရက် လွတ်လပ်ရေးနေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လူငယ်အဖွဲ့မှ ထုတ်ဝေဖြန့်ချိခဲ့သည့် အာရက်သစ်စာစောင်နှင့်ပတ်သက်၍ စစ်အာဏာပိုင်များက အဲန်အယ်လ်ဒီဗဟိုအလုပ်အမှုဆောင်အဖွဲ့အား ခေါ်ယူစစ်ဆေးမေးမြန်းခြင်းများရှိခဲ့ကြောင်း သိရသည်။

အဲန်အယ်လ်ဒီပြောခွင့်ရပုဂ္ဂိုလ်ဖြစ်သည့် ဦးဉာဏ်ဝင်းမှ စီအိုင်းစီ၏ကိုယ်စား နအဖအာဏာပိုင်များနှင့် သွားရောက်တွေ့ဆုံခဲ့ပြီး မည်သည့်ကိစ္စများမေးမြန်းပြောဆိုခဲ့သည်ကို ထုတ်ဖော်ပြောဆိုခဲ့ခြင်းမရှိခဲ့ပေ။

ယင်းကဲ့သို့ ခေါ်ယူပြောဆိုခြင်းနှင့်ပတ်သက်၍ အဲန်အယ်လ်ဒီ၏ပြောခွင့်ရပုဂ္ဂိုလ်တဦးဖြစ်သည့် ဦးဟံသာမြင့်က "ဒီကိစ္စနဲ့ပတ်သက်ပြီး အာဏာပိုင်တွေပြောတာကတော့ နံရံကပ်စာစောင်လုပ်တာတော့လုပ်လို့ရပါတယ်။ ဒါပေမယ့် အွန်လိုင်းဖြစ်သွားတဲ့အတွက် ပုံနှိပ်အက်ဥပဒေနဲ့မညီဘူးတဲ့။ နိုင်ငံရေးပါတီတွေကို ပေးထားတဲ့ (နသ) ပုံနှိပ်ထုတ်ဝေခွင့်လည်း အဲန်အယ်လ်ဒီကို ပေးထားတာမရှိဘူး။ အဲ့ဒီ (နသ) မရှိတဲ့တွက် ထုတ်ဝေခွင့်မရှိဘူး။ အဲဒါကို ခေါ်ပြောတာလို့သိရပါတယ်" ဟု ပြောဆိုခဲ့သည်။

လက်ရှိစစ်အစိုးရကျင့်သုံးနေသည့် (၁၉၈၉) ခုနှစ် နဝတအစိုးရပြင်ဆင်သတ်မှတ်လိုက်သည့် ပုံနှိပ်ထုတ်ဝေခွင့် အက်ဥပဒေပုဒ်မ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၀)အရ ထောင်ဒဏ် (၁) နှစ်မှ (၇) နှစ်အထိလည်းကောင်း၊ ငွေဒဏ် ကျပ် (၃၀၀၀) မှ ကျပ် (၃၀၀၀၀) အထိလည်းကောင်း၊ ထောင်ဒဏ် ငွေဒဏ်နှစ်ရပ်စလုံးကိုသော်လည်းကောင်း ချမှတ်နိုင်သည်ဟု ရှေ့နေကြီး ဦးအောင်သိန်းက ပြောဆိုခဲ့သည်။

ဇန်နဝါရီလ (၄) ရက် လွတ်လပ်ရေးနှစ် (၆၀) ပြည့်တွင် အာရက်သစ်စာစောင်ကို နံရံကပ်စာစောင်အဖြစ် ပြုလုပ်ခဲ့ကြခြင်းဖြစ်ပြီး အင်တာနက်အွန်လိုင်းပေါ်သို့ ရောက်ရှိသွားသည့်အတွက် ယခုကဲ့သို့ ပြဿနာဖြစ်ပွားရခြင်းဖြစ်ကြောင်းသိရသည်။ ယင်းစာစောင်သည် စီအီးစီခွင့်ပြုချက်ဖြင့်ထုတ်ဝေခဲ့ခြင်းမဟုတ်ဘဲ သတင်းစာသင်တန်းသဘောမျိုးပြုလုပ်ရာမှပေါ်ထွက်လာခြင်းဖြစ်ကြောင်း၊ အင်တာနက်ပေါ်သို့ မည်သူတင်လိုက်သည်ကိုမသိရဘဲ အွန်လိုင်းပေါ်သို့ရောက်ရှိသွားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အာရက်သစ်စာစောင်တွင် အဲန်အယ်လ်ဒီ၏မူဝါဒများနှင့် ဒေါ်အောင်ဆန်းစုကြည်အား အီတလီနိုင်ငံရောမမြို့တော်ဝန်က ဂုဏ်ပြုသည့်သတင်းများအပါအဝင် အထိန်းသိမ်းခံထားရသည့် အဲန်အယ်လ်ဒီအဖွဲ့ဝင်များ၏ ရုံးထုတ်စာရင်း (၈၈) မျိုးဆက်ကျောင်းသားများအဖမ်းဆီးခံရသည့်သတင်း၊ အစာငတ်ခံဆန္ဒပြသူများသတင်းစသည့် စစ်အစိုးရ၏ လုပ်ရပ်များအား ထင်ဟပ်သောသတင်းဆောင်းပါးတချို့နှင့် စက်တင်ဘာလအတွင်း ငြိမ်းချမ်းစွာဆန္ဒပြပွဲအား စစ်အစိုးရမှ အကြမ်းဖက်နှိမ်နင်းမှုသတင်းများကို ဖော်ပြထားသည်။

လွန်ခဲ့သည့် (၁၈)နှစ်ခန့်က အဲန်အယ်လ်ဒီအဖွဲ့မှထုတ်ဝေခဲ့သည့် သတင်းလွှာစာစောင်ကိုလည်း စစ်အစိုးရက (၁၉၉၀) ခုနှစ်ကတည်းက ပိတ်ပင်ထားခဲ့ပြီးဖြစ်သည်။

စစ်အစိုးရ၏အကျဉ်းထောင်အတွင်းနှစ်ရှည်အကျဉ်းကျခံနေရသည့် သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင် ခွဲစိတ်ကုသမှုခံယူ

ဇန်နဝါရီ (၂၆)

အသက် (၇၈) နှစ်အရွယ်ရှိပြီဖြစ်သည့် သတင်းစာဆရာကြီး ဦးဝင်းတင်သည် ဇန်နဝါရီလ (၂၆) ရက်နေ့က ရန်ကုန်ဆေးရုံကြီးတွင် အူကျရောဂါဖြင့်ပင် ဒုတိယအကြိမ် ခွဲစိတ်ကုသမှုခံယူခဲ့ရသည်။

၁၉၈၉ ခုနှစ်မှစ၍ စစ်အစိုးရကို ဆန့်ကျင်ခဲ့သည့်အတွက် ထောင်တွင်းမှာပင် ပုဒ်မအမျိုးမျိုးတပ်ကာ ထောင်သက်တမ်း အကြိမ်ကြိမ်တိုးခြင်းကိုခံနေခဲ့ရသော ဆရာကြီးဦးဝင်းတင်သည် ထောင်တွင်း၌ နှလုံး၊ သွေးတိုး၊ ဆီးချိုနှင့်ကျောရိုးအဆစ် ကျဉ်းပေါင်းတက်သည့် ရောဂါဝေဒနာများကိုလည်း ခံစားနေရသည်။

နအဖစစ်အစိုးရအကျဉ်းထောင်အတွင်း နှစ်ရှည်အကျဉ်းကျခံနေရသည့်ဦးဝင်းတင်

ပြည်ပအခြေစိုက် မြန်မာသတင်းသမဂ္ဂ၏ အတွင်းရေးမှူးဖြစ်သူ ဦးစံမိုးဝေက "သူတို့မတရားချမှတ်ထားတဲ့ ထောင်သက်တမ်းကလည်း ကျော်နေပြီ။ အသက်အရွယ်အရရော၊ ကျန်းမာရေးအရပါ ဆရာဦးဝင်းတင်ကို အမြန်ဆုံးပြန်လွှတ်ပေးသင့်ပါတယ်''ဟု ပြောဆိုခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ စာနယ်ဇင်းအဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးအဖွဲ့များ၊ ဒီမိုကရေစီအင်အားစုများက ဦးဝင်းတင်အားပြန်လွှတ်ပေးရန် နှစ်အတော်ကြာကပင် တောင်းဆိုနေခဲ့သော်လည်း နအဖစစ်အုပ်စုက မထီမဲ့မြင်ပြုနေခဲ့သည်။

မြန်မာနိုင်ငံစာရေးဆရာများသမဂ္ဂ ဒုဥက္ကဋ္ဌနှင့် ဟံသာဝတီသတင်းစာ အယ်ဒီတာဟောင်းတဦးလည်းဖြစ်သည့် ဦးဝင်းတင်သည် အသက် (၆၀) ကျော် သက်ကြီးနိုင်ငံရေးအကျဉ်းသားတဦးဖြစ်ကြောင်း အေအေပီပီက ပြောဆိုခဲ့သည်။ အဲန်အယ်လ်ဒီမှ အသက် (၇၀) ကျော် ဦးလှမြင့်သန်း၊ ဦးကျော်ဆန်းနှင့် ရှမ်းပြည်ငြိမ်းချမ်းရေးကောင်စီမှ ဗိုလ်ချုပ်ဆေထင်၊ နေအိမ်အကျယ်ချုပ်ဘဝဖြင့် အသက် (၈၀) အရွယ်ရှိပြီဖြစ်သည့် အဲန်အယ်လ်ဒီဒုဥက္ကဋ္ဌ ဦးတင်ဦးတို့သည်လည်း သက်ကြီး နိုင်ငံရေးအကျဉ်းများဖြစ်သည်ဟု နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးကော်မတီမှ ဆိုခဲ့သည်။

ယခုအခါတွင် မြန်မာနိုင်ငံရှိ အကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသား ၁၈၅၀ ခန့်ရှိသည်ဟု သိရသည်။ ❖

အထိန်းသိမ်းခံထားရသူများ၏ကျန်းမာရေးအခြေအနေဆိုးရွား

နအဖစစ်အစိုးရ၏ အင်းစိန်အကျဉ်းထောင်အတွင်း အထိန်းသိမ်းခံနေရသည့် (၈၈) မျိုးဆက်ကျောင်းသားများအဖွဲ့မှ ကိုလှမျိုးနောင်၊ ကိုကျော်စိုး (တော်ကီ)၊ ရွှေသံစဉ်တေးဂီတအဖွဲ့ခေါင်းဆောင် ကိုဝင်းမော်နှင့် မန္တလေးအကျဉ်းထောင်အတွင်း အကျဉ်းကျခံနေရသည့် မကြွေးတိုင်၊ အဲန်အယ်လ်ဒီပါတီစည်းရုံးရေးကော်မတီ၏ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ဦးတို့၏ ကျန်းမာရေးအခြေအနေများဆိုးရွားလာသဖြင့် ဆေးရုံတင်ထားရကြောင်းသိရသည်။

လွန်ခဲ့သည့် (၂၀၀၇) ခုနှစ် အောက်တိုဘာလအတွင်း မျက်ကြည်လွှာစုတ်ပြဲသည့်ဝေဒနာကြောင့် ဘယ်ဘက်မျက်လုံးအားခွဲစိတ်ကုသရန် ဆေးခန်းသို့အထွက်တွင် ဖမ်းဆီးခံခဲ့ရသည့် ကိုလှမျိုးနောင်၏မျက်စိနှစ်ဘက်စလုံးသည် ယခုအခါကွယ်လုနီးပါးဖြစ်လာသဖြင့် အင်းစိန်ထောင်ဆေးရုံတွင်တင်ထားရကြောင်းသိရသည်။ နအဖစစ်အုပ်စုမှ ကိုလှမျိုးနောင်၏ မျက်စိအားခွဲစိတ်ကုသမှုများပြုလုပ်ပေးခဲ့သော်လည်း အောင်မြင်မှုမရရှိဘဲ အာရုံကြောထိခိုက်ခဲ့သည်။

ကိုဝင်းမော်မှာ စစ်ကြောရေးကာလအတွင်း ဦးခေါင်းသို့ရေစက်ချကာ ညှင်းပန်းနှိပ်စက်ခြင်းကိုခံခဲ့ရသည့်အတွက် အဆုတ်နာရောဂါဖြစ်ခဲ့ရပြီး အင်းစိန်ထောင်ဆေးရုံတွင် တက်ရောက်ကုသနေရသည်။ ကိုကျော်စိုးသည်လည်း စစ်ကြောရေးစခန်းအတွင်း ဦးခေါင်းအား အရိုက်ခံခဲ့ရသည့်ဒဏ်ကြောင့် ယခုအချိန်အထိ မူးဝေနေသည့်အတွက် အင်းစိန်ထောင်ဆေးရုံတွင် တက်ရောက်ကုသနေရသည်။

မကြွေးတိုင်၊ အဲန်အယ်လ်ဒီပါတီစည်းရုံးရေးကော်မတီ၏ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ဦးသည်လည်း အဆုတ်နှင့်ပတ်သက်သည့်ရောဂါဝေဒနာခံစားနေရသဖြင့် မန္တလေးဆေးရုံကြီးပေါ်တွင် တက်ရောက်၍ ဆေးကုသမှုခံယူနေရသည်။

(၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်သည့် ကိုမင်းကိုနိုင်မှာ သွားကိုက်ဝေဒနာကိုခံစားနေပြီး၊ ကိုကိုကြီးမှာလည်း အစာအိမ်ဝေဒနာကိုခံစားနေရကြောင်း ၎င်းတို့၏မိသားစုဝင်များမှတဆင့် သိရသည်။

မြန်မာစစ်အုပ်စုသည် လွန်ခဲ့သည့်ဩဂုတ်လမှစတင်၍ယနေ့အချိန်ထိ လူဦးရေ (၇၀၀) ကျော်ကိုဖမ်းဆီးထားပြီး အထိန်းသိမ်းခံနေရသူများမှာ ကျန်းမာရေးစောင့်ရှောက်မှုများမရကြောင်း ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) ၏ အတွင်းရေးမှူးဖြစ်သူ ဦးတိတ်နိုင်ကပြောဆိုခဲ့သည်။

❖

မင်းကိုနိုင်နှင့် ကိုကိုကြီးတို့အပါအဝင် ကျောင်းသားခေါင်းဆောင်များ ပုံနှိပ်ဥပဒေဖြင့် စွဲချက်တင်



ရှစ်ဆယ့်ရှစ်မျိုးဆက်ကျောင်းသားခေါင်းဆောင်များ

ဇန်နဝါရီ၊ (၂၅) ရက်

အင်းစိန်ထောင်တွင် ဖမ်းဆီးခံနေရသည့် (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်သည့် မင်းကိုနိုင်၊ ကိုကိုကြီး အပါအဝင် ခေါင်းဆောင် (၁၀) ဦးတို့ကို တရားမဝင်ပုံနှိပ်ထုတ်ဝေမှုနှင့် တရားစွဲဆိုပြီး ရမန်ယူထားကြောင်း (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်သူ ကိုစိုးထွန်းကပြောဆိုသည်။

မင်းကိုနိုင်အပါအဝင် (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များကို ပြီးခဲ့သည့် ဩဂုတ်လတွင်ဖြစ်ပွားခဲ့သည့် လောင်စာဆီဈေးချပေးရေးလမ်းလျှောက်ဆန္ဒပြပွဲအတွင်း နအဖစစ်အုပ်စုက ဖမ်းဆီးထားခြင်းဖြစ်သည်။

ယမန်ယူထားသည့် (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များမှာ ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုမြအေး၊ ကိုမာကီ၊ ကိုအောင်သူ၊ ကိုမင်းဇေယျ၊ ကိုဇော်ထက်ကိုကို၊ ကိုအောင်နိုင်၊ ကိုတင်ထူးအောင်တို့ဖြစ်ပြီး ၎င်းတို့အားလုံးကို အင်းစိန်ထောင်တွင်း အကျဉ်းချုံးနည်းဖြင့် ရုံးထုတ်ကာ ပုံနှိပ်ဥပဒေပုဒ်မ ၁၇၊ ၁၉ တို့နှင့် ရမန်ယူထားခြင်းဖြစ်ကြောင်း ကိုစိုးထွန်းက ဆိုသည်။

ထိုလုပ်ရပ်အပေါ် ကိုစိုးထွန်းက မတရားပုဒ်မများတပ်ပြီး ဖမ်းဆီးချုပ်နှောင်ထားခြင်းနှင့် ထောင်တွင်းအကျဉ်းချုံးနည်း တရားစီရင်မှုများရပ်တန့်ကရန် တောင်းဆိုလိုက်သည်။

လွတ်လပ်မှုနှင့် လူ့အခွင့်အရေးဆုံးရှုံးမှု အဆိုးဆုံးနိုင်ငံများထဲတွင်မြန်မာနိုင်ငံပါဝင်

နအဖစစ်အစိုးအရ၏ အုပ်ချုပ်မှုအောက်တွင်ရှိနေသည့် မြန်မာနိုင်ငံသည် နိုင်ငံရေးလွတ်လပ်မှုနှင့် ပြည်သူလူထု၏ အခွင့်အရေးများဆုံးရှုံးနေမှုများတွင် အဆိုးတကာ့အဆိုးဆုံးနိုင်ငံတခုအဖြစ် ဝါရှင်တန်အခြေစိုက် (Freedom House) အဖွဲ့မှ ထုတ်ပြန်ခဲ့သည့် ၂၀၀၈ ခုနှစ်၊ ကမ္ဘာ့နိုင်ငံများ၏ လွတ်လပ်မှုလျော့နည်းလာခြင်းအစီအရင်ခံစာတွင် ဖော်ပြထားသည်။

လွတ်လပ်ခွင့်ဆုံးရှုံးနေသည့် အဆိုးတကာ့အဆိုးဆုံးနိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံအပါအဝင် ကျူးဘား၊ မြောက်ကိုရီးယား၊ တပ်ခ်မင်နစ္စတန်၊ ဥဇဘက်ကစ္စတန်၊ လစ်ဗျား၊ ဆူဒန်နှင့် ဆိုမာလီးယားနိုင်ငံများလည်းပါဝင်သည်။ နိုင်ငံရေးအရ လွတ်လပ်မှုလျော့နည်းလာသည့်နိုင်ငံများတွင် ရုရှ၊ အီရန်၊ ပါကစ္စတန်၊ ဗင်နီဇွဲလားနှင့်တရုတ်နိုင်ငံတို့ကိုလည်း အစီအရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည်။

၂၀၀၇ ခုနှစ်တွင် အာရှဒေသ၏ အရေးကြီးဆုံး (၄) နိုင်ငံဖြစ်သည့် အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နှင့် သီရိလင်္ကာနိုင်ငံတို့တွင် စစ်အုပ်ချုပ်မှုပိုမိုတိုးမြင့်လာပြီး ပြည်သူလူထု၏အခွင့်အရေးများကို ကန့်သတ်မှုများပိုမိုများပြားလာသည့်အတွက် လွတ်လပ်မှုများဆုတ်ယုတ်လာသည့်နိုင်ငံများအဖြစ်သတ်မှတ်ခံရသည်။ အလားတူ ဖိလစ်ပိုင်၊ မြန်မာနှင့်မလေးရှားနိုင်ငံတို့ကိုလည်း စောင့်ကြည့်လေ့လာကာ လွတ်လပ်မှုများကျဆင်းလာသည့်နိုင်ငံများအဖြစ် အစီအရင်ခံစာတွင်ဖော်ပြထားခဲ့ခြင်းဖြစ်သည်။

ယခင်က မလွတ်လပ်သည့်နိုင်ငံများအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည့်ထိုင်းနိုင်ငံနှင့် တိုဂိုနိုင်ငံတို့ကိုမူ တစိတ်တပိုင်းလွတ်လပ်သည့်နိုင်ငံများအဖြစ် တိုးမြှင့်သတ်မှတ်ခြင်းခံခဲ့ရသည်။ နိုင်ငံပေါင်း (၄၃) နိုင်ငံမှာ မလွတ်လပ်သည့်နိုင်ငံများအဖြစ် သတ်မှတ်ခြင်းခံခဲ့ရပြီး ပါလက်စတိုင်းနိုင်ငံမှာ တစိတ်တပိုင်း မလွတ်လပ်သည့်နိုင်ငံအဖြစ် လျှော့ချသတ်မှတ်ခြင်းခံခဲ့ရသည်။

ပြီးခဲ့သည့် (၂၀၀၇) ခုနှစ်အတွင်း ပြုလုပ်ခဲ့သည့် စစ်တမ်းများအရ နိုင်ငံပေါင်း (၉၀) ကို လွတ်လပ်သည့်နိုင်ငံများအဖြစ် သတ်မှတ်ခဲ့ပြီး နိုင်ငံ (၆၀) ကို တစိတ်တပိုင်းလွတ်လပ်သည့်နိုင်ငံများအဖြစ် သတ်မှတ်ထားခဲ့သည်။

Freedom House အဖွဲ့ကြီးသည် ကမ္ဘာတဝန်းရှိ နိုင်ငံရေးလွတ်လပ်မှုအခြေအနေများနှင့် ပြည်သူလူထု၏အခွင့်အရေးအခြေအနေများကိုစောင့်ကြည့်ကာ ၁၉၇၂ ခုနှစ်မှစတင်ကာ အစီအရင်ခံစာထုတ်ပြန်ခဲ့သည်။

မြန်မာစစ်အုပ်စု၏မတရားဖမ်းဆီးမှုများနှင့် ပတ်သက်၍ စာပေနှင့်ဂီတအနုပညာရှင်များမှကြေညာချက်တစောင်ထုတ်ပြန်

ပြီးခဲ့သည့် ၂၀၀၇ ခုနှစ်၊ စက်တင်ဘာအံဝေ့လှုပ်ရှားမှုများအတွင်းတွင် ပူးပေါင်းပါဝင်ခဲ့သည်ဟုဆိုကာ မြန်မာစာပေနှင့်ဂီတအနုပညာရှင်များကို စစ်အစိုးရအာဏာပိုင်များက လိုက်လံဖမ်းဆီးမှုများပြုလုပ်နေခြင်းများအပေါ် စာပေနှင့်ဂီတအနုပညာရှင်များက ဇီဇင်ဘာ (၂) ရက်နေ့က သဘောထားကြေညာချက်တစောင်ထုတ်ပြန်ကြေညာခဲ့သည်။

စက်တင်ဘာအရေးအခင်းအတွင်း ဂျပန်သတင်းထောက်တင်ဂိုနာဂါအိကို နအဖစစ်တပ်မှပစ်သတ်ခဲ့ပြီးသည့်နောက်ပိုင်းမှစတင်၍ ယနေ့အချိန် (၃) လအတွင်းတွင် မြန်မာသတင်းစာ၊ စာနယ်ဇင်းသမားများကို ရာနှင့်ချီ၍ အဆက်မပြတ်ဖမ်းဆီးမှုများပြုလုပ်လျက်ရှိသည်။

စစ်ထောက်လှမ်းရေးနှင့် ရဲတပ်ဖွဲ့များမှ ဒီမိုကရေစီရေးအတွက်ဆန္ဒပြမှုများကို နှိမ်နင်းနေသည့်ဓာတ်ပုံများနှင့်ပတ်သက်၍ စာနယ်ဇင်းဓာတ်ပုံဆရာများကို လိုက်လံဖမ်းဆီးနေပြီး သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းသမား (၁၀) ဦးကိုလည်း ခြိမ်းခြောက်မှုများရှိနေခဲ့ပြီး စာနယ်ဇင်းအယ်ဒီတာများကိုလည်း အတင်းအဓမ္မနုတ်ထွက်ခိုင်းမှုများပြုလုပ်လျက်ရှိသည်။

သတင်းထောက် ကိုဇော်သက်ထွေး၊ ကာတွန်းဆရာအော်ပီကျယ်နှင့် စာရေးဆရာဖေမြင့်တို့အပါအဝင် သတင်းနှင့်စာနယ်ဇင်းသမား (၁၀) ဦးခန့်အား ပုံနှိပ်ထုတ်ဝေခွင့်နှင့် အင်တာဗျူးလုပ်ဆောင်မှုများကိုပိတ်ပင်ခဲ့သည်။ နိုင်ငံခြားမီဒီယာများနှင့် ဆက်စပ်လုပ်ကိုင်နေသည့် စာနယ်ဇင်းသမားများသည်လည်း ၎င်းတို့၏လုပ်ငန်းသုံးပစ္စည်းများကိုစွန့်ပစ်ပြီး ထွက်ပြေးတိမ်းရှောင်နေရသည်။

သတင်းနှင့်စာနယ်ဇင်းသမားနှစ်ဦးကိုလည်း ရုံးတင်တရားစွဲဆိုခြင်းမရှိဘဲ ဖမ်းဆီးထားသည့်အပြင် သတင်းစာဆရာကြီးဦးဝင်းတင်အပါအဝင် အခြားစာနယ်ဇင်းသမား (၆) ဦးမှာလည်း ယခုလက်ရှိထောင်ကျခံနေရဆဲဖြစ်သည်။ ယင်းလုပ်ရပ်များနှင့်ပတ်သက်၍ စာပေနှင့်ဂီတအနုပညာရှင်များအနေဖြင့် စစ်အုပ်စုအလိုကျဆောင်ရွက်နေမှုမှန်သမျှကို ရဟန်းရှင်လူ၊ ကျောင်းသားပြည်သူများနှင့်ပူးပေါင်းကာတိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင်ဖော်ပြထားသည်။

စက်တင်ဘာလနောက်ပိုင်း ဖမ်းဆီးနှိပ်စက်မှုများအတွင်းတွင် သတင်းစာ၊ စာနယ်ဇင်းသမားစာပေအနုပညာရှင် (၉) ဦးခန့်မှာလည်း နောက်ထပ်ဖိနှိပ်နှိပ်စက်မှုများခံရမည်ကိုစိုးရိမ်သည့်အတွက် ထိုင်း-မြန်မာနယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်နေရသည်။ ◆

လူထုအတွက်.. လူထုဖက်က... လူထုဒေါ်အမာ

အပိုင်း (၂)

ဝင်းတင့်ထွန်း

လူထုရပ်တည်ချက်နဲ့ လူထုဖက်က လူထုအတွက် စာပေတွေကို အိုကြီး အိုမပေမယ့် ကလောင်မချ တက်တက်ကြွကြွ ရေးသားဖော်ကျူးနေလိမ့်မယ်ဆိုတာတွေကို မှန်းမျှော်တွေးဆကြည့်မိရင်း စိတ်ထဲကနေဂါရဝပြုမိခဲ့တာကလည်း အကြိမ်ကြိမ် ပါပဲ။ ကျနော်တို့ကိုယ်တိုင် နိုင်ငံရေးစာပေတွေကို အသည်းအသန်ဖတ်စအရွယ် ...

စကားမှာတောင် ချိုသာယဉ်ကျေးတဲ့ အခေါ်အဝေါ် အသုံးအနှုန်းတွေနဲ့ 'မန်းစကား' ဆိုတာ ထူးခြားတဲ့ကိုယ်ပိုင်ဟန်ရှိတယ်မဟုတ်လား။

ဆရာစွမ်း (ဆရာမောင်စွမ်းရည်) ကတော့ မန္တလေးသူဖြစ်တဲ့ အမေလူထုဒေါ်အမာရဲ့ရေးဟန်ကို 'မန်းသံအပြည့်နဲ့ အသုံးထူးအလင်္ကာတွေ ဝေဝေဆာဆာနဲ့ ပြန်းပြန်းကွဲရေးလေ့ရှိတယ်' လို့ မှတ်ချက်ပြုဖေါ်ပြခဲ့ဖူးပါတယ်။ ဟုတ်ပါတယ်။ အမေလူထု ဒေါ်အမာရဲ့ရေးဟန်ဟာ မန်းသံမန်းဟန်အပြည့်နဲ့ တကယ့်ကို ထူးထူးခြားခြားကိုယ်ပိုင်ဟန်ရှိတဲ့ရေးဟန်ပါ။ မန္တလေးဟာ ဗမာဘုရင်ခေတ်ရဲ့ နောက်ဆုံးနန်းစိုက်ခဲ့ရာ မင်းနေပြည်မြို့တော်ကြီးတခု ဖြစ်ခဲ့လေတော့ တချို့ကတော့ 'မန်းဟန်' 'မန်းသံ' ဆိုတာ 'နန်းဆန်' တာလို့ပဲ မြင်ချင်မြင်ကြနိုင်ပါတယ်။ အမေလူထုဒေါ်အမာရဲ့ မန်းသံ မန်းဟန်ကတော့၊ ကျနော့်အမြင်မှာ အင်မတန်ကို 'လူထုဆန်' ပါတယ်။ လူထုကြားမှာ လူထုတွေနေ့စဉ်သုံးစွဲပြောဆိုနေကြတဲ့ လူထုသုံးစကားတွေနဲ့ပဲ ဝေဝေဆာဆာဖြစ်အောင် ပေါ်ပေါ်လွင်လွင်ဖြစ်အောင် ရေးသားဖေါ်ကျူးပြလေ့ရှိပါတယ်။ လူထုကြား ခိုင်းနှိုင်း ပြောဆိုသုံးစွဲနေကြတဲ့ ပြောထုံးဆိုထုံးလေးတွေ စကားပုံလေးတွေ ဆိုရိုးစကားလေးတွေ ဒေသိယလေလေးတွေ လူထုအလင်္ကာလေးတွေကတော့ သူ့နေရာနဲ့သူ၊ 'ဂွင်' ကိုကျလို့ပေါ့။ တမင်ဟန်လုပ်ပြီး ရေးထားတာမဟုတ်ဘဲ၊ ရင်ထဲကလာတဲ့အသံနဲ့ ရေးထားတဲ့ အမေရဲ့လက်ရာတွေဟာ အမေဝမ်းစာဘယ်လောက်ရှိတယ်ဆိုတာ ဝေါဟာရတွေဘယ်လောက်ကြွယ်တယ်ဆိုတာ အမျိုးသားယဉ်ကျေးမှုအနှစ်သာရနဲ့ ဘယ်လောက်တသားတည်းဖြစ်နေသလဲဆိုတာ လှစ်ကနဲ လှစ်ကနဲ ထင်ဟပ်ပြနေသလိုပါပဲ။

အမေလူထုဒေါ်အမာဟာ စာပေနယ်မှာ သူကိုယ်တိုင် အင်မတန်အရိပ်အာဝါသကြီးတဲ့ စာပေပင်ရိပ်ကြီး တပင်ဖြစ်နေပေမဲ့ နောက်ထပ် နောက်ထပ်သော စာပေပင်ရိပ်ပျို ပင်ရိပ်ငယ်လေးတွေရဲ့ အဆက်မပြတ် ဖွံ့ဖြိုးကြီးထွားတိုးတက်လာရေးကိုလဲ ဂရုတစိုက်အရေးတယူ ဖေးကူလမ်းပြ သွန်သင်တတ်လေ့ရှိတာ သတိထားမိပါတယ်။

(၃)

သူ့မြေးအရွယ်လောက်ပဲရှိမယ့် 'ချောအိမာန်' ဆိုတဲ့ မန္တလေးသူ ကလောင်ရှင်မလေးရဲ့ 'ကောင်းကင်အနမ်း' ဆိုတဲ့ စာအုပ်ကလေးအတွက် အမှာစကားရေးသားချီးမြှင့်ပေးရာမှာ အမေလူထုဒေါ်အမာက....

'အမေလျှောက်ခဲ့တဲ့လမ်းကို ခေတ်လူငယ်တယောက်အနေနဲ့ လျှောက်ဖော်ရတဲ့အတွက် အမေအရမ်းဝမ်းသာတယ်။ စာကစေတနာနဲ့ များများရေးလေ ကောင်းလေလေပဲ၊ ဟန်လုပ်ပြီးရေးရင် မကောင်းတော့ဘူး။

အမေမှာချင်တာကတော့ လူငယ်တွေ စာတွေများများဖတ်ပြီး၊ စာတွေများများရေးကြပါလို့.........'တဲ့။

လူငယ်တွေ စာတွေများများဖတ်ပြီး စာတွေများများရေးကြမှာကို လိုလိုလားလား ရှိလွန်းလှတဲ့ အမေလူထုဒေါ်အမာဟာ ကိုယ်တိုင်လဲ စာတွေများများဖတ်ပြီး များများရေးနိုင်ခဲ့သူဖြစ်ပါတယ်။ အမေရေးခဲ့တဲ့ စာတွေ နည်းရော့သလား။ လူထုဂျာနယ်၊ လူထုသတင်းစာ ပုံမှန်ထုတ်ဝေနေတုန်းကတည်းက ညနက်သန်းကောင်အထိ စာတွေဖတ်၊ ပရုဖ်တွေပါဖတ်ရလွန်းလို့ အသက် (၃၉) နှစ်လောက်ကတည်းက မျက်မှန်စတပ်ခဲ့ရတဲ့ အမေဟာ အိုကြီးအိုမအရွယ်အထိလည်း စာတွေဖတ်၊ စာတွေရေးနေလိုက်တာ အားကျစရာပါပဲ။

ကျနော်တို့က အမေလူထုဒေါ်အမာကို သည့်ထက် အသက်ရာကျော်ရှည်စေချင်ပြီး လူထုအတွက် လူထုဖက်က အမေ့စာတွေကို ဒီထက်များနိုင်သမျှများလေ၊ ကောင်းလေ ဖတ်ချင်ပေမယ့် မတရားအာဏာယူထားတဲ့ လူထုကလုံးဝမကြည်ဖြူတဲ့ နအဖစစ်အစိုးရနဲ့ စစ်အစိုးရရဲ့ လက်ကိုင်ဒုတ်တွေ ကပ်ဖားရပ်ဖား လူရမ်းကားတွေကတော့ အမေ့ကို မလိုမုန်းထား ရန်ငြိုးထားရင်း အမေ့စာတွေအပေါ် မရှုစိမ့်နိုင်ရုံမက၊ တတ်နိုင်ရင်အမေ့ကို မြန်မြန်သေစေချင်နေကြတဲ့အထိတောင် အကုသိုလ်ပွားနေကြတာကိုလဲ ကြားနေသိနေရပါတယ်။ လွန်ခဲ့တဲ့ (၁၀) နှစ်လောက် ၁၉၉၇ ခုနှစ်လောက်တုန်းကလဲ အသက် (၈၂) နှစ်အရွယ်မှာ ရာသီဥတုကပူလောင်လွန်းလို့ မေမြို့တက်နေရရှာတဲ့ အမေ့ကို နအဖဖက်ကသူတောင်းစားတွေက 'ဒေါ်အမာအိမ်မှာရှိသလား'လို့ သုံးကြိမ်လောက် ဖုန်းဆက်မေးရုံနဲ့တောင်အားမရလို့ အိမ်အထိတောင်လာပြီး 'ဒေါ်အမာသေတယ်ကြားလို့ ဟုတ်သလား'လို့ လာမေးခဲ့ကြဆိုပဲ။ အမရပူရ တောင်လေးလုံးကျောင်းက ဆရာတော်ဦးပညာဆီကိုလည်း 'ဒေါ်အမာသေတယ်ကြားတယ်။ ဟုတ်သလား' လို့ မေးတဲ့သူကလာမေးကြသေးတယ်ဆိုပဲ။ အဲဒီတုန်းက အဖြစ်အပျက်ကိုတော့ အမေလူထုဒေါ်အမာကိုယ်တိုင် ပင်တိုင်ရေးနေတဲ့ 'မိုးဂျာနယ်' ကနေ 'တုံးကျော်မ'ဆိုပြီး ပြန်ရေးပြခဲ့ဖူးတာ ကျနော်တို့ဖတ်ရဖူးပါတယ်။ ဒါကြောင့် ၂၀၀၅ ခုနှစ်က အမေ့အသက် (၉၀) ပြည့်အဖြစ် တောင်သမန်အင်းစောင်းက ကိုပညာရဲ့ တောင်လေးလုံးကျောင်းမှာ အခမ်းအနားပွဲလုပ်ကြတဲ့အခါ အရင်က 'လမင်းတရာအငြိမ့်'ကို ခေါင်းဆောင်ကခဲ့တဲ့ မငွေးငွေးမြင့် (ပန်တျာငွေးငွေးမြင့်) က အမေ့ရဲ့ရှေ့မှောက်မှာပဲ ပထမဆုံးဂုဏ်ပြုအဖွင့်အဖြစ် နာမည်ကျော်လေဘာတီရဲ့ 'တုံးကျော်မ' သီချင်းကို သီဆိုပြီးဂါရဝပြု ဖွင့်လှစ်ပေးခဲ့တာကိုလည်း ဗွီစီဒီအပြားပေါ်ကနေတဆင့် ကျနော်တို့မှတ်မှတ်ရရ ကြည့်လိုက်ရဖူးပါတယ်။ အမေက အတီးမပါ အဆိုပိုင်ပိုင်နဲ့ သီဆိုပြသွားတဲ့ မငွေးငွေးမြင့်ရဲ့ တုံးကျော်မသီချင်းကိုနားဆင်ရင်း လှလှပပကြီးပြုံးလို့မဟုတ်လား။ ဟော.... မကြာသေးခင်တလောလောက်ကပဲ မန္တလေးမှာ နအဖဘက်သား လူရမ်းကားနွယ်ဝင် မသမာအဖွဲ့ဝင်တချို့က အမေလူထုဒေါ်အမာကို အောက်လမ်းနည်းတွေနဲ့ ဟိုလိုလို ဒီလိုလို စကားတင်းဆိုလာကြတဲ့အသံတွေ တကျော့ပြန်ထွက်ပေါ်လာတာ ကြားလိုက်ရပြန်ပါတယ်။

အမေ့ကလောင်ကို ရောင်ခြည်မထွက်နိုင်အောင် အမှောင်ချပိတ်ကြပင်ကြဦးမလားတောင်မသိပါဘူး။

ဘာပဲဖြစ်ဖြစ် အမေကတော့ သတ္တိရှိရှိ နှလုံးသွေးနဲ့ တုံးကျော်မသီချင်းသံကို နားဆင်ရင်း လှလှပပကြီးပြုံးနေဦးမှာပါပဲ။

အမေလူထုဒေါ်အမာဟာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ မွေးသက္ကရာဇ်အတူတူ တခုတည်းဖွား၊ ၁၉၁၅ ခုနှစ်ဖွားဆိုတော့ ဒီနှစ်ဆိုရင် အသက် (၉၂) နှစ်တောင်ရှိပါပြီ။ မကြာမီရက်ပိုင်းအတွင်း နိုဝင်ဘာ (၂၉) ရက်နေ့ဆိုရင် အသက် (၉၂) နှစ်တင်းတင်းကြီးပြည့်တော့မှာပါ။

နှစ်စဉ်လိုလို မွေးနေ့ကျင်းပနေကျ တောင်သမန်အင်းစောင်းက တောင်လေးလုံးကျောင်းမှာ အသက် (၉၀) ပြည့်ပွဲကို ၂၀၀၅ ခုနှစ်က ကျင်းပနိုင်ခဲ့ပေမယ့် မနှစ်က ၂၀၀၆ ခုနှစ်ကတော့ အသက် (၉၁) နှစ်ပြည့်ပွဲကို ကျင်းပနိုင်ခွင့်ပိတ်ပင်ခံခဲ့ရပါတယ်။ ဒီနှစ်ကော ကျင်းပနိုင်ခွင့်ရပါ့မလား။

ဒီနှစ်ဟာ အမေလူထုဒေါ်အမာရဲ့ အသက် (၉၂) မြောက်ဖြစ်သလို အမေလူထုဒေါ်အမာရဲ့ အမေကိုယ်တိုင်ခေါင်းစဉ်းတပ်ပြီး မကြာမကြာရေးဖွဲ့လေ့ရှိတဲ့ (ငယ်ကကျွမ်းတဲ့ ခင်ပွန်းသည်သို့) ဆိုတဲ့ ငယ်ကကျွမ်းတဲ့ခင်ပွန်းသည် လူထုဦးလှကွယ်လွန်ခဲ့တာ (၂၅) နှစ်မြောက်လည်းဖြစ်ပါတယ်။ ၁၉၈၂ ခုနှစ်၊ ဩဂုတ်လ (၇) ရက်နေ့က ကွယ်လွန်ဆုံးပါးသွားခဲ့ရတဲ့ လူထုဦးလှဟာ ၁၉၁၀ ပြည့် ဇန်နဝါရီ (၁၉) ရက်နေ့ဖွားပါ။ အခုချိန်အထိရှိဦးမယ်ဆိုရင် (၉၇) နှစ်တောင်ကျော်ပြီပေါ့။ နောက် (၂) နှစ်ကျော်ကျော် ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလထဲဆိုရင် လူထုဦးလှရာပြည့်ပေါ့။ ကျနော်တို့တော့ လူထုဦးလှရာပြည့်ပွဲကို အမေလူထုဒေါ်အမာကိုယ်တိုင်ဦးစီးကျင်းပသွားတာမြင်ချင်သလို အမေကိုယ်တိုင် အမေ့ရာပြည့်ပွဲကို မျက်ဝါးထင်ထင် တွေ့မြင်သွားရေးကိုလည်း တမ်းတမ်းတတ ဆန္ဒပြုမိနေပါတယ်။

ကျနော်ဟာ အမေလူထုဒေါ်အမာရဲ့ စာတွေနဲ့ ငယ်ငယ်ကတည်းက ကပ်လျက်သားတွေ့ရတာကတော့ အမေ 'လူထုဒေါ်အမာ'ပါပဲ။ အမေလူထုဒေါ်အမာ နာမည်နဲ့ လူထုဒေါ်အမာကိုယ်စားဆိုပြီး ဆရာလူထုဦးစိန်ဝင်းကပဲ လက်မှတ်ထိုးထားပါတယ်။ 'လူထုဒေါ်အမာရဲ့ဖုန်းနဲ့လှမ်းပြီး အကြောင်းကြားချက်အရ' ဆိုပြီးလည်း ဆရာလူထုဦးစိန်ဝင်းက ဖော်ပြရေးသားထားပြီး လက်မှတ်ရေးထိုးထားတာဖြစ်ပါတယ်။ ကျနော့်ရင်ထဲမှာ လှိုက်ကနဲခုန်သွားရပြန်ပါတယ်။ အမေလူထုဒေါ်အမာဆိုတာ အဲဒီလိုအမေမျိုးပါကလား။ လူထုအရေး လူထုတိုက်ပွဲတွေနဲ့ ပတ်သက်ရင် ဘယ်နေရာကပဲဖြစ်ဖြစ်၊ ရှိရာနေရာကြားရာအရပ်ကနေ တက်တက်ကြွကြွ ပါဝင်ပူးပေါင်းတတ်သူပါကလား။ လူထုအရေးအတွက် လူထုဖက်ကနေ လူထုတိုက်ပွဲတွေနဲ့အစဉ်ထာဝရ တသားတည်းကျနေတတ်သူမျိုးပါကလားလို့ မှတ်မှတ်သားသားဖြစ်ခဲ့ရပါတယ်။ ကျနော်ဟာ အမေတို့ လူထုဦးစိန်ဝင်းတို့ရဲ့ အောက်ခြေကပ်လျက်သားကနေ ဂုဏ်ယူစွာနဲ့လက်မှတ်ရေးထိုးခဲ့ဖြစ်ပါတယ်။ ကျနော်ပြီးတော့ အဲဒီစာရွက်ပေါ်မှာပဲ အဲဒီနေရာနားမှာပဲ လက်မှတ်ထိုးပေးသူကတော့ ကာတွန်းကိုဝင်းထွန်း (အခုပြည်ပရောက် ကာတွန်း မစ္စတာဘားမား) လို့ပဲ စိတ်ထဲမှာစွဲထင်မှတ်မိနေပါတယ်။ အမေနဲ့လူချင်း နောက်ဆုံးတွေ့ဆုံဖြစ်ခဲ့တာကတော့ ၁၉၈၈ ခုနှစ်အကုန် (၈၉) ခုနှစ် ဆန်းကာစထဲမှာပါပဲ။

အမေ့ရဲ့အိမ်၊ အမေ့ရဲ့'လူထု' တိုက်ထဲမှာပဲ သွားရောက်တွေ့ဆုံခဲ့ရတာဖြစ်ပါတယ်။ ကျနော်တို့ အကိုကြီးကိုလှရွှေတို့ပါ ပါဝင်ဖွဲ့စည်းဖြစ်ခဲ့ကြတဲ့ ပြည်သူ့တိုးတက်ရေးပါတီပေါ်ပေါက်ပြီးစ သိပ်တောင်ကာလမကြာမြင့်လှသေးတဲ့အချိန်အတောအတွင်းမှာပါပဲ။ မှတ်မှတ်ရရနှင်းတွေဝေနေဆဲ ဆောင်းကာလကြီးအတွင်းမှာပါပဲ။

မန္တလေးသား ရဲဘော်ကြီးတဦးနဲ့အတူ အမေ့အိမ်ကို ရောက်အောင်သွားခဲ့ကြတာပါ။ လူထုတိုက်ရဲ့ ဧည့်ခန်းလေးအတွင်း ကျနော်တို့ ကိုလှရွှေတို့ရောက်ရှိသွားချိန်မှာ အမေက အပြုံးလှလှလေးနဲ့ကြိုဆိုပါတယ်။

ဘေးနားမှာ ဖတ်လက်စလို့ ထင်ရတဲ့ စာအုပ်တအုပ်နဲ့ အဲဒီစာအုပ်လေးပေါ်မှာ မျက်မှန်လေးတလက် တင်ထားတာလည်း တွေ့ရပါတယ်။ အဲဒီကျတော့မှပဲ ကျနော်က အမေ့မျက်နှာကို သေသေချာချာသတိထားပြီး ကြည့်မိပါတယ်။ အသက်အရွယ် တော်တော်ကြီးနေပြီဖြစ်ပေမယ့် အမေ့ရဲ့မျက်နှာဟာ အိုကြီးအိုမနဲ့ ဇရာထောင်းနေတဲ့ပုံ အားအင်ကုန်ခမ်း ညိုးနွမ်းဖျော့တော့နေတဲ့ပုံ မပေါက်သေးပါ။

ကျနော်က အမေလူထုဒေါ်အမာကိုယ်တိုင် တချိန်ကရေးဖွဲ့ပြခဲ့ဖူးတာလို့ စိတ်ထဲမှာ ရေးတေးတေးထင်နေတဲ့ ဆရာကြီးသခင်

စာမျက်နှာ (၁၄) ကော်လံ (၁) သို့...

ဥရောပသမဂ္ဂ အထူးကိုယ်စားလှယ်က မြန်မာ့အရေးကို နိုင်ငံတကာမှ ဦးစားပေးအဆင့်ထားရှိစေလိုကြောင်းပြော

ဥရောပသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာပီယာရိုဖက်စီနိုသည် မြန်မာ့အရေးကိစ္စများတွင် မြန်မာစစ်အုပ်စုနှင့်အတိုက်အခံအင်အားစုများအကြား စစ်မှန်သောတွေ့ဆုံဆွေးနွေးရေးများဖြစ်မြောက်လာစေရန် အာရှနိုင်ငံအားလုံးက သံတမန်နည်းဖြင့် ဖိအားပေးမှုများလုပ်ဆောင်ရေးသည် အဓိကကျကြောင်းပြောသည်။

ဥရောပသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာပီယာရိုဖက်စီနို

မစ္စတာဖက်စီနိုက ၎င်းတို့၏အဓိကရည်မှန်းချက်မှာ နိုဗယ်လ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးဖြစ်ပြီး ၎င်း၏သဘောဆန္ဒသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မစ္စတာဘန်ကီမွန်း၊ မြန်မာနိုင်ငံဆိုင်ရာကုလအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီတို့နှင့် အတူတူပင်ဖြစ်သောကြောင့် ဆက်လက်၍ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောခဲ့သည်။

မစ္စတာပီယာရိုဖက်စီနိုက လာမည့်နှစ်လအတွင်း အိန္ဒိယ၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများသို့သွား၍ မြန်မာ့အရေးတိုးတက်လာရေး စစ်အုပ်စုအားဖိအားပေးရန်ကိစ္စများကို ဆွေးနွေးမှုများပြုလုပ်ရန်စီစဉ်နေသည်ဟုလည်း တရားဝင်ထုတ်ဖော်ပြောကြားလိုက်သည်။ ဒီဇင်ဘာလတွင်လည်း စစ်အစိုးရအားဖိအားပေးရာတွင် တရုတ်နိုင်ငံပါဝင်လာရေးပူးပေါင်းဆောင်ရွက်မှုများအတွက် တရုတ်ပြည်သို့သွားရောက်ဆွေးနွေးဦးမည်ဖြစ်ကြောင်းပြောသည်။

အီတလီနိုင်ငံတရားရေးဝန်ကြီးဟောင်း မစ္စတာပီယာရိုဖက်စီနိုသည် ပြီးခဲ့သည့်နိုဝင်ဘာလမှစ၍ မြန်မာနိုင်ငံဆိုင်ရာဥရောပသမဂ္ဂအထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းခံရသူဖြစ်သည်။

ထို့အတူ မစ္စတာဂမ်ဘာရီကလည်း မြန်မာနိုင်ငံသို့ တတိယခရီးစဉ်မတိုင်မီ နယူးဒေလီနှင့်ဘီဂျင်းသို့ မကြာမီသွားရောက်ရန် စီစဉ်ထားကြောင်းလည်းသိရသည်။

ဤကဲ့သို့ ကုလသမဂ္ဂနှင့်ဥရောပသမဂ္ဂတို့မှ မြန်မာ့ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများဖွံ့ဖြိုးလာစေရေးနှင့် စစ်မှန်သောတွေ့ဆုံဆွေးနွေးပွဲများဖြစ်မြောက်လာစေရေး မနားမနေကြိုးပမ်းဆောင်ရွက်နေစဉ် စင်ကာပူနိုင်ငံကိုတည်ထောင်ခဲ့သော မစ္စတာလီကွမ်းယုကမူ မြန်မာနိုင်ငံပြဿနာများ ကြားဝင်ဖြေရှင်းပေးရေးအား စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း အနှစ်လေးဆယ်မြောက် အရှေ့တောင်အာရှလေ့လာရေးအဖွဲ့တွေ့ဆုံပွဲတွင် ပြောကြားလိုက်သည်။

ထိုသို့ပြောကြားရခြင်းမှာ နအဖဗိုလ်ချုပ်ကြီးများက ပြောင်းလဲမှုကိုလုံးဝမလိုလားသူများဖြစ်နေသောကြောင့်ဖြစ်သည်ဟု ထည့်သွင်းပြောကြားခဲ့သည်။ ဆက်လက်၍ အာဆီယံနိုင်ငံများအနေနှင့်လည်း နအဖစစ်အစိုးရအပေါ် ဆက်ဆံရေးအဆင့်ကိုလျှော့ချနေခြင်းကြောင့် ဩဇာလွှမ်းမိုးမှုမှာလည်း အနည်းငယ်မျှသာရှိသည်ဟုဆိုသည်။ ❖

မြန်မာနိုင်ငံ၌ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး နှေးကွေးလျက်ရှိဟု လုံခြုံရေးကောင်စီပြောဆို

အောက်တိုဘာကြေညာချက်၌ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်မှန်သည့်တွေ့ဆုံဆွေးနွေးရေးလုပ်ဆောင်ရန် သက်ဆိုင်သူအားလုံးပါဝင်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေး ဖော်ဆောင်ရန်နှင့် စက်တင်ဘာအရေးအခင်းအတွင်း အဖမ်းအဆီးခံခဲ့ရသူများနှင့် နိုင်ငံရေးအကျဉ်းသားများအား လုံးပြန်လွှတ်ပေးရန် လုံခြုံရေးကောင်စီမှတောင်းဆိုခဲ့သည် ...။

(၂၀၀၈) ခု ဇန်နဝါရီ (၁၇) ရက်နေ့ ကကျင်းပခဲ့သည့် လုံခြုံရေးကောင်စီ၏ တံခါးပိတ်အစည်းအဝေးပွဲတွင် မြန်မာနိုင်ငံ၏ဒီမိုကရေစီရေးပြုပြင်ပြောင်းလဲမှုသည် အလွန်နှေးကွေးလျက်ရှိပြီး တိုးတက်မှုရရှိစေရန် ကုလသမဂ္ဂ၏အထူးကိုယ်စားလှယ် မစ္စတာအီဘရာဟင်ဂမ်ဘာရီအနေဖြင့် မြန်မာနိုင်ငံသို့ အမြန်ဆုံးပြန်လည်သွားရောက်ရမည်ဖြစ်ကြောင်း အစည်းအဝေးတွင်ကြေညာခဲ့သည်။

လုံခြုံရေးကောင်စီတွင် အလှည့်ကျဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့ရသည့် လစ်ဗျားသံအမတ် ဂျီရာဒါလာအီတယ်လ်ဟီက "လုံခြုံရေးကောင်စီဥက္ကဋ္ဌရဲ့ (၂၀၀၇) အောက်တိုဘာ (၁၁) ကြေညာချက်ပါရည်မှန်းချက်တွေကို လုံခြုံရေးကောင်စီအဖွဲ့ဝင်တွေက ထောက်ခံတဲ့အကြောင်း အခိုင်အမာထပ်လောင်းပြောဆိုပါတယ်။ အဲ့ဒီရည်မှန်းချက်တွေပြည့်မီဖို့၊ တိုးတက်မှုနှေးကွေးနေတာကို စိတ်မကောင်းဖြစ်ရကြရတယ်"ဟု ကြေညာချက်တွင်ဖော်ပြထားခဲ့သည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာကြေညာချက်၌ ဒေါ်အောင်ဆန်းစုကြည်နှင့်စစ်မှန်သည့်တွေ့ဆုံဆွေးနွေးရေးလုပ်ဆောင်ရန် သက်ဆိုင်သူအားလုံးပါဝင်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးဖော်ဆောင်ရန်နှင့် စက်တင်ဘာအရေးအခင်းအတွင်း အဖမ်းအဆီးခံခဲ့ရသူများနှင့် နိုင်ငံရေးအကျဉ်းသားများအားလုံးပြန်လွှတ်ပေးရန် လုံခြုံရေးကောင်စီမှတောင်းဆိုခဲ့သည်။

မစ္စတာဂမ်ဘာရီအနေဖြင့် ယခုလအတွင်း မြန်မာနိုင်ငံသို့သွားရန် အစီအစဉ်ရှိသော်လည်း မြန်မာစစ်အစိုးရမှ ဧပြီလလည်းမှလာရောက်ရန်အကြောင်းကြားထားသဖြင့် သွားရမည့်ရက်အား ပြန်လည်ညှိနှိုင်းနေဆဲဖြစ်ကြောင်း၊ ဆွေးနွေးစရာကိစ္စအများ အပြားရှိနေသဖြင့် အစောဆုံးသွားရောက်ခြင်းသည် အကောင်းဆုံးဖြစ်ကြောင်းကိုလည်း လုံခြုံရေးကောင်စီအစည်းအဝေးအပြီးတွင် ပြောဆိုခဲ့သည်။ မြန်မာအာဏာပိုင်များအနေဖြင့်လည်း အခြေခံဥပဒေ၊ နိုင်ငံရေးအကျဉ်းသားအားလုံး၏ လွတ်လပ်ခွင့်၊ ပြည်သူများကြားဖြစ်ပေါ်နေသည့် မကျေနပ်ချက် အခြေခံအကြောင်းရင်းများနှင့် ပတ်သက်၍လည်း သိသာထင်ရှားသည့်တိုးတက်မှုများရရှိအောင်ဆောင်ရွက်ရန် လိုအပ်သည်ဟုလည်း မစ္စတာဂမ်ဘာရီမှပြောဆိုခဲ့သည်။

ယခုထုတ်ပြန်လိုက်သည့် လုံခြုံရေးကောင်စီ၏သဘောထားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှလည်းကြိုဆိုလိုက်ပြီး ကုလသမဂ္ဂအနေဖြင့် မြန်မာ့အရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်သင့်သည်ဟုပြောသည်။

အဲန်အယ်လ်ဒီ၏ ပြောရေးဆိုခွင့်ရှိသူဖြစ်သည့် ဦးဉာဏ်ဝင်းက "ဒီကြေညာချက်ကို ကျနော်တို့ ကြိုဆိုပါတယ်။ ကျနော်တို့ကတော့ ကုလသမဂ္ဂက မိမိလုပ်နိုင်တဲ့ဘောင်အတွင်းမှာလုပ်ရတာလို့ ဒီလိုပဲသဘောပေါက်ပါတယ်။ ကျနော်တို့မျှော်လင့်ထားတာက ကုလသမဂ္ဂက ဒီမြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေအပေါ်မှာဝင်ရောက်ဆောင်ရွက်တာ ဒီထက်ပိုပြီးတော့ အရှိန်တိုးမြှင့်ဆောင်ရွက်ဖို့လိုအပ်နေတယ်လို့ယူဆပါတယ်"ဟုပြောဆိုခဲ့သည်။

ယခုအချိန်သည် ဒေါ်အောင်ဆန်းစုကြည်နှင့်ဦးအောင်ကြည်တို့၏ တွေ့ဆုံဆွေးနွေးမှုသည် (၄) ကြိမ်မြောက်ခဲ့ပြီဖြစ်သော်လည်း တစုံတရာတိုးတက်မှုအခြေအနေရှိမရှိကို အဲန်အယ်လ်ဒီအနေဖြင့်လည်းမသိရှိရသေးကြောင်း၊ မစ္စတာဂမ်ဘာရီအနေဖြင့်လည်း မြန်မာနိုင်ငံသို့ အမြန်ဆုံးလာရောက်ပါက တွေ့ဆုံဆွေးနွေးမှုအခြေအနေတိုးတက်လာဖွယ်ရှိနိုင်ကြောင်း ဦးဉာဏ်ဝင်းကပြောဆိုခဲ့သည်။

❖

အားလပ်ရက်များတွင် မြန်မာနိုင်ငံသို့ခရီးသွားလည်ပတ်ခြင်းများ ရပ်ဆိုင်းရန် ဗြိတိသျှအလုပ်သမားသမဂ္ဂမှ တိုက်တွန်း

နိုင်ငံခြားသားများစိတ်ဝင်စားရာနေရာတခုတွင်ပါဝင်သည့်မြန်မာနိုင်ငံအင်းလေးဒေသ၏ရေပေါ်ဈေးတခုမြင်ကွင်း

အလုပ်သမားသမဂ္ဂပေါင်း (၅၈) ခုဖြင့် ဖွဲ့စည်းထားသည့် ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့တွင် အခြေစိုက်သည့် အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (Trade Union Congress) က မြန်မာနိုင်ငံအား ခရီးသွားလုပ်ငန်းလုပ်ကိုင်နေခြင်းကိုရပ်တန့်ပြီးသပိတ်မှောက်ရန် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများကို တိုက်တွန်းလိုက်သည်။

ဇန်နဝါရီ (၁၆) ရက်နေ့ နေ့စွဲဖြင့် ဗြိတိန်အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာလူ့အခွင့်အရေးအဖွဲ့အစည်းတခုဖြစ်သည့် (Torism Concern) တို့မှ ပူးတွဲထုတ်ပြန်ခဲ့သည့်ကြေညာချက်တွင် ယခုကဲ့သို့ တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် အဓမ္မခိုင်းစေမှုများနှင့် ကလေးစစ်သားအသုံးပြုမှုများရှိနေသည့်အတွက် ကမ္ဘာလှည့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများတွင် မြန်မာနိုင်ငံကို စာရင်းမှဖယ်ရှားပေးရန်နှင့် ခရီးသွားများအနေဖြင့် အားလပ်ရက်များကို မြန်မာနိုင်ငံတွင်အသုံးမပြုကြရန် အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၏ ညွှန်ကြားရေးမှူး ဘရင်ဒန်ဘာဘာကပြောဆိုခဲ့သည်။

အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၏ ပြောခွင့်ရဖြစ်သူ မစ္စလစ်ဇ်ချင်ချန်က အလုပ်သမားအဖွဲ့ချုပ်အနေဖြင့် ပြည်သူများအား ရက်ရက်စက်စက်ဖိနှိပ်အုပ်ချုပ်နေပြီး ဒီမိုကရေစီခံစားခွင့်မပေးသည့်အစိုးရကို ကန့်ကွက်သည့်အနေဖြင့် စီးပွားရေးအရ ပိတ်ဆို့သည့်လှုပ်ရှားမှုတွင် ပါဝင်ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။

မြန်မာနိုင်ငံရှိ ပြည်သူများသည် လွတ်လပ်မှုကင်းမဲ့နေကြောင်းနှင့် ဗြိတိန်နိုင်ငံကဖြစ်စေ၊ တခြားနိုင်ငံများကပဲဖြစ်စေ ကမ္ဘာ့လှည့်ခရီးသွားများကို မြန်မာနိုင်ငံအားအလည်အပတ်သွားခြင်းအားဖြင့် ပြည်သူလူထုအပေါ် ရက်ရက်စက်စက်အုပ်ချုပ်နေသည့် စစ်အစိုးရ၏ ဘဏ္ဍာကိုဖြည့်ဆည်းပေးရာရောက်နေကြောင်းကိုလည်း မစ္စလစ်ဇ်ချင်ချန်ကပြောဆိုခဲ့သည်။

ခရီးသွားဆိုင်ရာလူ့အခွင့်အရေးအဖွဲ့ဖြစ်သည့် (Tourism Concern) အဖွဲ့၏ ညွှန်ကြားရေးမှူး မီးစ်ထရစ်ရှာဘားနက်က မြန်မာနိုင်ငံသို့ခရီးသွားခြင်းသည် စစ်အစိုးရအား တရားဝင်အသိအမှတ်ပြုရာရောက်ကြောင်း ပြောဆိုသည်။

ဤသို့ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ခရီးသွားလုပ်ငန်းများလုပ်ကိုင်နေခြင်းရပ်ဆိုင်းရန် လှုပ်ရှားရခြင်းမှာ မြန်မာနိုင်ငံစစ်အုပ်စု၏ မယုံကြည်နိုင်လောက်အောင်ကြောက်စရာကောင်းသည့် လူ့အခွင့်အရေးချိုးဖောက်နေမှုများကြောင့်ဖြစ်ကြောင်းသိရသည်။ ❖

မဖြစ်နိုင်ဘူးဆိုရင် ဘာတွေဖြစ်ထားမလဲ...

ယနေ့ရရှိတဲ့လွတ်လပ်ရေးဟာ လူတန်း စားတစုတည်းရဲ့လွတ်လပ်ရေးမဟုတ်၊ ပြည်ထောင်စုတခုလုံးမှာရှိကြတဲ့ လယ်သမား၊ အလုပ်သမား၊ ဈေးသူဈေးသား၊ ကျောင်းသူကျောင်းသား၊ အမှုထမ်းအရာထမ်းများမှစ၍ တော်လှန် ရေးသမားများအထိပါဝင်သော လူတန်းစား အားလုံးတို့က ညီညီညာညာ စွန့်စွန့်စားစား အုံကြွကြိုးပမ်းခဲ့ကြသောကြောင့် ရရှိလာသော လွတ်လပ်ရေးဖြစ်တဲ့အတွက် ယခုလွတ်လပ်ရေး ဟာ လယ်သမား၊ အလုပ်သမား၊ ဈေးသူဈေးသား၊ ကျောင်းသူကျောင်းသား၊ အမှုထမ်းအ ရာထမ်းများမှစ၍ တော်လှန်ရေးသမားများ အထိပါဝင်သော လူတန်းစားအားလုံးရဲ့လွတ် လပ်ရေးဖြစ်တယ်...။

(၁)

ကျနော်တို့ လွတ်လပ်ရေးရတာ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့ဆိုရင် နှစ် (၆၀) တင်းတင်းပြည့်သွားပြီ။

ဒီလွတ်လပ်ရေးရဲ့အရသာကို ဘယ်သူတွေ ဘယ်လောက်ရရှိခဲ့ပါသလဲ။

လက်တဆုပ်စာ စစ်ဗိုလ်ချုပ်ကြီးတစုသာ အခွင့်အလမ်းမှန်သမျှ ရေဆုံးမိုးဆုံးရရှိနေပြီး (၅၄) သန်းသော လူမျိုးစုံ မြန်မာပြည်သူတွေက တော့ ဗြိတိသျှကိုလိုနီဘဝ၊ ဂျပန်ဖက်ဆစ်ရဲ့ ခါးမိုးအုပ်ချုပ်ခံခဲ့ရတဲ့ဘဝတွေထက် ဒီနေ့အထိ ဘာမှပိုပြီးမရခဲ့သေးဘူး။

လွတ်လပ်မှုဆိုလို့ ဘာဆို ဘာမှမရှိ။
ဒီမိုကရေစီဆိုလို့ ဘာဆို ဘာမှမရှိ။

လူ့အခွင့်အရေးဆိုလို့ ဘာဆို ဘာမှမရှိတဲ့ မှောင်မိုက်တူးခါးနေတဲ့ဘဝတွေမှာပဲ စစ်အုပ်စုရဲ့စစ်ဖိနပ်အောက်မှာ ဖိနှိပ်ကျောက်ချထားတာကို ကျနော်တို့ပြည်သူတွေ ဒီနေ့အထိ ခံနေကြရဆဲဖြစ်ပါတယ်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့ နံနက် (၄) နာရီနှင့် မိနစ် (၂၀) က ကျနော်တို့ လွတ်လပ်ရေးရခဲ့တယ်ဆိုတာ တကယ်ရခဲ့တာ မှဟုတ်ရဲ့လား။

အိပ်မက်ထဲမှာ လွတ်လပ်ရေးရပြီး၊အိပ်မက်ကလန့်နိုးတဲ့အခါ အိပ်မက်ထဲမှာရခဲ့တဲ့လွတ်လပ်ရေးလည်း အိပ်မက်နှင့်အတူ ပျောက်ကွယ်သွားသလိုမျိုး။ လူမျိုးပေါင်းစုံမြန်မာပြည်သူတွေ၊ ဘဝတွေ၊ အသက်တွေ ရင်းနှီးပေးဆပ်ရယူခဲ့ရတဲ့ ဒီလွတ်လပ်ရေးကို ကျနော်တို့ပြည်သူတွေ လက်ထဲကနေ စစ်အုပ်စုက အတင်းအဓမ္မ လုယက်ယူငင်သွားခဲ့တာ လွတ်လပ်ရေးသက်တမ်းနဲ့အမျှပဲလို့ ကျနော်ပြောရင်လွန်မလား။

ကျနော်တော့ အဲဒီလိုပဲပြောချင်တယ်။

(၂)

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့ မနက်မှာ အသစ်စက်စက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံရဲ့ အသစ်စက်စက်နိုင်ငံတော်ဝန်ကြီးချုပ်သခင်နုက လွတ်လပ်ရေးကျောက်စာတိုင်ကို အုတ်မြစ်ချပေးရင်း ဒီမိန့်ခွန်းကိုပြောကြားပေးခဲ့တာလည်းသေချာပါတယ်။

"ယနေ့ရရှိတဲ့လွတ်လပ်ရေးဟာ လူမျိုးရေးတခုတည်းရဲ့ လွတ်လပ်ရေးမဟုတ်။ ပြည်ထောင်စုတစ်ခုလုံးမှာရှိတဲ့ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကရင်နီ (ကယား)၊ ရခိုင်၊ မွန်၊ မြန်မာ အစရှိတဲ့ သွေးချင်းသားချင်း ပြည်ထောင်စုသားလူမျိုးစုအားလုံးတို့ စည်းစည်းလုံးလုံးကြိုးပမ်းခဲ့ကြသောကြောင့် ပြည်ထောင်စုသားလူမျိုးစုအားလုံးရဲ့လွတ်လပ်ရေးဖြစ်တယ်။"

"ယနေ့ရရှိတဲ့လွတ်လပ်ရေးဟာ လူတန်းစားတခုတည်းရဲ့ လွတ်လပ်ရေးမဟုတ်။ ပြည်ထောင်စုတခုလုံးမှာရှိကြတဲ့ လယ်သမား၊ အလုပ်သမား၊ ဈေးသူဈေးသား၊ ကျောင်းသူကျောင်းသား၊ အမှုထမ်းအရာထမ်းများမှစ၍ တော်လှန်ရေးသမားများအထိပါဝင်သော လူတန်းစားအားလုံးတို့က ညီညီညာညာ စွန့်စွန့်စားစား အုံကြွကြိုးပမ်းခဲ့ကြသောကြောင့် ရရှိလာသော လွတ်လပ်ရေးဖြစ်တဲ့အတွက် ယခုလွတ်လပ်ရေးဟာ လယ်သမား၊ အလုပ်သမား၊ ဈေးသူဈေးသား၊ ကျောင်းသူကျောင်းသား၊ အမှုထမ်းအရာထမ်းများမှစ၍ တော်လှန်ရေးသမားများ အထိပါဝင်သော လူတန်းစားအားလုံးရဲ့လွတ်လပ်ရေးဖြစ်တယ်။"

မိန့်ခွန်းလေးက ကောင်းပါတယ်။
လက်တွေ့က မကောင်းခဲ့ဘူး။

ဒီထက်နည်းနည်းဖော့ပြီးပြောရရင် လက်တွေ့ဟာ မိန့်ခွန်းကို ဘယ်လိုမှမပြည့်မီခဲ့ဘူး။

ဒါကြောင့်လည်း လွတ်လပ်ရေးရပြီး (၂) လနှင့် (၂၄) ရက်မှာ ပြည်တွင်းစစ်မီးစတောက်ခဲ့ရတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ လက်နက်ကိုင်ခဲ့ရတယ်။

လွတ်လပ်ရေးရပြီး (၁) နှစ်နှင့် (၂၇) ရက်မှာ ကရင်အမျိုးသားတော်လှန်ရေးစတင်ခဲ့ရတယ်။ ရှေ့ဆင့်နောက်ဆင့် မွန်အမျိုးသားတွေလက်နက်ကိုင်ခဲ့ရတယ်။

ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ဖွဲ့စည်းပေးထားခဲ့တဲ့ ပြည်သူ့ရဲဘော်အဖွဲ့ အဖြူ/အဝါကွဲခဲ့ရတယ်။ ကွဲရုံတင်မက ပြည်သူ့ရဲဘော်အဖြူက လက်နက်ကိုင်တော်လှန်တိုက်ခိုက်ရတဲ့အထိ ဖြစ်ခဲ့ရတယ်။

အဲဒီကနေစလိုက်တဲ့ ပြည်တွင်းစစ်ဟာ ဘယ်လိုမှငြိမ်းလို့သတ်လို့မရတော့ဘူး။

ဒီနေ့ဆိုရင် ....

လက်နက်မကိုင်တဲ့ လူမျိုးစုဆိုတာမရှိတော့ဘူး။ အားလုံးကိုယ်စီ လက်နက်ကိုင်ထားကြရပြီ။ တိုင်းရင်းသားတိုင်း၊ တိုင်းရင်းသားတိုင်း မိမိကိုယ်ကို ကာကွယ်ဖို့၊ ခုခံဆန့်ကျင်စစ်ကိုတိုက်နိုင်ဖို့ အားလုံးလက်နက်ကိုင်ထားကြရတယ်။

လွတ်လပ်ရေးရဖို့အတွက် လက်နက်ကိုင်ခဲ့ကြရတဲ့ ကျနော်တို့ လူမျိုးစုံပြည်သူတွေဟာ လွတ်လပ်ရေးရပြီး ဒီနေ့ နှစ် (၆၀) တိုင်တဲ့အထိ ဘဝတွေ၊ သွေးတွေ၊ အသက်တွေ ဘာကြောင့်ဆက်ပြီး မရပ်မနားပေးဆပ်နေကြရသေးတာလဲ။

စိတ်အေး လက်အေးနှင့် မနက်ဖြန်ရဲ့ နေ့သစ်များစွာအတွက် ကြံစည်စိတ်ကူးနေရပေမယ့်အစား ဘာကြောင့် တကြောင့်ကျကျ စိုးတထိတ်ထိတ်နှင့် မအေးဆေးနိုင်၊ မငြိမ်းချမ်းနိုင်ဖြစ်နေကြရသေးတာလဲ။

(၃)

၁၉၄၆ ခုနှစ် ဇန်နဝါရီလ (၂၃) ရက်နေ့မှာကျင်းပခဲ့တဲ့ ဖဆပလညီလာခံကြီးမှာ လွတ်လပ်ရေးနှင့်ပတ်သက်ပြီး ဖဆပလရဲ့ဥက္ကဋ္ဌ သခင်အောင်ဆန်းက အခုလိုပြောဆိုခဲ့တယ်။

"တိုင်းပြည်လွတ်လပ်တယ်ဆိုတာက နိုင်ငံရေးကတော့ လွတ်လပ်တယ်။ လူမျိုးကတော့ မလွတ်လပ်ဘူး။ ပြောချင်တာ မပြောရဘူး။ တရားအဖြင့် သူထင်မြင်တာ မပြောရ။ ဆိုချင်တာ မဆိုရ။ ရေးချင်တာ မရေးရ။ လုပ်ချင်တာ မလုပ်ရ။ ဒါမျိုးဟာ ဂျပန်ခေတ်တုန်းကခံခဲ့ရတယ်။ အဲ့ဒီလွတ်လပ်ရေးမျိုးဟာ ပါးစပ်ပိတ်ကြောက်လန့်ပြီးတော့နေရတဲ့ လွတ်လပ်ရေးဖြစ်တယ်။ ခါးမိုးထားတဲ့ လွတ်လပ်ရေးပဲ။ တိုင်းသူပြည်သားတွေ မလွတ်လပ်ဘူး။"

သခင်အောင်ဆန်းထောက်ပြတဲ့ လွတ်လပ်ရေးဟာ ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့မှာ ဂျပန်ဖက်ဆစ်တွေဆီကရခဲ့တဲ့ လွတ်လပ်ရေးဖြစ်ပါတယ်။

ဒါကို ကျနော်တို့ မြန်မာပြည်သူတွေက ဘယ်လိုသတ်မှတ်ခဲ့ပါသလဲ။

'ရှေ့ရည်စိမ်လွတ်လပ်ရေး'၊ 'အတုအယောင်လွတ်လပ်ရေး'လို့ သတ်မှတ်ခဲ့ကြတယ်မဟုတ်လား။

အဲဒီ ဂျပန်ပေးတဲ့လွတ်လပ်ရေးအောက်မှာ မြန်မာအမျိုးသမီးတွေ အဓမ္မပြုကျင့်ခံခဲ့ရတယ်။ မြန်မာလူငယ်တွေ ချွေးတပ်အဆွဲခံရပြီး ချွေးတပ်စခန်းမှာ အသေဆိုးနှင့် သေခဲ့ကြရတယ်။ ဘုန်းတော်ကြီးကျောင်းတွေ ဂျပန်စစ်စခန်းဖြစ်ခဲ့ရတယ်။ သံဃာတော်တွေ ပါးအရိုက်ခံခဲ့ကြရတယ်။ အဝတ်အထည်က အစ၊ အစားအသောက်ကအစ ရှားပါးပြီး တပြည်လုံး သန်းကြီးမတွေကျ၊ ဝဲတွေစွဲပြီး ဘက်ပေါင်းစုံဆင်းရဲနိမ့်ကျခဲ့ရတယ်။

စာသင်ကျောင်းတွေ ပိတ်ထားခဲ့ရတယ်။

အဲဒါတွေကို မကျေနပ်လို့၊ ခေါင်းငုံ့မခံနိုင်လို့ဆန့်ကျင်ဖို့ပြင်ဆင်တဲ့ တိုင်းချစ်ပြည်ချစ်စိတ်ရှိသူ ဘယ်သူမဆို ဂျပန်ကင်ပေတိုင်ရဲ့ ကျီးကန်းတောင်းမှောက်စောင့်ကြည့်ခံခဲ့ရတယ်။ ရှာဖွေဖမ်းဆီးခံခဲ့ရတယ်။ မိပြီဆိုရင် လက်သည်းခွံခွာတာအစ ခေါင်းဖြတ်သတ်ပစ်တာအဆုံး ဂျပန့်ခါးဟာ တရားရုံးဖြစ်ခဲ့ရတယ်။

၁၉၄၃ ခုနှစ်၊ ဩဂုတ်လ (၁) ရက်ကရခဲ့တဲ့လွတ်လပ်ရေးဟာ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့မှာ ရခဲ့တဲ့လွတ်လပ်ရေးနှင့် ဘာကြောင့် ဒီလောက်ချိတ်စွပ်တူနေရတာလဲ။

၁၉၄၃ – ၄၅ ကာလဟာ ဒီကနေ့ ပစ္စုပ္ပန်ကာလတွေနှင့်ဘာလို့တထေရာတည်း တဖြတ်တည်းတူနေရတာလဲ။

(၄)

လွတ်လပ်ရေးအတုအယောင်ရဲ့ ကြမ္မာဆိုးတွေကို အဆုံးသပ်ဖို့၊ ဒါမှမဟုတ် သေနတ်နဲ့ထောက်ပြီး လူမျိုးစုံပြည်သူလူထုဆီက အတင်းလုယူသွားခဲ့တဲ့ လူထုပိုင်လွတ်လပ်ရေးကို လူထုလက်ဝယ် ပြန်လည်ရောက်ရှိလာစေဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လွတ်လပ်ရေးနှစ် (၆၀) ပြည့်တဲ့ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့မှာ ကြေညာချက် (၁/၀၁/ ၀၈) ကို ထုတ်ပြန်ပြီး အခုလိုတောင်းဆိုလိုက်ပါတယ်။

"နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တာဝန်ရှိသည်နှင့်အညီ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုဦးတည်လျက် ပြည်သူလူထုက ၎င်းတို့ကိုယ်စား လုပ်ပိုင်ခွင့်အာဏာ (mandate) အပ်နှင်းလာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များဖြင့် ပစ္စုပ္ပန်နှင့်အနာဂတ်အကျိုးစီးပွားများကိုမျှော်ကိုး၍ နိုင်ငံရေးအနှစ်သာရပြည့်ဝသော တွေ့ဆုံဆွေးနွေးပွဲများကို အနှေးအမြန်ကျင်းပပြီး ညှိနှိုင်းအဖြေရှာကြပါရန် မလွဲမသွေလိုအပ်ပေသည်။"

တဆက်တည်းမှာပဲ တွေ့ဆုံဆွေးနွေးရေးကို ကြန့်ကြာနေတာနှင့်အမျှ ပိုမိုနက်ရှိုင်းတဲ့အကြပ်အတည်းတွေနှင့် ထိပ်တိုက်ရင်ဆိုင်ရဖွယ်ရှိကြောင်းကိုထောက်ပြရင်း ၂၀၀၈ ခုနှစ်ကို ဘယ်လိုဘယ်ပုံ သဘောထားချင်ကြောင်းထောက်ပြပါတယ်။

"တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာမှု နှောင့်နှေးသည်နှင့်အမျှ နိုင်ငံတွင် အမှန်တကယ်တွေ့ကြုံနေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်အထွေထွေအကျပ်အတည်းများသည် နက်ရှိုင်းသည်ထက် နက်ရှိုင်းလာပြီး တနေ့တခြား တိုင်းပြည်တွင် ပိုမိုခက်ခဲနက်နဲသောအခြေအနေများ၊ တန်ဖိုးကြီးမားသောဆုံးရှုံးမှုများ၊ လက်လွတ်လိုက်ရမည့်အခွင့်အလမ်းများ စသည့် ရှုပ်ထွေးသောအကျိုးအဆက်များနှင့် မလွဲမသွေ ရင်ဆိုင်ကြုံတွေ့ရနိုင်ကြောင်းကို အထူးသတိပြုသင့်ပေသည်။ သို့ပါသဖြင့် ၂၀၀၈ ခုနှစ်ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှစ်အဖြစ် သတ်မှတ်ရမည်ဖြစ်ပေသည်။"

(၅)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၂၀၀၈ ခုနှစ်ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှစ်လို့ သတ်မှတ်ချင်တယ်တဲ့။ ဖြစ်နိုင်ပါ့မလား ....။

ဖြစ်နိုင်ရင်တော့ သိပ်ကိုကောင်းပါတယ်။

တဆက်တည်း အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်အတွက် နအဖက ဦးစွာအားဖြင့် ဆောင်ရွက်ပေးရမယ့် အခြေခံလိုအပ်ချက် (၇) ချက်ကို အဲဒီကြေညာချက်ထဲမှာပဲ အခုလိုထောက်ပြတောင်းဆိုထားပါတယ်။

"အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးအတွက် နိုင်ငံရေးအနှစ်သာရပြည့်ဝသည့် တွေ့ဆုံဆွေးနွေးပွဲများ အထမြောက်အောင်မြင်စေရန် နိုင်ငံတော်ရေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သာယာသောနိုင်ငံရေးပတ်ဝန်းကျင်အခြေအနေကောင်းများကို ဖန်တီးပေးရန် လိုအပ်ပေသည်။

ထို့ကြောင့် ....

(က) မိမိနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိရန် အစဉ်တစိုက် ကြိုးပမ်းအားထုတ်မှုများကြောင့် နေအိမ်များတွင် ထိန်းသိမ်းခြင်းခံနေကြရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်၊

(ခ) တိုင်းရင်းသားလူမျိုးစုများ မပါဝင်ဘဲ စစ်မှန်သောဒီမိုကရေစီပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည်မဟုတ်သောကြောင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်နှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များအား၊ ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်၊

(ဂ) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ပြစ်ဒဏ်ကျခံနေကြရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်၊

(ဃ) ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ပြခဲ့ကြသောကြောင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံနေကြရသည့် သံဃာတော်အရှင်သူမြတ်များ၊ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များနှင့် ဒီမိုကရေစီအင်အားစုများကို ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်၊

စာမျက်နှာ (၁၂) ကော်လံ (၄) သို့...

ဂျပန်အစိုးရက မြန်မာနိုင်ငံအား ဒေါ်လာ (၁) သန်းကျော် အကူအညီပေးမည်

စက်တင်ဘာအရေးအခင်းနောက်ပိုင်း စစ်အစိုးရ၏ အကြမ်းဖက်နှိမ်နင်းမှုများအား ကန့်ကွက်သည့်အနေဖြင့် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံအားပေးအပ်မည့်အလှူငွေ ဒေါ်လာ (၅) သန်းခန့်ကို ကျန်ခဲ့သည့်နှစ်အောက်တိုဘာလတွင်းက ဖျက်သိမ်းခဲ့သော်လည်း ယခုအခါ အမေရိကန်ဒေါ်လာ (၁ ဒသမ ၇၉) သန်း ကူညီထောက်ပံ့မည်ဟု ပြောဆိုလိုက်သည်။

မြန်မာနိုင်ငံ၏ အကြီးမားဆုံးအလှူရှင် ဂျပန်နိုင်ငံက ဂျပန်နိုင်ငံသားဗွီဒီယိုသတင်းထောက်တယောက်အား မြန်မာစစ်တပ်မှပစ်သတ်လိုက်ပြီးနောက် စစ်အစိုးရ၏အကြမ်းဖက်လုပ်ရပ်များကို ကန့်ကွက်သည့်အနေဖြင့် ၎င်းတို့ပေးလက်စအကူအညီများကို ရပ်တန့်ခဲ့ခြင်းဖြစ်သည်။

ယခု ပြန်လည်ပေးမည့်ထောက်ပံ့ငွေများအား ကလေးငယ်များ၏ရောဂါကြိုတင်ကာကွယ်ရေး၊ ငှက်ဖျားနှင့်အခြားအသက်အန္တရာယ်ဖြစ်စေမည့် ရောဂါများကာကွယ်ရေးနှင့် အမျိုးသမီးများကိုယ်ဝန်ဆောင်မှုနှင့် ဆက်နွယ်သည့် အသက်အန္တရာယ်ဖြစ်စေနိုင်သောရောဂါများအတွက် ကာကွယ်ပေးရေးနှင့် ဆေးဝါးစမ်းသပ်ကိရိယာများအတွက် အသုံးပြုမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရှိဂျပန်သံရုံးနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ယူနီဆက်ဖ်တို့မှ ထုတ်ပြန်ကြေညာခဲ့သည်။

စစ်အစိုးရက မြန်မာနိုင်ငံတွင် ကျန်းမာရေးအတွက် နှစ်စဉ်တိုင်းပြည်ဝင်ငွေ၏ (ဒသမ ၃) ရာခိုင်နှုန်းမျှကိုသာသုံးစွဲခဲ့ကြောင်း ကုလသမဂ္ဂ၏စာရင်းဇယားများအရ သိရသည်။ အမေရိကန်နှင့် ဥရောပသမဂ္ဂ (အီးယူ) တို့မှ မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့အရေးယူမှုများပြုလုပ်ထားသဖြင့် ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများထဲတွင် မြန်မာနိုင်ငံသည် နိုင်ငံခြားအကူအညီ အနိမ့်ဆုံးရရှိသည့်နိုင်ငံဖြစ်သည်။

❖

မြန်မာဒုက္ခသည်များ၏အခြေအနေကို ဗြိတိန်ကိုယ်စားလှယ်လာရောက်လေ့လာ

ထိုင်း - မြန်မာနယ်စပ်ရှိမြန်မာဒုက္ခသည်များနေထိုင်ရာစခန်းတခု

ဗြိတိန်နိုင်ငံရှိဒုက္ခသည်များအား အကူအညီအထောက်အပံ့များပေးနေသည့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဌာန (DFID) မှ အတွင်းရေးမှူးမစ္စတာဒေါက်ကလပ် အလက်ဇန္ဒားက ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ကိုယ်စားလှယ်တဦးနှင့် ထိုင်းနိုင်ငံဆိုင်ရာဗြိတိန်သံအမတ်အပါအဝင် အဖွဲ့ဝင် (၈) ဦးပါဝင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ထိုင်း–မြန်မာနယ်စပ်ရှိ မယ်လဒုက္ခသည်စခန်းရှိ တာဝန်ရှိသူများနှင့်သွားရောက်တွေ့ဆုံခဲ့ပြီး ဒုက္ခသည်များ၏အခြေအနေနှင့် အခက်အခဲများအား သွားရောက်မေးမြန်းကြည့်ရှုခဲ့သည်ဟုသိရသည်။

မယ်လဒုက္ခသည်စခန်း၏ ဥက္ကဋ္ဌဖြစ်သူ စောရော်လေက "ဒီမနက် သူတို့စခန်းကိုလာပြီး ဒုက္ခသည်ကော်မတီနဲ့တွေ့တယ်။ ဒုက္ခသည်တွေရဲ့ စားဝတ်နေရေးအခြေအနေ ပညာရေး၊ ကျန်းမာရေးကိစ္စတွေကို အသေးစိတ်မေးတယ်။ အမျိုးသမီးအဖွဲ့နဲ့တွေ့တယ်။ လူသစ်လူဟောင်းတွေနဲ့တွေ့ပြီး စခန်းတွင်းနေထိုင်ရတဲ့အခြေအနေတွေအပြင် တတိယနိုင်ငံထွက်ခွာရတဲ့အကြောင်းတွေကိုလည်း ဒုက္ခသည်တွေကိုလိုက်မေးမြန်းတယ်" ဟု ပြောပြခဲ့သည်။

ထိုင်း–မြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းများအား စားနပ်ရိက္ခာအကူအညီပေးနေသည့် (တီဘီဘီစီ) အဖွဲ့မှ ဒုက္ခသည်များအား စားနပ်ရိက္ခာအကူအညီ (၁၀) ရာခိုင်နှုန်း လျှော့ချလိုက်ခြင်းနှင့်ပတ်သက်၍ အခြေအနေသိရအောင်လာရောက်ကြည့်ရှုခြင်းဖြစ်နိုင်ကြောင်းကိုလည်းပြောခဲ့သည်။

အဆိုပါအဖွဲ့သည် ဒုက္ခသည်ကော်မတီ၊ ဒုက္ခသည်များနှင့်တွေ့ဆုံခြင်းများအပြင် စခန်းအုပ်ချုပ်ရေးတာဝန်ယူထားရသည့် ထိုင်းပြည်ထဲရေးဌာနမှ ဝန်ထမ်းများနှင့်လည်းတွေ့ဆုံခဲ့သည်။

ယင်းအဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဗြိတိန်အစိုးရမှ ပေးနေသည့်ထောက်ပံ့ရေးအကူအညီများကို တိုးပေးသွားမည်ဖြစ်ပြီး မြန်မာဒုက္ခသည်များအတွက် ဆက်လက်၍အကူအညီများပိုမိုပေးသွားနိုင်ရေးအတွက်လည်း ကြိုးပမ်းသွားမည်ဟုသိရသည်။

ထိုင်း–မြန်မာနယ်စပ်ရှိ မဲဆောက်မြို့၏ မြောက်ဘက် ကီလိုမီတာ (၆၀) အကွာတွင်ရှိသည့် မယ်လဒုက္ခသည်စခန်းသည် နယ်စပ်တလျှောက်ရှိ ဒုက္ခသည်စခန်း (၉) ခုအနက် အကြီးဆုံးဒုက္ခသည်စခန်းတခုဖြစ်ပြီး လက်ရှိအချိန်တွင် ဒုက္ခသည်ဦးရေပေါင်း (၅) သောင်းခန့်ရှိသည်။ ❖

အနောက်အုပ်စုများ၏စီးပွားရေးဒဏ်ခတ်ပိတ်ဆို့နေမှုများကြားမှ အိန္ဒိယကမြန်မာစစ်အုပ်စုနှင့်စီးပွားကုန်သွယ်မှုပြုလုပ်

အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးနှင့်မြန်မာနိုင်ငံခြားရေးဝန်ကြီးဗိုလ်ချုပ်ဦးဉာဏ်ဝင်း

အနောက်အုပ်စုများ၏ စီးပွားရေးပိတ်ဆို့နေမှုများကြားကပင် အိန္ဒိယနိုင်ငံသည် မြန်မာစစ်အုပ်စုနှင့် စီးပွားကုန်သွယ်မှုပြုလုပ်လျက်ရှိသည်။ အမေရိကန်နှင့်ဥရောပသမဂ္ဂတို့မှ လူ့အခွင့်အရေးချိုးဖောက်နေသောစစ်အုပ်စုအား စီးပွားရေးပိတ်ဆို့ခြင်းဖြင့် အရေးယူဒဏ်ခတ်မှုများဆောင်ရွက်နေသောကြောင့် စစ်အုပ်စုအတွက် ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ အရေးတကြီးနှင့် အလုံးအရင်းနှင့်လိုအပ်နေချိန်တွင် ဤသို့ပြုမူလိုက်ခြင်းဖြစ်သည်။

အိန္ဒိယအစိုးရက မြန်မာနိုင်ငံအနောက်ဘက်စွန်းရှိ စစ်တွေလေဆိပ်အား ပြန်လည်ပြုပြင်ရန်နှင့် မြန်မာနိုင်ငံရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေနှင့်အိန္ဒိယနိုင်ငံမြောက်ပိုင်း မစ်ဇိုရမ်ပြည်နယ်တို့၏ ကုန်းလမ်းဆက်သွယ်ရေးတိုးချဲ့ဖောက်လုပ်ရေးနှင့် ရေလမ်းခရီးတို့အတွက် လိုအပ်သောငွေ အမေရိကန်ဒေါ်လာ သန်း (၁၂၀) ကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ကုလားတန်အထွေထွေကုန်းလမ်းဆက်သွယ်ရေးတည်ဆောက်မှုစီမံချက်အရ ကီလိုမီတာ (၁၆၀) ရှိသော မစ်ဇိုရမ်နှင့်ကလေးဝကိုဆက်သွယ်ထားသော လမ်းဖောက်လုပ်ရေးအတွက် ပထမဦးစွာအမေရိကန်ဒေါ်လာ (၂၇) သန်းကို သတ်မှတ်လျာထားသည်။ ကလေးဝမြို့သည် စစ်တွေမြို့မြောက်ဘက် စစ်ကိုင်းတိုင်းအတွင်း၌တည်ရှိသည်။

ထိုစီမံချက်မှာ ခြောက်နှစ်ထက်မနည်း အချိန်ယူရမည်ဖြစ်ပြီး ပြီးပြည့်စုံသည်အထိ သုံးနှစ်နီးပါးဆောင်ရွက်ရမည်ဖြစ်ကြောင်း မြန်မာ့စစ်အုပ်စုခေါင်းဆောင်များ အိန္ဒိယသို့ လာရောက်ခဲ့သောဧပြီလအတွင်းက လာရောက်စဉ်တွင် စစ်တွေစီမံချက်၏ နောက်ဆုံးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

ထိုသဘောတူညီချက်သည် မြန်မာနိုင်ငံအပေါ်ထားရှိပြီးဖြစ်သော အိန္ဒိယနိုင်ငံ၏မူဝါဒသဘောထားမှ လမ်းလွှဲနေကြောင်းကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်။ ယမန်နှစ်နှောင်းပိုင်းကာလက မြန်မာပြည်တွင် ငြိမ်းချမ်းစွာဆန္ဒပြနေမှုများအား စစ်အစိုးရမှ အကြမ်းဖက်နှိမ်နင်းလိုက်စဉ်ကတည်းက နယူးဒေလီအစိုးရက မြန်မာပြည်နိုင်ငံရေးပြုပြင်မှုများဖြစ်လာရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် အိမ်နီးချင်းနိုင်ငံအနေနှင့် သဘောထားပျော့ပြောင်းစွာဖြင့် ထောက်ခံအကြံပြုခြင်းများရှိခဲ့သည်။ ဒီဇင်ဘာနှောင်းပိုင်းမှစ၍ မြန်မာနိုင်ငံအား လက်နက်ရောင်းချခြင်းကို ပုံမှန်မဟုတ်ဘဲ ရပ်ဆိုင်းလိုက်ခြင်းသည် အပြင်ပန်းအားဖြင့် မြန်မာပြည်ပြုပြင်ပြောင်းလဲရေးကိုထောက်ခံကြောင်း အပြင်ပန်းအားဖြင့် မီးမောင်းထိုးပြသလိုဖြစ်နေခဲ့သည်။ အိန္ဒိယပိုင်ကုမ္ပဏီများမှာ မြန်မာစစ်အုပ်စုနှင့်ဆက်လက်၍ စီးပွားရေးစာချုပ်များကို ချုပ်ဆိုလျက်ရှိနေပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို လက်ခံသော်လည်း အနောက်အုပ်စု၏ ပိတ်ဆို့ဒဏ်ခတ်မှုများကိုထောက်ခံမည်မဟုတ်ဘဲ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကို ပိုမိုနှစ်သက်မိကြောင်း တရားဝင်ကြေညာထားခဲ့သည်။

❖

မြန်မာနိုင်ငံရှိစားနပ်ရိက္ခာအကူအညီအစီအစဉ်တိုးချဲ့မည်ဖြစ်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့ကြီးကပြောဆို

ကမ္ဘာ့အကြီးဆုံးလူသားချင်းဆိုင်ရာအကူအညီများပေးနေသည့်အဖွဲ့ဖြစ်သည့် ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့ (WFP) က ၂၀၀၇ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင်လုပ်ဆောင်ခဲ့သည့်လုပ်ငန်းစဉ်များထက်ပိုမို၍ ယခုနှစ်တွင် ပိုမိုတိုးချဲ့ထောက်ပံ့သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

သတင်းထုတ်ပြန်ကြေညာချက်တွင် ဆင်းရဲကျပ်တည်းသည့် ကချင်ပြည်နယ်အရှေ့ပိုင်းဒေသသို့သွားရောက်၍ အကူအညီများတိုးချဲ့ထောက်ပံ့ဖွယ်ရှိကြောင်းကို ဖော်ပြထားသည်။

(WFP) ၏ (၃) နှစ် စီမံကိန်းအတွင်း စားနပ်ရိက္ခာမလုံလောက်သူ (၁) သန်း (၆) သိန်းအတွက် ထောက်ပံ့ကူညီရန်စီစဉ်ထားပြီး အမေရိကန်ဒေါ်လာ (၅၁) သန်းကျော် ကုန်ကျမည်ဟု ခန့်မှန်းထားသည်။

စီမံကိန်း၏ ပထမနှစ်ဖြစ်သည့် (၂၀၀၇) ခုနှစ်တွင် စားနပ်ရိက္ခာမလုံလောက်သည့် လူပေါင်း (၅) သိန်းကို ကူညီထောက်ပံ့နိုင်ခဲ့ကြောင်း၊ နေရပ်ပြန်လာသည့်ရိုဟင်ဂျာများ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိမွတ်စလင်များ မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားဒေသများနှင့်ရှမ်းပြည်နယ်ရှိ ဘိန်းစိုက်ပျိုးသည့် တောင်သူဟောင်းများကို အကူအညီပေးခဲ့ကြောင်းကို ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

(WFP) သည် ပျမ်းမျှအားဖြင့် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံပေါင်း (၈၀) ရှိ အစားအစာငတ်ပြတ်သည့်ကလေးငယ်ပေါင်း (၆၅) သန်းအပါအဝင် ဆင်းရဲပြီးအာဟာရလိုအပ်နေသည့် လူပေါင်းသန်း (၉၀) အား စားနပ်ရိက္ခာအကူအညီများ နှစ်စဉ်ပေးနေသည်။

လောဘရမက်ကြောင့် အာဏာနဲ့ဥစ္စာ
စည်းစိမ်ကို ထိပါးလာမယ်ထင်တာနဲ့
ဒေါသမီး
တဟုန်းဟုန်းတောက်တော့တာပဲ။
တဆက်တည်း အမှားအမှန်အကောင်း
အဆိုးကို အကြောင်းအကျိုးမခွဲခြားနိုင်
လောက် အောင်မောဟဖုံးသွားပြီ။
ဒီမှာတင် အပြစ် တွေကို
ရာဇဝင်ရိုင်းလောက်အောင်
ကျူးလွန်တော့တာပဲ ...။

ငြသူကြီး

အရှင်ထွက် ထွက်မလား ...
အသေထွက် ထွက်မလား ဗိုလ်သန်းရွှေ...

"ဓဝံမေသုတံ – ကျွန်ုပ်ဤသို့ ကြားလိုက်ရသည် ...."

"ဗျို့ ဦးခြိမ်သူကြီး ....။ ပျောက်ချက်သားကောင်းလှချည့်လား။ စကားစမည်ပြောချင်လွန်းလို့ လာလာချောင်းရတာ မောလှပြီဗျာ" ပြောပြောဆိုဆိုဝင်လာသူမှာ ဦးတိမ်တောင်ပါခင်ဗျား။ 'တိမ်တောင်သဖွယ်၊ မင်းရေးကျယ်၏' လို့ ပြောလေ့ပြောထရှိသူမို့ သူ့နာမည် 'ဦးတိမ်တောင်'....။

"ဟား .... ဟား .... ဦးတိမ်တောင်ရေ .... ။ ဟို လူလွန်မသားတွေနဲ့ လိုက်တမ်း ပြေးတမ်းကစားနေခဲ့ရလို့ ကိုယ်ရောင်ဖျောက် ပြီးနေခဲ့တာ။ ဟား .... ဟား .... အခုတော့ ခွေးကောင်တွေ ခံစစ်တက်ရောက်သွားပြီဗျ။"

"အား .... လျှော့မတွက်နဲ့နော် ဦးခြိမ်သူကြီး ....။ သူတို့ဘဝက သူတို့ကိုချုပ်ကိုင်ထားတယ်။ သူတို့ ဘာလုပ်ရမယ်ဆိုတာပြဋ္ဌာန်းထားတယ်။ သူတို့ကို မိုက်လုံးကြီးသည်ထက် ကြီးအောင် 'ဂျောင်' ပိတ်ပြီး တွန်းပို့နေတယ်။"

'ဗျာ'

"ဦးခြိမ်သူကြီးပဲ စဉ်းစားကြည့် ....။ ဦးခြိမ်သူကြီးတို့ ကျနော်တို့ရဲ့ဘဝက အဖိနှိပ်ခံနင်းပြားဘဝ။ ကျနော်တို့အတွက် လွတ်လပ်မှုဆိုတာ ဗလာနတ္ထိ။ ဒီမိုကရေစီရေးလူ့အခွင့်အရေးဆိုတာလည်း အငွေ့လေးတောင်ရောင်ရောင်ကလေးမျှမရှိ။ ဒီတော့ ကျနော်တို့ရဲ့ အဖိနှိပ်ခံနင်းပြားဘဝက ကျနော်တို့ ဘာလုပ်ရမယ်ဆိုတာ ပြဋ္ဌာန်းထားပြီ။ လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးအတွက်တိုက်ပွဲဝင်အောင် ကျနော်တို့ကိုမောင်းနှင်နေပြီ။"

"အဲ ....ဟုတ်ပါ့ဗျာ"

"ဒါကြောင့် ဦးခြိမ်သူကြီးရေ ....။ ကျနော်တို့ဟာ စစ်အာဏာရှင်စနစ်ကိုဖျက်သုဉ်းချုပ်ငြိမ်းသွားအောင် ဖျက်ဆီး၊ ဖြိုချ၊ ချေမှုပစ်ဖို့ အချိန်ရှိသမျှကြိုးဆနေကြတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ အစဉ်တစိုက်အားထုတ်နေကြတယ်။"

ဦးတိမ်တောင်က ကြောင်းကျိုးဆက်စပ်ပြီး ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ပြ၏။ သူကပင်စကားဆက်ဆိုသည်။

"ဒီမှာ ဦးခြိမ်သူကြီးရဲ့။ ကျနော်တို့ဘဝက ကျနော်တို့ကို မောင်းနှင်နေသလို၊ စစ်အာဏာရှင်တွေရဲ့ဘဝကလည်း စစ်အာဏာရှင်တွေကို မောင်းနှင်နေတယ်ဗျ။ သူတို့ဘာလုပ်ရမယ်ဆိုတာကို ပြဋ္ဌာန်းပေးနေတယ်ဗျ ဦးခြိမ်သူကြီးရေ၊ စကားစပ်လို့ပြောရဦးမယ်။

ဖဆပလဝန်ကြီး ဦးကျော်ငြိမ်းရဲ့ ရဲဘော်ကြီးဆိုရှယ်ဒီမိုကရက်အဖိုးအိုတယောက်က ၁၉၈၈ မတိုင်မီမှာ ပြောသွားခဲ့တဲ့စကားရှိတယ်ဗျ။ အဲဒီအဖိုးအိုရဲ့နာမည်ကို အချိန်မတန်သေးလို့ဖွင့် မပြောသေးဘူး။ အဲဒီအဖိုးအိုပြောခဲ့တာက ဒီလိုဗျ။"

ဒီလိုဗျဟု စကားခံပြီး ဦးတိမ်တောင်ကပင် စိတ်ဝင်စားစရာစကားကို ဆက်ပြောသည်။

"ဗိုလ်နေဝင်းဟာ သူ့တပည့်တွေကို သရဲသဘက်မွေးသလို မွေးလာခဲ့တာတဲ့။ ဒါကြောင့် ဗိုလ်နေဝင်းရဲ့တပည့်တွေဟာ လူစင်စစ်ကနေပြီး သရဲကြီးတွေ၊ သဘက်ကြီးတွေဖြစ်ကုန်ကြပြီ။

အသက်အရွယ်တွေ ရင့်လာကြလို့ အမွေးတွေကော လက်သည်းခြေသည်းတွေပါ တအားကုန်ရှည်လာကြပြီ။ တနေ့ကျရင် ဗိုလ်နေဝင်းကိုတောင် ပြန်ပြီးဂုတ်ချိုးကြလိမ့်မယ်တဲ့။"

"ဟိုက် ....ဦးတိမ်တောင်ရဲ့။ ဦးကျော်ငြိမ်းရဲ့ ရဲဘော်ကြီးအဖိုးအိုက အဲဒီလိုပဲပြောခဲ့သလား။"

"ဟုတ်ပါ့ဗျာ။ အဖိုးအိုက ကျနော့်ကို ဒီအတိုင်းမှ ဒီအတိုင်းပြောခဲ့တာ။ အဖိုးအိုပြောခဲ့တဲ့အတိုင်းပါပဲ။ ဗိုလ်သန်းရွှေက တကယ့်ကို ဂုတ်ချိုးခဲ့တာ။"

"ဦးတိမ်တောင်ရဲ့ ။ ဗိုလ်သန်းရွှေက ဘယ်သို့ ဘယ်ပုံဂုတ်ချိုးခဲ့သလဲ။ လင်းစမ်းပါအုံးဗျာ။"

"ဒီလိုပါ ဦးခြိမ်သူကြီး။ ဗိုလ်သန်းရွှေဟာအာဏာနဲ့ပတ်သက်လာရင်၊ ဥစ္စာစည်းစိမ်နဲ့ပတ်သက်လာရင် အတောမသတ် လောဘကြီးတယ်။ သူတိုင်းခန်းလှည့်လည်ရင် ဇာနီမယားကော၊ သမီးတွေကော၊ လူမမယ်မြေးကလေးပါမကျန်၊ တပြုံလုံး တန်းလန်းတန်းလန်းနဲ့။ အဲဒီ တပြုံလုံး တန်းလန်းတန်းလန်းဟာ ဘာမျှမဟုတ်တဲ့အသေးအဖွဲလို့ လျှော့မတွက်နဲ့နော်။ အဲဒီအသေးအဖွဲ ကလေးကိုက သူ့အတ္တလောဘကို ဖော်ပြနေတာ။"

"အေးဗျ။"

"ဒီမှာ ဦးခြိမ်သူကြီး။ သူ့အတ္တလောဘကကြီးလွန်းတော့ သူ့ကုလားထိုင်ခိုင်မြဲအောင် ဗိုလ်နေဝင်းရဲ့ လက်ရုံးကြီးတဆူလည်းဖြစ်၊ စစ်တပ်ကြီးကို ချုပ်ကိုင်ထားနိုင်သူလည်းဖြစ်တဲ့ အက် (စ်) တူး ဗိုလ်တင်ဦးကို လက်ဦးမှုယူပြီး အရင်ဆုံးရှင်းပစ်ခဲ့တယ်။ ပြီးတော့ အခြားတစုံတယောက်က စစ်တပ်ကိုချုပ်ကိုင်ပြီး မောင်ပိုင်စီးလို့မရအောင် စစ်တပ်ရဲ့ဖွဲ့စည်းပုံကို ခွဲခြမ်းပစ်ခဲ့တယ်၊ စိတ်မှာပစ်ခဲ့တယ်။ အဲ .... ပြီးတော့ အိုမင်းမစွမ်းဖြစ်လာတဲ့ဗိုလ်နေဝင်းကို ဂုတ်ချိုးပြီး သေသည်အထိ အကျယ်ချုပ်အကျဉ်းချခဲ့တယ်။ ဗိုလ်နေဝင်းရဲ့အစွယ်အငုတ်မြေးလေးတွေနဲ့ သမက်ကို ထောင်ထဲထည့်ခဲ့တယ်။ သမီးစန္ဒာဝင်းကို ခုတိုင်အကျယ်ချုပ်ချုပ်ထားတယ်။ နောက်တဆင့်တက်ပြီး ဗိုလ်နေဝင်းရဲ့လက်ရင်း တပည့်ကြီးလည်းဖြစ်၊ ဗိုလ်သန်းရွှေကို မာယာပရိယာယ်တွေအကွက်ဆင်ပြီး ချောင်ထိုးပစ်နိုင်သူလည်းဖြစ်တဲ့ ဗိုလ်ခင်ညွန့်ကိုလည်း ခေါင်းမထောင်နိုင်အောင် ရှင်းပစ်ခဲ့တယ်။"

ကျနော်က မှတ်ချက်တခုပေးလိုက်သည်။

"ဦးတိမ်တောင်ရေ။ ဗိုလ်သန်းရွှေက စိစဉ်တကျကိုအကွက်ချပြီး 'ပြုတ်'ခဲ့ပါကလားဗျာ။"

"ဟာဦးခြိမ်သူကြီးရာ ....။ ဗိုလ်သန်းရွှေ 'ပြုတ်'ပုံကတော့ 'ပြုတ်.... ပြုတ် .... ပြုတ် .... ပြုတ် ....' မြည်အောင်ကို 'ပြုတ်'ခဲ့တာ။ အတွင်းရန်နဲ့ပတ်သက်လို့ 'ပြုတ်'သလို အပြင်ရန်လို့ သတ်မှတ်ထားတဲ့သူတွေနဲ့ပတ်သက်လို့လည်း 'ပြုတ်'တယ်ဗျ။ ဒီပဲယင်းလူသတ်ပွဲကိုကြည့်။

အကွက်ချပြီး စီစဉ်တကျဖြောင်သတ်တာ။ ဒေါ်အောင်ဆန်းစုကြည်ချမျာ ကံကောင်းလွန်းလို့။

မနေ့တနေ့က စက်တင်ဘာရွှေဝါရောင်တော်လှန်ရေးကို ဗိုလ်သန်းရွှေဘယ်လိုကိုင်တွယ်ခဲ့သလဲ။

အေးချမ်းစွာမေတ္တာပို့ပြီး ဆန္ဒဖော်ထုတ်ကြတဲ့ သံဃာတော်တွေကိုတောင် လက်ရဲဇက်ရဲဖြောင်သတ်ခဲ့တယ်။ ဗုဒ္ဓရဲ့မျက်နှာတော်ကိုမျှ မထောက်ဘူး။"

ဤတွင် "ဗိုလ်သန်းရွှေဟာ ဗုဒ္ဓဘာသာဝင်စစ်ရဲ့လား" ဟူသောမေးခွန်းမှာ ကျနော့်ခေါင်းထဲဝင်လာသည်။

"ဦးတိမ်တောင်ရဲ့ ။ ဗိုလ်သန်းရွှေဟာ ဗုဒ္ဓဘာသာဝင်စစ်စစ်မဟုတ်လား။ "

"ဗုဒ္ဓဘာသာဝင် စစ်မစစ်တော့မသိဘူးဗျ။ တပြည်လုံးရောက်လေရာရာမှာ ဘုရားတွေဖူးပြတယ်၊ ဆရာတော် သံဃာတော်ကြီးတွေကိုရှိခိုးပြတယ်။ ဒါ အားလုံးအမြင်ပဲ။ ဗုဒ္ဓပူဇော်၊ ဓမ္မပူဇော်၊ သံဃာပူဇော်၊ ပြီးတော့ ဗုဒ္ဓသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိလို့ နေ့စဉ်လိုလို ရွတ်ဆိုနေမှာပါ။ သူ့အသွေးအသားထဲမှာ သူ့ရိုးတွင်းချဉ်ဆီထဲမှာ သူခန္ဓာကိုယ်ထဲမှာ ဗုဒ္ဓ၊ ဓမ္မ၊ သံဃဆိုတဲ့ ရတနာသုံးပါး စိမ့်ဝင်ပျံ့နှံ့နေမှာပါ။ ဒီလိုလူမျိုးက ဗုဒ္ဓရှင်တော်ဘုရားရဲ့ဓမ္မစက်နဲ့ သာသနာ့အောင်ရောက်ရှိလာကြတဲ့ ဘုရားရဲ့သား သံဃာတော်တွေကိုတောင် စစ်ဆင်ရေးလုပ်ပြီးသတ်မှတော့ ကမ်းကုန်ပြီပေါ့ဗျာ။ ခုတော့ အင်တာနက်တန်ခိုးကြောင့် တကမ္ဘာလုံးလိုလိုက ရဟန်းသံဃာကျောင်းသားပြည်သူတွေဘက်က ရပ်ကုန်ကြပြီ။ ဗိုလ်သန်းရွှေကို မသတီစရာအော့နှလုံးနာကုန်ကြပြီ။"

"အင်း ဦးတိမ်တောင်ရေ။ ဗိုလ်သန်းရွှေဟာ သရဲတဘက်အဆင့်ကိုကျော်ပြီး ဘီလူးအဆင့်ရောက်သွားပြီဗျ။ ဘာကြောင့် ဒီလောက်တောင် မိုက်တွင်းနက်နေရတာလဲ။"

ဦးတိမ်တောင်က ကြောင်းကျိုးညီစွာ ဓမ္မဓိဋ္ဌာန်ကျကျရှင်းပြပြန်သည်။ "ဒါက .... ရှင်းပါတယ်ဗျာ အာဏာရယ်၊ ဥစ္စာစည်းစိမ်ရယ်၊ လောဘတက်လွန်းတယ်။

ဒီလောဘရမက်ကြောင့် အာဏာနဲ့ ဥစ္စာစည်းစိမ်ကို ထိပါးလာမယ်ထင်တာနဲ့ ဒေါသမီးတဟုန်းဟုန်းတောက်တော့တာပဲ။ တဆက်တည်း အမှားအမှန်အကောင်းအဆိုးကို အကြောင်းအကျိုးမခွဲခြားနိုင်လောက်အောင်မောဟဖုံးသွားပြီ။ ဒီမှာတင် အပြစ်တွေကို ရာဇဝင်ရိုင်းလောက်အောင်ကျူးလွန်တော့တာပဲ၊ အပြစ်တွေကျူးလွန်ပြီးရင်း ကျူးလွန်ရင်းဖြစ်လာတော့ (Fear) ဆိုတဲ့ အကြောက်တရားက ကြီးသည်ထက် ပိုကြီးလာတယ်။ အဲဒီလို အကြောက်တရားပိုကြီးလေလေ၊ အာဏာကိုမစွန့်ရဲလေလေ။ တကယ်တော့ အပြစ်တွေကြီးမားလွန်းလို့ ဗိုလ်သန်းရွှေဟာ ဥပဒေကြောင်းအရ သေဒဏ်အမိန့်ကျထားတဲ့သေလူဗျ။"

"ဟိုက် .... ဗိုလ်သန်းရွှေဟာ သေလူ" ဗိုလ်သန်းရွှေဘဝက ဘယ်သူမပြု မိမိမှု ကိုယ့်ရှုးကိုယ်ပတ်။ ကိုယ့်ကိုကိုယ်သတ်၊ ဒီတော့ ဗိုလ်သန်းရွှေသည် သေလူဖြစ်နေပြီ။

"ဒီမှာ ဦးခြိမ်သူကြီးရဲ့။ ဗိုလ်သန်းရွှေဟာ သေလူဖြစ်နေတော့ သူ့အတွက် တရက်အသက်ဆက်ရရင် တရက်အမြတ်၊ တလအသက်ဆက်ရရင် တလအမြတ်၊ တနှစ်အသက်ဆက်ရရင် တနှစ်အမြတ်။ ဒါကြောင့် အသက်ဆက်နိုင်ဖို့ဆိုရင် ဘာပဲလုပ်ရလုပ်ရ။ အကုန်လုပ်မှာပဲ။ နောင်ခါလာ နောင်ခါချေး။ အဝီစိမှာ ဂျိုးကပ်စေဦးတော့။ တွင်းတူးပြီးတော့ကို မိုက်နေဦးမှာ အသေအချာဗျ။"

ကျနော် ဦးခြိမ်သူကြီးက 'စကားတောက်' ကြည့်လိုက်ပါသည်။ 'ဒီလိုဆိုရင် ဦးတိမ်တောင်ရဲ့ ။ ဆက်ဆံရေးဝန်ကြီးခန့်ပြီး (dialogue) လုပ်မယ်ဆိုတာက။

"ဟာ (dialogue) လုပ်ပါ့မယ်။ ဘာလုပ်ပါမယ်၊ ညာလုပ်ပါ့မယ်ဆိုနေတာက အလကားပါဗျာ။ ပြည်တွင်းပြည်ပဖိအားတွေကိုတန့်သွားအောင် နောက်တဆင့်လျော့ကျသွားအောင် အချိန်ဆွဲဖို့ဟန်ပြလုပ်နေတာ၊ လိမ်နေတာ၊ ညာနေတာ (Road Map) ခုနစ်ဆင့်အတိုင်းဆက်လုပ်မယ်လို့ ပြည်တွင်းကိုကော ပြည်ပကိုပါဆန့်ကျင်ပြီး တဖက်သတ်ဇွတ်ပြောနေတာ ဖြောင်ပြောနေတာကိုသာကြည့်။"

"ဒါဖြင့် ဦးတိမ်တောင် 'နတ်ကရာကြည့်မော'နေလို့ ဘယ်ဖြစ်ပါ့မလဲ။"

"ဟုတ်တယ် ဦးခြိမ်သူကြီး။ 'နတ်ကရာကြည့်မော' လုပ်နေလို့လည်းမဖြစ်ဘူး၊ ဟိုဝင်းကိုခွေးမျော်လုပ်နေလို့လည်းမဖြစ်ဘူး။ တတုံးစားပြီးပြီ၊ နှစ်တုံးစားပြီးပြီ၊ သုံးတုံးထိမစားမိဖို့အရေးကြီးတယ်။"

ဦးတိမ်တောင်ကပင် ဆက်ပြောသည်။

"ဗိုလ်သန်းရွှေဟာ 'ဆင်ကန်းကြီး'ဗျ။ ဒီတော့ အာဏာအသက်ဆက်ဖို့ သေသည်အထိ 'ဆင်ကန်းတောတိုး' ထင်ရာစိုင်းသွားမှာ။ အဲဒီလိုထင်ရာစိုင်းနိုင်ဖို့ ဗိုလ်သန်းရွှေရဲ့ဘဝက ဗိုလ်သန်းရွှေကို သဘာဝကျကျမောင်းနှင်နေတာ။"

"ကိုင်း .... ဒါဖြင့် ကျနော်တို့တတွေ ဘာလုပ်ကြမလဲ။"

"အား ....ဦးခြိမ်သူကြီးရယ်။ ကျနော်တို့က ဆင်ကန်းတောတိုးလုပ်နေတဲ့ ဗိုလ်သန်းရွှေကို 'ဆင်ကန်းကြီး'လို့ မြင်ရမယ်။ ဒီ 'ဆင်ကန်းကြီး'ဟာ သူ့ဘာသာသူဖန်တီးတဲ့ (Fear) ဆိုတဲ့ အကြောက်တရားထဲမှာ သူ့ဘာသာသူချောင်ပိတ်မိနေပြီ။ သူ့ဘဝက သူ့ကို အရှင်ထွက်,ထွက်ဖို့ခွင့်မပြုဘူး။ ဒီအချက်ကို ကျနော်တို့အမြင်ရှင်းဖို့လိုတယ်။ အမြင်ပြတ်ဖို့လိုတယ်။ အကောင်းဘက်က အကြည့်မလွန်ဖို့လိုတယ်၊ အားမနာစတမ်းပြောရရင် ကျနော်တို့ မ,အဖို့လိုတယ်။"

"သူက အရှင်ထွက် မထွက်တော့ဘယ်

စာမျက်နှာ (၁၆) ကော်လံ (၄) သို့...

ဒေါ်အောင်ဆန်းစုကြည်အားအကြမ်းမဖက်လှုပ်ရှားမှုအတွက်စပိန်နိုင်ငံမှဆုချီးမြှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီးမှ လက်ခံရယူခဲ့

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီးဦးဘိုလှတင့်မှဆုလက်ခံယူစဉ်

ဇန်နဝါရီ ၂၃ ။

အကြမ်းမဖက်သည့် ဒီမိုကရေစီရေး လှုပ်ရှားမှုများအတွက် စပိန်နိုင်ငံ၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးလှုပ်ရှားသည့် အာဘိုဂါဒိုဒေအာတိုချာ ဖောင်ဒေးရှင်းမှ အာတိုချာရှေ့နေများဆု (Abogados de Stocha) ကို ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုပေးအပ်ခဲ့သည်။

ထိုဆုအား ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီး ဦးဘိုလှတင့်က ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား လက်ခံရယူခဲ့ပြီး စပိန်နိုင်ငံ၊ ဒိုးမြို့ ကတ်စတီရာလာမန်းချားပြည်နယ်တွင် သမတဟိုဆေး မာရီရာဘာရတ်တာက ပေးအပ်ခဲ့သည်။

လွန်ခဲ့သည့် နှစ်ပေါင်း (၂၅) နှစ်ခန့်က လူ့အခွင့်အရေးလှုပ်ရှားသူ စပိန်ရှေ့နေ (၉) ဦး အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်ကိုအောက်မေ့သည့်အနေဖြင့် ထိုဆုအား ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၂ ခုနှစ်မှစတင်ကာ လွတ်လပ်မှု၊ တရားမျှတမှုနှင့် ဒီမိုကရေစီ ရရှိအောင် ကြိုးပမ်းနေသူများအား ပေးအပ်ခြင်းဖြစ်ပြီး ယင်းဆုပေးအပ်သည့် အာဘိုဂါဒိုဒေအာတိုချာဖောင်ဒေးရှင်းကို စပိန်နိုင်ငံရှိ နာမည်ကြီးကဗျာဆရာများ၊ ရှေ့နေများ၊ အစိုးရဝန်ကြီးများနှင့် လွတ်လပ်မှုကိုမြတ်နိုးသည့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ယင်းဆုအား တရားမျှတမှုအတွက် ပေးအပ်သည့် နိုင်ငံတကာဆုအဖြစ် စပိန်နိုင်ငံသားတို့က တန်ဖိုးထားဂုဏ်ယူခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား ညွန့်ပေါင်းအစိုးရဝန်ကြီးဖြစ်သူ ဦးဘိုလှတင့်က "ဒေါ်အောင်ဆန်းစုကြည်ဟာ အကြမ်းမဖက်တဲ့နည်းနဲ့ မြန်မာနိုင်ငံမှ လူ့အခွင့်အရေး၊ လွတ်လပ်မှုနဲ့ဒီမိုကရေစီရရှိအောင် ဦးဆောင်ကြိုးပမ်းနေတဲ့ အမျိုးသမီးခေါင်းဆောင်ဖြစ်တယ်။ သူ့ရဲ့အတွေးအခေါ်ကလည်း အကြောက်တရားကင်းဝေးဖို့အတွက် လူတွေကို ဦးဆောင်လမ်းညွှန်ပေးနေတယ်။ သူဟာ အကြမ်းမဖက်ဘဲ နှလုံးရည်နဲ့ဦးဆောင်နေတဲ့ ခေါင်းဆောင်ဖြစ်တယ်။ တိုင်းပြည်နဲ့ပြည်သူလူထုအတွက် သူ့ရဲ့ကိုယ်ကျိုးစီးပွားအနစ်နာခံတယ်ဆိုတဲ့အချက်တွေအပေါ်မှာ ပေးတာဖြစ်တယ်"ဟု ပြောဆိုခဲ့သည်။

ယခုအခါတွင် နေအိမ်အကျယ်ချုပ်ကျခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်သည် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ချီးမြှင့်သည့်ဆုပေါင်း (၈၂) ခု ရရှိထားခဲ့ပြီးဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ပြည်တော်ပြန်ခရီးအစဖြစ်သော အသက် (၄၃) နှစ်အရွယ်မှစ၍ ယနေ့အထိ နိုင်ငံရေးကိုအခြေခံသော ဒေါ်အောင်ဆန်းစုကြည်အကြောင်းအား ဟောလီးဝုဒ်မှ နာမည်ကြီးဒါရိုက်တာများနှင့်ပူးပေါင်း၍ အီတလီဒါရိုက်တာ ဂွတ်ဆပ်တော်နာတို့က အင်္ဂလိပ်ဘာသာဖြင့် ယခုနှစ်ကုန်ပိုင်းမှစ၍ ရိုက်ကူးတော့မည်ဖြစ်ကြောင်းလည်းသိရသည်။ ◆

မြန်မာ့အရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီနှင့် သံဃာ့ဥသျှောင်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန်ပြင်ဆင်

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီနှင့်သံဃာ့ဥသျှောင်အဖွဲ့ထိုင်း - မြန်မာနယ်စပ်တနေရာတွင်တွေ့ဆုံဆွေးနွေးခဲ့ကြစဉ်

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီသည် မြန်မာ့အရေးများကိုဆောင်ရွက်ရာတွင် သံဃာ့ဥသျှောင် (ထိုင်းနိုင်ငံ) အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ကိုယ်စားလှယ်အဖွဲ့တဖွဲ့ကိုဖွဲ့စည်းလိုက်ကြောင်း ဇန်နဝါရီလ (၂၅) ရက်နေ့စွဲဖြင့် ကြေညာချက်တစောင်ထုတ်ပြန်ခဲ့သည်။

ဇန်နဝါရီလ (၂၄) ရက်နေ့က ကျင်းပခဲ့သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးအရ အချက်သုံးချက်ပါသော ကြေညာချက်တစောင်ကိုထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ကြေညာချက်ပါအချက်များအနက် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီယူဘီ) မြန်မာနိုင်ငံရှေ့နေများကောင်စီတို့နှင့် သံဃာ့ဥသျှောင်အဖွဲ့ (ထိုင်းနိုင်ငံ) တို့ ပုံမှန်ဆက်သွယ်ဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ အဆင်ပြေချောမွေ့စွာဖော်ဆောင်ရေးအတွက် အဖွဲ့ဝင်လေးဦးပါ ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့တဖွဲ့အား ဖွဲ့စည်းတာဝန်ပေးခြင်းဖြစ်သည်။ အဖွဲ့ခေါင်းဆောင်မှာ ဖဒိုမန်းငြိမ်းမောင် (ကေအဲန်ယူ) ဖြစ်ပြီး အဖွဲ့ဝင်များအဖြစ် ဦးမျိုးဝင်း (အဲန်စီယူဘီ)၊ ဦးညွန့်လွင် (ဘီအယ်လ်စီ) နှင့် ဦးထွန်းအောင်ကျော် (အဲန်အယ်လ်ဒီ–အယ်လ်အေ) တို့ဖြစ်ကြသည်။

အဖွဲ့၏ရည်ရွယ်ချက်များအနေဖြင့် သာသနာတော်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များ ဖော်ဆောင်မှုဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် သံဃာ့ဥသျှောင်အဖွဲ့နေထိုင်ရပ်တည်ရေးနှင့် လုံခြုံရေးဆိုင်ရာလုပ်ငန်းအဖွဲ့တာဝန်ရှိသူများနှင့် ပုံမှန်ဆက်ဆံမှုများပြုလုပ်သွားမည့်အပြင် သံဃာ့ဥသျှောင်အဖွဲ့၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးသွားရန်လည်းပါဝင်သည်။

ထို့အပြင် ထူးခြားသည့်မူဝါဒဆိုင်ရာလုပ်ငန်းစဉ်များ၊ လုံခြုံရေးအရ အရေးကြီးလိုအပ်ချက်များရှိခဲ့ပါက အမျိုးသားကောင်စီဌာနချုပ်နှင့်ဆက်စပ်၍ လိုအပ်မှုနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ကြေညာချက်တွင်ဖော်ပြပါရှိသည်။

ထိုင်း–မြန်မာနယ်စပ်သို့ ပီနန်ဆရာတော်ဘုရားကြီး ကြွရောက်တော်မူခဲ့ပြီး ဇန်နဝါရီလ (၁၄) ရက်နေ့တွင် သံဃာတော် (၉) ပါးပါဝင်သော သံဃာ့ဥသျှောင် (ထိုင်းနိုင်ငံ) ကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည်။

◆

ကုလသမဂ္ဂ၏တာဝန်ယူဖြေရှင်းမှုသာလျှင်

အကောင်းဆုံးနည်းလမ်းဟုယုံကြည်ပါက အဖွဲ့ဝင်များအနေနှင့် ကုလ၏ရပ်တည်ဆောင်ရွက်မှုများကိုလိုက်နာရန် ထောက်ခံပေးရန်လိုအပ်

ဇန်နဝါရီလ ၂၄။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီမှ ကုလသမဂ္ဂ၏အထူးကိုယ်စားလှယ် ပါမောက္ခမစ္စတာဂမ်ဘာရီအား မြန်မာနိုင်ငံသို့ပြန်လည်ဝင်ရောက်ရန် ခွင့်ပြုချက်မပေးခဲ့ခြင်းအပေါ်တွင် ပြင်းထန်စွာရှုတ်ချလိုက်သည်။

ထိုကြေညာချက်တွင် စစ်အုပ်စု၏ဈေးစပ်ရေးဆွေးနွေးမှုများမှာ ရှေးလမ်းဟောင်းအတိုင်းကဲ့သို့ပင် အချိန်ဆွဲကာနောက်ကျနေမြဲဖြစ်ပြီး ထိုထက်ပို၍ဆိုးသည်မှာ စစ်အုပ်စု၏ ထိုသို့အဓိပ္ပါယ်ပြည့်ဝသောတွေ့ဆုံဆွေးနွေးရေးလမ်းစဉ်ကိုလည်းကောင်း၊ တိုးတက်သောပြောင်းလဲမှုများကိုလည်းကောင်း မျက်စိမှိတ်ကာငြင်းဆန်နေခြင်းအား ကုလသမဂ္ဂနှင့် ကုလ၏အဖွဲ့ဝင်အစိုးရအများစုမှာ ယခုတိုင်နှုတ်ဆိတ်နေဆဲဖြစ်သည်ဟု ဖော်ပြပါရှိသည်။

အဲန်စီယူဘီ၏ကြေညာချက်တွင် မစ္စတာဂမ်ဘာရီအား မြန်မာပြည်တွင်းသို့ဝင်ခွင့်မပေးသေးခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာပြည်အတွက်ခန့်ထားသော ကုလ၏ဌာနကိုယ်စားလှယ်အား မြန်မာပြည်၌နေထိုင်ခွင့်ရုပ်သိမ်းကာ ဗီဇာထုတ်မပေးတော့ခြင်းအားလည်းကောင်း ထောက်ပြဝေဖန်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအနက် အသေးငယ်ဆုံးသောအဖွဲ့လေးဖြစ်သည့် ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် (အိုင်အယ်လ်အို) အနေနှင့် အဓမ္မလုပ်အားပေးခိုင်းစေမှုများနှင့်ပတ်သက်၍ တာဝန်ယူဆောင်ရွက်ရန် ရန်ကုန်တွင်ရုံးဖွင့်ထားနိုင်သောလိုအပ်သည့်အချိန်တွင် ပြည်ဝင်ခွင့်ဗီဇာရရှိရန် စွမ်းဆောင်ကြိုးစားနိုင်သော အိုင်အယ်လ်အို၏လုပ်နည်းလုပ်ထုံးများအား ကုလသမဂ္ဂအဖွဲ့ကြီးက စောင့်ကြည့်လေ့လာသင့်ကြောင်းလည်းဖော်ပြထားသည်။ ဆက်လက်၍ မြန်မာပြည်စစ်အုပ်စုအား ကုလသမဂ္ဂ၏ထုတ်ပြန်ကြေညာချက်များ၊ တိုက်တွန်းတောင်းဆိုချက်များအား လိုက်နာဆောင်ရွက်ပါရန် အစဉ်တစိုက်တိုက်တွန်းလာခဲ့သော ကုလသမဂ္ဂဌာနချုပ်အနေနှင့်လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေနှင့်လည်းကောင်း မြန်မာ့အရေးတွင် ယခုထက် ပိုမိုပါဝင်ဆောင်ရွက်ပါရန်ကိုလည်း အဲန်စီယူဘီမှတောင်းဆိုထားသည်။

မြန်မာ့အရေးတွင် စစ်အုပ်စုအားအပြတ်အသတ်ဆန့်ကျင်နေဆဲဖြစ်ကြသော သမတဘုရှ်၊ ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းနှင့် ပြင်သစ်သမတဆာကိုဇီတို့အားလုံးသည် စီးပွားရေးပိတ်ဆို့ခြင်း သံတမန်ဖြတ်တောက်ခြင်းစသည်အားဖြင့် စစ်အုပ်စုက မစ္စတာဂမ်ဘာရီအား မြန်မာပြည်သို့ဝင်ရောက်ရေးလိုက်လျောခွင့်ပြုရသည့်တိုင်အောင် အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် အထူးသံကိုယ်စားလှယ် ပါမောက္ခဒေါက်တာဂမ်ဘာရီတို့အား အပြည့်အဝထောက်ခံပံ့ပိုးပေးပါရန်လည်း တိုက်တွန်းထားသည်။

နအဖစစ်အုပ်စုသည် နိုင်ငံတကာဖိအားမှန်သမျှ အရေးဂရုမထားခြင်းအား တကမ္ဘာလုံးကထင်သာမြင်သာရှိနေပြီဖြစ်ပြီး အကယ်၍ နိုင်ငံတကာလူ့အဖွဲ့အစည်းများအနေနှင့် မြန်မာ့အရေးအား ကုလသမဂ္ဂ၏ချဉ်းကပ်ဖြေရှင်းမှုကသာလျှင် အကောင်းဆုံးနည်းလမ်းဟုယုံကြည်ယူဆကြပါက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံး၏ လိုက်နာထမ်းဆောင်ရမည့်တာဝန်နှင့်ဝတ္တရားဆိုသည်မှာ ကုလသမဂ္ဂ၏ရပ်တည်ချက်ပေါ်တွင်သာ တဖက်တည်းရပ်တည်သွားကြရမည်ဖြစ်ကြောင်း ကြေညာချက်တွင်ဖော်ပြပါရှိသည်။

သို့ဖြစ်၍ ပထမအဆင့်အနေဖြင့် အဖွဲ့ဝင်နိုင်ငံများအားလုံး စည်းလုံးညီညွတ်စွာပူးပေါင်းလျက် ကုလ၏အထူးကိုယ်စားလှယ်မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် နအဖစစ်အုပ်စုအားဖိအားပေးပါရန် တိုက်တွန်းတောင်းဆိုလိုက်ကြောင်းသိရသည်။

မျက်နှာဖုံးသတင်းအဆက်မှ ....

ခုနှစ်ထဲမှာ မလွဲမသွေမျှော်လင့်ထားပါတယ်" ဟုပြောခဲ့သည်။ ဆက်လက်၍ ၂၀၀၈ ခုနှစ်အား အမျိုးသားပြန်လည်သင့်မြတ်ရေးနှစ်အဖြစ်မြင်လိုကြောင်းကိုလည်း ထည့်သွင်းပြောသွားသည်။

အမေရိကန်၏ ထိပ်တန်းအမျိုးသမီးကြီး မစ္စဘုရှ်က ကြေညာချက်ထုတ်ပြန်ရာတွင် "မြန်မာစစ်အစိုးရအနေဖြင့် ကုလသမ္မဂ္ဂလုံခြုံရေးကောင်စီကိုပေးထားသည့် ကတိကဝတ်ကို လိုက်နာရန်တိုက်တွန်းလိုက်သည်၊ ထို့အပြင် စစ်အစိုးရနှင့်အတိုက်အခံအင်အားစုများအကြား အဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးရေးလမ်းစဉ်သို့ အရောက်လှမ်းမည့်ခြေလှမ်းများကိုလည်း ပိုမို၍ စတင်လျှောက်လှမ်းရန် တိုက်တွန်းလိုက်သည်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေနှင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အခြားနိုင်ငံရေးအကျဉ်းသားများအား ချက်ခြင်းလွှတ်ပေးရမည်ဖြစ်ပြီးသို့မှသာလျှင် စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကို စတင်နိုင်မည်ဖြစ်သည်"ဟု ကြေညာချက်တွင်ဖော်ပြထားသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် ဗြိတိသျှလက်အောက်မှလွတ်မြောက်ပြီးချိန်မှစ၍ အာရှ၏နောင်ရေးတွင် အလားအလာအကောင်းဆုံးတိုင်းပြည်ဖြစ်ခဲ့သော်လည်း စစ်တပ်အုပ်ချုပ်နေခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်အတွင်း မြန်မာ့စီးပွားရေးအခြေအနေမှာ မယုံနိုင်လောက်အောင် ဆုတ်ယုတ်ကျဆင်းလာခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအတွင်းရေးမှူး ဦးအေးသာအောင်က ဧရာဝတီသတင်း ဌာနနှင့်တွေ့ဆုံမေးမြန်းရာတွင် လွတ်လပ်ရေးရပြီး အနှစ် (၆၀)ရှိနေပြီဖြစ်သည့် ယခုအချိန်တွင် တိုင်းပြည်သည် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့်တိုင်းရင်းသားအခွင့်အရေးများ၊ အပြည့်အဝရှိနေသောနိုင်ငံဖြစ်နေသင့်ပြီဖြစ်ပြီး တိုင်းပြည်တွင်နေထိုင်နေကြသော တိုင်းရင်းသားအားလုံး၊ လူအားလုံးက ကိုယ့်အခွင့်အရေးကိုယ်ရရန် ရောက်သည့်နေရာ၊ ရောက်သည့်အဖွဲ့အစည်းတွင်ရပ်တည်ပြီး တိုက်ပွဲဝင်ကြရန် တိုက်တွန်းသွားခဲ့သည်။

◆

ရှစ်ဆယ့်ရှစ်မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်သူ ကိုနေတင်မြင့်နှင့်ဆက်သွယ်မေးမြန်းချက်

ပြည်တွင်းမှာရှိတဲ့ ပြည်သူပြည်သားတွေသာမက ပြည်ပမှာရှိ တဲ့ မြန်မာနိုင်ငံသားအားလုံးဟာ "တာဝန်သိ ရင် တာဝန်ရှိတယ်" ဆိုတဲ့ခံယူချက်ရှိရမယ်၊ အားလုံးမှာ တာဝန်အပြည့်ရှိတယ်၊ စုစည်းညီ ညွတ် တိုင်တိုင်ပင်ပင်နဲ့လုပ်နိုင်တဲ့ အခန်းကဏ္ဍကနေ အားပြည့်အင်ပြည့်ဆောင်ရွက် ရမယ်၊ ဒါကြောင့် တယောက်တပေါက်လုပ် တာမျိုး၊ အစီအစဉ်မဲ့ လုပ်တာမျိုးတွေရှောင် ရှားပြီး တချိန်တည်းတပြိုင်တည်း ကျစ်လစ်တဲ့အားနဲ့ တွန်းလှန်ဖြိုဖျက်ဖို့လိုတယ်၊

မေး ။ ။ အဲန်အယ်လ်ဒီရဲ့ လှုပ်ရှားမှုကို အားမရဘူးဖြစ်နေကြတယ်။ NLD (LA) ကိုရောက်လာတဲ့ (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးအနေနဲ့ NLD နဲ့ (၈၈) ကြားမတူကွဲပြားခြားနားမှုတွေ ဘယ်လိုမြင်ပါသလဲ။

ဖြေ ။ ။ ဒီမေးခွန်းက ထိုင်းနိုင်ငံနယ်စပ်ရောက်လာပြီးကတည်းက၊ ခဏခဏမေးခံရတဲ့မေးခွန်းပါပဲ။ (၁၉၈၈–၈၉) တုန်းက ကျနော်က "သုံးရောင်ခြယ်ကျောင်းသားလူငယ်များတပ်ဦး" ရဲ့ အထွေထွေအတွင်းရေးမှူးတယောက်ဖြစ်ခဲ့သလို (NLD) လူငယ်ရဲ့ ခေါင်းဆောင် (လူငယ်ဗဟိုတာဝန်ခံ) တဦးလည်းဖြစ်ခဲ့ပါတယ်။ (၈၉) ခုနှစ်မှာ၊ စစ်အာဏာရှင်ဆန့်ကျင်ရေးတရားဟောပြောမှုနဲ့ ထောင်ကျပြီး၊ ထောင်ထဲမှာ (၁၅) နှစ်နေထိုင်ခဲ့ရတယ်။ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လမှာ ပြန်လွတ်လာခဲ့တယ်။ လွတ်လာပြီးနောက်ပိုင်းမှာ နိုင်ငံရေးလိုအပ်ချက်အရ "(၈၈) မျိုးဆက်ကျောင်းသားအဖွဲ့ကို ဖွဲ့စည်းပြီး၊ မင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကြွယ်တို့နဲ့အတူ ဦးဆောင်လှုပ်ရှားခဲ့ပါတယ်။ ၂၀၀၅ နောက်ပိုင်းလှုပ်ရှားမှု (Campaign) တွေကို ပြန်ကြည့်မယ်ဆိုရင်၊ (၈၈) မျိုးဆက်ကျောင်းသားများဦးဆောင်မှု "ခေါင်း" နှင့် NLD "Nay Tin Myint" လူငယ်အဖွဲ့အစည်းဝင်များ ကျောင်းသားအဖွဲ့အစည်းများနဲ့ "ကိုယ်" ပေါင်းစပ်ပြီး၊ ထိရောက်တဲ့ လူထုလှုပ်ရှားမှုအသွင်သဏ္ဌာန်ကို အားလုံးတသားတည်း၊ တထပ်တည်း တူညီစွာလှုပ်ရှားဆောင်ရွက်ခဲ့ကြတယ်။ ရန်ကုန်မြို့သာမက နယ်ပယ်အသီးသီးကပါ အင်နဲ့အားနဲ့ အောင်အောင်မြင်မြင်ဖော်ဆောင်နိုင်ခဲ့တယ်။ ကျနော်တို့တတွေဟာ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးအတွက် ယုံကြည်ချက်ရှိရှိ ခံယူချက်ပြင်းပြင်းနဲ့ အဓိကအလိုအပ်ဆုံးဖြစ်တဲ့ "အမျိုးသားပြန်လည်သင့်မြတ်ရေး"ကို တစိုက်မတ်မတ်ပြောဆိုခဲ့ပြီး၊ အမျိုးသားပြန်လည်သင့်မြတ်ဖို့ "စစ်မှန်သောတွေ့ဆုံဆွေးနွေးရေးသာဖြစ်တယ်ဆိုတာ အားလုံးလက်ခံထားကြတယ်။ နောက်တခုက ပြည်တွင်းမှာရှိတဲ့ အဖွဲ့အစည်းများစွာက အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ စစ်အာဏာရှင်ကို ဆန့်ကျင်လှုပ်ရှားဆောင်ရွက်နေပေမယ့် အားလုံးရဲ့ရင်ထဲမှာ ဘုံရည်မှန်းချက်ပန်းတိုင်က တူညီတယ်။ Legitimacy အရ လူထုရဲ့ Mandate ရထားတဲ့၊ NLD ကိုဝိုင်းရံရမယ်။ ပံ့ပိုးကူညီရမယ်။ အဲ့ဒီလို NLD ကို ဝိုင်းရံကူညီပံ့ပိုးတာဟာ၊ ပါတီစွဲ ဝါဒစွဲကြောင့်၊ ဝိုင်းရံ

ကူညီထောက်ခံနေတာမဟုတ်ပါဘူး။ လူထုကြီးဟာ ၁၉၉၀ ရွေးကောက်ပွဲမှာ NLD ကို (၈၂) ရာခိုင်နှုန်းကျော်ကျော် မဲပေးလိုက်တဲ့အတွက်၊ လူထုရဲ့ Mandate ကိုဝိုင်းရံတာ ပံ့ပိုးတာဆိုရင် ပိုမှန်ပါလိမ့်မယ်။ ဒါကြောင့် အထဲမှာက မူပိုင်းဆိုင်ရာဦးဆောင်မှု (Policy) ပိုင်းနှင့် လှုပ်ရှားမှုဆိုင်ရာဦးဆောင်မှု (Activity) အပိုင်းဆိုပြီး (၂) ခုရှိပါတယ်။ ဖြစ်ပေါ်လာတဲ့အခြေအနေအရ (Policy) အပိုင်းကို NLD ရဲ့ CEC များနှင့် CRPP ကိုယ်စားပြုကော်မတီများက ဦးဆောင်ချမှတ်ပြီး Activity အပိုင်းကိုတော့ ကျောင်းသား၊ လူငယ်အဖွဲ့အစည်းများက ဦးဆောင်ဖော်ဆောင်ရမယ်။ ဒီလို အပိုင်းလိုက်ဖော်ဆောင်တာကို ကိုယ့်အချင်းချင်းက ကျေကျေလည်လည်နားလည်ထားရမယ်။ (၈၈) လား NLD လားဆိုတဲ့ အခွံအကာပြဿနာကို ပြည်တွင်းမှာစိတ်မဝင်စားပါဘူး။ ရောက်တဲ့နေရာက နေကျတဲ့တာဝန်ကိုဆောင်ရွက်နေကြပါတယ်။ နားလည်မှုအချင်းချင်းလွဲနေမယ်၊ အပြစ်တင်နေကြမယ်၊ အခွံအကာ၊ ပြဿနာကိုပုံကြီးချဲ့ကြမယ်ဆိုရင်၊ ဘုံဦးတည် တိုက်ခိုက်မယ့်အရာဟာ ဝေဝါးသွားလိမ့်မယ်၊ ရန်သူပျောက်ဆုံးသွားလိမ့်မယ်။

မေး ။ ။ ဒီနေ့ကာလမှာ ခိုင်မာသောဦးဆောင်မှုတရပ်လိုအပ်နေတယ်လို့ အားလုံးက သုံးသပ်ကြတယ်။ အဲ့ဒီခိုင်မာသောဦးဆောင်မှုကို ဘယ်လိုထူထောင်နိုင်မလဲ။

ဖြေ ။ ။ ပြည်တွင်းမှာရှိတဲ့ NLD နှင့် CRPP အဖွဲ့များက ခိုင်မာသောဦးဆောင်မှုတွေပေးနိုင်အောင် တိကျပြတ်သားတဲ့ နိုင်ငံရေးအမြင်တွေ ပြည်သူလူထုကို ပြတ်ပြတ်သားသား အရင်တုန်းကထက်ပိုပေးနိုင်ဖို့ လိုအပ်တယ်။ ပြည်တွင်းသာမက ပြည်ပရောက်ခေါင်းဆောင်များ၊ ပညာရှင်များက တူညီတဲ့ (Clear-message) ကို လူထုကိုပေးနိုင်ရမယ်။ လူထုကြီးက Road Map တစုံလုံးကို ဆန့်ကျင်တိုက်ဖျက်ပြီး တဆင့်ခြင်းကို ခိုင်မာသော ခံစစ်နဲ့ခံကာရမယ်။ ကိုယ်ရောက်တဲ့နေရာ နဲ့ကိုယ်လုပ်ရမယ့်အလုပ်ကို သိနားလည်ပြီး ကိုယ့်အကန့်နဲ့ကိုယ် ကိုယ့်တာဝန်ကို ကျေပွန်စွာ ဖော်ဆောင်ရမယ်။ (NLD အပါအဝင်၊ ဦးဆောင်ပါတီ အဖွဲ့အစည်းပုဂ္ဂိုလ်တွေက၊ Mandate ကိုပိုင်ဆိုင်ထားတဲ့အတွက် စစ်အုပ်စုက တဖက်သတ်ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို တရားဝင်မှုမရှိဘူးဆိုတာ တရားဝင်ပြောရမယ်။ တာဝန်ဟာ Mandate ကိုင်ထားတဲ့ MP များရဲ့တာဝန်ဖြစ်ပြီး မဲပေးမှု ဆန့်ကျင်ဖို့၊ ကန့်ကွက်ဖို့ဆိုတာက လူထုအားလုံးရဲ့ တာဝန်ဖြစ်တယ်။) ဒါပေမယ့် အားလုံးက "တသံတည်း" ဖြစ်ဖို့လိုအပ်တယ်။ အဲဒါက ခိုင်မာသောဦးဆောင်မှုပဲ။ ဒီ Road map (၇) ချက်တိုက်ပွဲဟာ တော်လှန်ရေးတရပ်ကိုဆင်နွှဲနေတဲ့ ဒီမိုကရေစီအင်အားစုများရဲ့ နောက်ဆုံးတိုက်ပွဲဖြစ်ပြီး ၁၉၉၀ ရွေးကောက်ပွဲကတင်မြှောက်လိုက်တဲ့ကိုယ်စားလှယ်များအတွက်တော့ နောက်ဆုံးရဲ့ နောက်ဆုံးတိုက်ပွဲဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်းဖြစ်တတ်ဖို့လိုတယ်။

မေး ။ ။ ရွှေဝါရောင်တော်လှန်ရေးရဲ့ အရှိန်အဟုန်ဟာ မှေးမှိန်သွားပြီလား။ ဒီထက်ကြာသထက်ကြာရင် ပျောက်ကွယ်သွားတော့မှာလား။ ကိုနေတင်မြင့်အမြင် ဘယ်လိုရှိပါသလဲ ....။

ဖြေ ။ ။ အမိမြန်မာပြည်ကြီးရဲ့ ကတ္တရာလမ်းမတွေပေါ်မှာ စေးထန်းထန်းဖြစ်နေတဲ့သမိုင်းအစဉ်အဆက်က ရဲဝံ့ပြောင်မြောက်စွာလွတ်လပ်ရေးအတွက်တိုက်ခိုက်ခဲ့တဲ့ ရဲရဲနီတော်လှန်ရေးသွေးတွေဟာ မခန်းခြောက်ခဲ့သလို (၈၈) မှသည် ၂၀၀၇ ထိ တော်လှန်ရေးအတွက် ပေးဆပ်ခဲ့တဲ့သွေးတွေဟာလည်း အထင်အရှားမြင်တွေ့နေရဆဲပဲ။ ကျနော်ပြောချင်တာက စစ်အာဏာရှင်တွေဟာ အာဏာတည်မြဲဖို့ဆိုရင် ဘာသာရေးအရအထွဋ်အမြတ်ထားတဲ့ ဘုရားရဲ့သားတော်တွေပါမချန်၊ ကျောင်းသားလူငယ်အဆုံး လူထုကြီးကြောက်လန့်သွားအောင်၊ နောက်မလုပ်ရဲအောင် ရက်ရက်စက်စက် ကြမ်းကြမ်းရမ်းရမ်းဖြိုခွဲနှိမ်နင်းခဲ့ကြပါတယ်။ ဒါပေမယ့် လူထုကြီးရဲ့စိတ်ဓာတ်ကို ဘယ်လိုအရာနဲ့မှ ရိုက်နှက်ဖြိုခွဲဖျက်ဆီးလို့မရဘူးဆိုတာ ၂၀၀၇ စက်တင်ဘာရွှေဝါရောင်တော်လှန်ရေးကြီးက သက်သေပြခဲ့ပြီးပါပြီ။ မကြာခင်ကာလမှာလည်း လူထုရဲ့မှန်ကန်ရဲဝံ့သောစိတ်ဓာတ်ကို စစ်အာဏာရှင်များ မျက်ဝါးထင်ထင်မြင်တွေ့ရအုံးမှာပါ။ ရွှေဝါရောင်တော်လှန်ရေးကြီးမှာ ဆရာတော်ကြီးများအပါအဝင်၊ ရဟန်းသံဃာ ကျောင်းသားပြည်သူတွေရဲ့တော်လှန်ရေးအမြင်ကတော့ ပြတ်ပြတ်သားသားဖြစ်သွားပါပြီ။ အရင်တုန်းက ဒီမိုကရေစီပေါ်ထွန်းရေးနဲ့ စစ်အာဏာရှင်စနစ်ပြုတ်ကျရေးကို တထပ်တည်းလို့မသိခဲ့ကြပါဘူး။ စစ်အာဏာရှင်စနစ်ပြုတ်ကျရေးနဲ့ ဒီမိုကရေစီပေါ်ထွန်းရေးတို့ဟာ တသားတည်း တထပ်တည်းပဲဆိုတာ လူထုရဲ့ရင်ထဲမှာ ကိန်းအောင်းဖြစ်တည်သွားပါပြီ။ ကုန်ကုန်ပြောရရင် လူထုရဲ့ခံစားချက်နာကျည်းချက်၊ မကျေနပ်ချက်တွေဟာ ရိုးတွင်းချဉ်ဆီထိစွဲနေတာက "စစ်အာဏာရှင်စနစ်အလိုမရှိ" ဆိုတာပါပဲ။

ဒီစစ်အာဏာရှင်သက်ဆိုးရှည်စေမယ့် ပြည်သူလူထုကြီး ဆင်းရဲတွင်းနက်သထက်နက်စေမယ့် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးဆိတ်သုဉ်းစေမယ့်လူဖြစ်လာပြီး လူ့အခွင့်အရေး (ကိုယ့်အခွင့်အရေး) ကို ပိုင်ဆိုင်ခွင့်မရှိတဲ့အာဏာရှင်စနစ်ဆိုးရဲ့ သေနတ်ပြောင်းဝအောက်မှာ မွေးရာပါအခွင့်အရေးတွေ ဆုံးရှုံးခဲ့ပြီးပြီ၊ အဲဒါတင်မကဘူး။ ကြောက်ရွံ့ဖိစီးမှုများစွာနှင့် သားစဉ်မြေးဆက်နေထိုင်သွားရမယ့် ဒီ Road Map (၇) ချက်ကို ဒီမိုကရေစီလိုလားတဲ့ တော်လှန်ရေးအင်အားစုများက ဘယ်လိုထိထိရောက်ရောက်ဆန့်ကျင်ဖြိုဖျက်ရမလဲဆိုတာ နည်းလမ်းသစ်ကို ရှာဖွေဖော်ထုတ်ရမယ်။ ပြည်တွင်းမှာရှိတဲ့ ပြည်သူပြည်သားတွေသာမက ပြည်ပမှာရှိတဲ့ မြန်မာနိုင်ငံသားအားလုံးဟာ "တာဝန်သိရင်၊ တာဝန်ရှိတယ်" ဆိုတဲ့ ခံယူချက်ရှိရမယ်။ အားလုံးမှာ တာဝန်အပြည့်ရှိတယ်။ စုစည်းညီညွတ် တိုင်တိုင်ပင်ပင်နဲ့လုပ်နိုင်တဲ့ အခန်းကဏ္ဍကနေ အားပြည့်အင်ပြည့်ဆောင်ရွက်ရမယ်။ ဒါကြောင့် တယောက်တပေါက်လုပ်တာမျိုး၊ အစီအစဉ်မဲ့ လုပ်တာမျိုးတွေရှောင်ရှားပြီး တချိန်တည်း၊ တပြိုင်တည်း ကျစ်လစ်တဲ့အားနဲ့ တွန်းလှန်ဖြိုဖျက်ဖို့လိုတယ်၊ အခုအခြေအနေမှာ လူထုရဲ့စွမ်းအားပြည့်လက်နက်ကတော့ "လူထုအား" (Mass power) ပဲ။ ဒီလူထုအားနဲ့ Road Map (၇) ချက်ကို ဆန့်ကျင်တိုက်ဖျက်နိုင်သလို စစ်အာဏာရှင်စနစ်ကိုလည်း အလုံးစုံချုပ်ငြိမ်းအောင်လုပ်နိုင်တယ်ဆိုတာ ကျနော်ရဲရဲကြီးပြောရဲတယ်။

အခုအချိန်မှာ စွန့်စားရဲတဲ့စိတ်ဓာတ်တွေနဲ့ ခိုင်မာပြတ်သားရဲဝံ့စွာကိုယ်တိုင်စွန့်လွှတ်မှုတွေပေးရမယ့်အချိန်အခါရောက်ပြီ။ တွေဝေနေလို့မရဘူး။ ကုလားထိုင်ပေါ်က ထိုင်စောင့်နေလို့မရဘူး။ လုပ်သင့်လုပ်ထိုက်တာကို လုပ်ရမယ့်အချိန်အခါရောက်နေပြီဆိုတာ ရှင်းရှင်းလင်းလင်းမြင်တတ်ဖို့လိုပါတယ်။ ဆိုင်းဘုတ်စွဲ၊ နေရာစွဲ၊ ကိုယ်စားလှယ်စွဲတွေကို ဖက်တွယ်မနေဘဲ၊ မိန်းမောမနေဘဲ၊ နောင်လာနောင်သားတွေရဲ့ သမိုင်းစာမျက်နှာမှာ "သမိုင်းဆိုး" အဖြစ်မကျန်ရစ်လေအောင် လုပ်ဆောင်ကြဖို့လိုအပ်နေပါပြီ။ တဖက်ကလည်း စစ်မှန်သော Dialogue ဖြစ်လာအောင် နည်းလမ်းပေါင်းစုံနှင့်တွန်းအားပေးရမယ်။ Pressure and Compromise ကို တပြိုင်

စာမျက်နှာ (၁၂) ကော်လံ (၁) သို့...

အောင်ပွဲသည် တိုက်ရဲသူများအတွက်ဟု ကရင်အမျိုးသားအစည်းအရုံး (ကေအန်ယူ) အထွေထွေအတွင်းရေးမှူးကပြော

ထိုင်း-မြန်မာနယ်စပ်တနေရာမှ (၅၉) နှစ်မြောက်ကရင့်တော်လှန်ရေးနေ့အခမ်းအနား

ထိုင်း–မြန်မာနယ်စပ်တနေရာရှိ ကရင်လူမျိုးစုများနေထိုင်ရာတွင် (၅၉) နှစ်မြောက် ကရင့်တော်လှန်ရေးနေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

ထိုအခမ်းအနားတွင် ကေအဲန်ယူ၏အထွေထွေအတွင်းရေးမှူးဖြစ်သူ ပဒိုမန်းရှာက နအဖစစ်အုပ်စုအား လူသတ်ဝါဒကိုအမြန်ဆုံးစွန့်လွှတ်ရန်တောင်းဆိုလိုက်ပြီး တိုင်းရင်းသားလူမျိုးစုများအား အပြုတ်တိုက်ရေးဝါဒကိုလည်း အမြန်ဆုံးရပ်တန့်ပစ်ရန်တိုက်တွန်းလိုက်သည်။ ဆက်လက်၍ အဓိပ္ပါယ်ရှိသော ဘက်သုံးဘက်တွေ့ဆုံဆွေးနွေးရေးများအမြန်ဆုံးဖော်ဆောင်ရန်လည်း အလေးအနက်တောင်းဆိုခဲ့သည်။

ဆက်လက်၍ ပဒိုမန်းရှာက "တပ်မှူးတပ်သားအားလုံး ကျနော်တို့ကရင်အမျိုးသားအားလုံး နိုင်ငံရေးအရ နိုးကြားကြရမယ်။ လွတ်လပ်မှု၊ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်နဲ့ထိုက်တန်တဲ့သူတွေဖြစ်တယ်ဆိုတာကို ဖော်ပြကြရမယ်။ (၅၉) နှစ်တိုင်တိုင် တိုက်ပွဲဝင်ခဲ့ကြတဲ့ အာဇာနည်သူရဲကောင်းတွေကို အတုယူကြရမယ်။ ကရင့်တော်လှန်ရေးမှာ သူ့နေရာနဲ့သူ၊ သူ့အခန်းကဏ္ဍနဲ့သူ ဆုံးခန်းတိုင်ပါဝင်သွားကြရမယ်။ နောက်ဆုံးအနေနဲ့ကတော့ အောင်ပွဲဟာ တိုက်ရဲသူတွေအတွက်သာဖြစ်တယ်။ ဒါကြောင့်မို့လို့ ကျနော်တို့ ဆုံးခန်းတိုင်တဲ့အထိ ကျနော်တို့တမျိုးသားလုံး လွတ်မြောက်တဲ့အထိ တိုက်ပွဲဝင်သွားကြပါစို့" ဟု အလေးအနက်တောင်းဆိုခဲ့သည်။

မဟာမိတ်များဘက်မှပြောကြားရာတွင် အဲန်စီဂျီယူဘီဖက်ဒရယ်ရေးရာဝန်ကြီး ခွန်မားကိုဘန်းက ဒီမိုကရေစီရေးသည်တရားဝင်တော်လှန်ရေးဖြစ်သည့်အတွက် ပြည်သူတရပ်လုံးအားကျွန်ပြုမည့် နအဖ၏ရှာမက်အား အမျိုးသားရေးတာဝန်တရပ်အနေနှင့် အပြီးတိုက်ဖျက်လျက် တဖက်မှလည်းစစ်မှန်သော ဒီမိုကရေစီပြည်လည်တည်ဆောက်ရာတွင် အမျိုးသားရေးတာဝန်တရပ်အနေနှင့် အပြီးတိုင်တိုက်ဖျက်ရန် တိုက်တွန်းပြောကြားသွားသည်။

အဲန်အယ်လ်ဒီအယ်လ်အေကိုယ်စားစကားပြောခွင့်ရခဲ့သူ ဦးအောင်စောဦးကလည်း ၁၉၉၇ ခု၊ ဇန်နဝါရီလ (၇) ရက်မှ (၁၄) ရက်အထိကျင်းပသွားခဲ့သော မဲသဝေါထသဘောတူညီချက်အား ပြန်လည်ထုတ်နုတ်ပြောကြားသွားခဲ့သည်။

၎င်းက "ဒီဘက်တိုင်းရင်းသားတွေအားလုံးရဲ့သဘောတူညီချက်ထဲမှာ ပြည်တွင်းကဒီမိုကရေစီအင်အားစု ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်ပြီး လှုပ်ရှားနေတဲ့အင်အားစုတွေရဲ့လှုပ်ရှားမှုတွေကို ထောက်ခံပါတယ်လို့ ဒီဘက်ကနေ ကြေညာချက်ထုတ်ပါတယ်။ အနှစ် (၅၀) ပြည်ထောင်စုနေ့ရွှေရတုမှာ ကျနော်တို့ရဲ့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က သူကိုယ်တိုင်မိန့်ခွန်းပြော၊ အဲန်အယ်လ်ဒီရဲ့ထုတ်ပြန်ကြေညာချက်ထဲမှာ တိုင်းရင်းသားတွေရဲ့ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကြီးကိုတည်ဆောက်မယ်ဆိုတာကို ပြည်တွင်းအဲန်အယ်လ်ဒီကလည်း အပြည့်အဝ ထောက်ခံလိုက်တဲ့အတွက် ဒီကနေ့ ကျနော်တို့ဒီမိုကရေစီအင်အားစုတွေနဲ့ တိုင်းရင်းသားအင်အားစုတွေကြားမှာ အနာဂတ်အတွက် ဘာမှပြဿနာမရှိဘူး"ဟု ပြောခဲ့သည်။

ကရင်ပြည်သူများ၊ နိုင်ငံရေးအဖွဲ့အစည်းများအပါအဝင် ပရိတ်သတ် (၃၀၀၀) ကျော်တက်ရောက်သော ဤကရင့်တော်လှန်ရေးနေ့အခမ်းအနားကို ကေအန်ယူတပ်မဟာ (၇) ဌာနချုပ် စစ်ရေးပြကွင်းတွင်ကျင်းပခဲ့ပြီး တပ်မဟာ (၇) မှူး ဗိုလ်မှူးချုပ်စောဂျော်နီအား စစ်ဦးစီးချုပ်၊ ဗိုလ်ချုပ်ကြီးမူတူးဆေးဖိုးက သူရဘွဲ့ကိုအပ်နှင်းသည်။

စောဂျော်နီအား သူရဘွဲ့အပ်နှင်းခြင်းနှင့်ပတ်သက်၍ ကရင်လူငယ်စစ်သားတဦးအားမေးမြန်းရာတွင် ၎င်းက "၂၀၀၆ ခုနှစ်မှာ ဒီတပ်မဟာ (၇) က ခေါင်းဆောင်တချို့အမြင်ခြင်းလွဲပြီး ရန်သူဆီမှာသွားပြီးတော့ ခိုလှုံတယ်။ အဲဒါကို သူက ဘယ်လိုပြောမလဲ။ ရန်သူလာပြီးစည်းရုံးလှည့်စားတာကို ရန်သူနောက်မလိုက်ဘူးလေ၊ ကောင်းကောင်းလေး ခံနိုင်တယ်လေ။ အမျိုးသားရေးကို ကောင်းကောင်းပြနိုင်တယ်လေ" ပြောခဲ့သည်။

ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) သည် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း အာဏာရှင်အဆက်ဆက်အား လက်နက်စွဲကိုင်တော်လှန်ခဲ့သော ရှေးအကျဆုံး လက်နက်ကိုင်အဖွဲ့အစည်းတခုဖြစ်သည်။ ❖

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (အဲန်စီယူဘီ) ၏ အတွင်းရေးမှူးအဖွဲ့ဝင်အသစ်ပြောင်းလဲခန့်အပ်

ဇန်နဝါရီလ (၂၃) ရက်။

ထိုင်း–မြန်မာနယ်စပ်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီယူဘီ) က နှုတ်ထွက်သွားသော အထွေထွေအတွင်းရေးမှူး (၄) ဦးချစ်တင်နေရာတွင် (၉၀) ရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခွန်မြင့်ထွန်းအားအစားထိုးခန့်အပ်လိုက်သည်။

ဤသို့ခန့်အပ်ခြင်းသည် အဲန်စီယူဘီ၏တည်ဆဲ ဖွဲ့စည်းပုံစည်းမျဉ်း အခန်း (၃) အဆင့်ဆင့် ဦးဆောင်အဖွဲ့နှင့် ဦးဆောင်မှုစနစ်ခေါင်းစဉ်ပါ အာဏာပိုင်မှုနှင့် စုဖွဲ့ပုံခေါင်းစဉ်ခွဲ ပုဒ်မ (၅) (ဂ–ဃ) ပြဋ္ဌာန်းချက်၏ လုပ်ပိုင်ခွင့်နှင့်အညီ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့မှ တရားဝင်တာဝန်ပေးအပ်လာသည့် ကိုယ်စားလှယ်ခွန်မြင့်ထွန်းအား အတွင်းရေးမှူးအဖွဲ့ဝင်အဖြစ် အတည်ပြုခန့်အပ်လိုက်ကြောင်း တွဲဘက်အထွေထွေအတွင်းရေးမှူး (၁) ဦးမြင့်သိန်းက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

"ကျနော့်ကို အခုလို တာဝန်ပေးအပ်ခြင်းမခံရခင်ကတည်းက အဲန်စီယူဘီကကျင်းပတဲ့ သဘာပတိနဲ့အတွင်းရေးမှူးတွေရဲ့အစည်းဝေးတွေမှာ အခါအားလျော်စွာ တက်ရောက်ခွင့်ရခဲ့တဲ့အတွက် ကျနော့်အတွက် အဲန်စီယူဘီရဲ့လုပ်ငန်းတွေက အစိမ်းသက်သက်ဖြစ်မနေတဲ့အတွက် လုပ်ရတာအဆင်ပြေပါတယ်" ဟု မိုးကြိုးသတင်းဌာနသို့ပြောခဲ့သည်။

ခွန်မြင့်ထွန်းသည် ၂၀၀၇ ခုနှစ်၊ ဇူလိုင်လတွင် ထိုင်း–မြန်မာနယ်စပ်သို့ရောက်ရှိလာခဲ့ပြီးကတည်းက အဲန်စီယူဘီအဖွဲ့နှင့် ဆက်သွယ်၍ မြန်မာ့အရေးများကို စတင်လှုပ်ရှားခဲ့သူဖြစ်သည်။ မကြာမီက ပီနန်ဆရာတော်ကြီး ထိုင်းမြန်မာနယ်စပ်သို့ရောက်ရှိခဲ့စဉ် အဲန်စီယူဘီနှင့်တွေ့ဆုံဆွေးနွေးခဲ့ရာ၌ လွှတ်တော်အမတ်တဦးအဖြစ် တက်ရောက်ခွင့်ရခဲ့သူခွန်မြင့်ထွန်းက သူ့အနေနှင့် ဆရာတော်ကြီးမိန့်ခဲ့သောစကားများအနက် ဂျပန်လွှတ်တော်ထဲတွင်ပြောခဲ့သည့်စကားကို အကြိုက်ဆုံးဖြစ်ကြောင်းပြောသည်။

အဲန်စီယူဘီအတွင်းရေးမှူးအဖွဲ့ဝင်သစ် ခွန်မြင့်ထွန်း

ဂျပန်လွှတ်တော်သို့ ဆရာတော်ကြီးကြွရောက်ခဲ့စဉ်က အကယ်၍ နအဖစစ်အုပ်စုသာမရှိခဲ့လျှင် မြန်မာပြည်သည်လည်း ဘော်လ်ကန်နိုက်ဇေးရှင်း (တစစီပြိုကွဲသွားမည်) ဖြစ်လိမ့်မည်ဖြစ်ကြောင်း နအဖစစ်အုပ်စု၏ ဝါဒဖြန့်စကားကိုပြောခဲ့ရာ ဆရာတော်ကြီးက နအဖရှိလို့ တိုက်နေကြတာ၊ နအဖမရှိရင် တိုက်နေကြမှာမဟုတ်ဘူးဟု ပြောခဲ့ကြောင်း ခွန်မြင့်ထွန်းက ပြောသည်။

ဆက်လက်၍ "ဆရာတော်ကြီးဆိုလိုတာက တိုင်းရင်းသားလူမျိုးစုတွေ တိုက်ခိုက်နေတာ ဗမာတွေကိုမဟုတ်ဘူး။ စစ်အာဏာရှင်ကိုတိုက်နေတာ။ စစ်အာဏာရှင်မရှိရင် တိုင်းရင်းသားတွေလည်း လက်နက်ကိုင်တိုက်ခိုက်နေစရာအကြောင်းမရှိဘူး။ ဒါကို ဆိုလိုသွားတာ။ အဲဒီစကားကို ကျနော်တော့ အကြိုက်ဆုံးပဲ"ဟု မိုးကြိုးသတင်းဌာနသို့ ပြောသည်။ ထို့အပြင် ဆရာတော်ကြီးက ဂျပန်လွှတ်တော်၏ ထိုမေးခွန်းအားဖြေကြားတော်မူခဲ့ပြီးနောက် နအဖမရှိတဲ့အခါ မြန်မာပြည် တစစီပြိုကွဲမသွားစေရန် ဆရာတော်ကြီးများက ဝိုင်းဝန်းစောင့်ရှောက်ပေးသွားမှာဖြစ်ကြောင်းနှင့် ထိုသို့ပြိုကွဲမသွားရန်ကိုလည်း တာဝန်ယူခဲ့ကြောင်း၊ ဆရာတော်ကြီး၏ မိန့်ကြားချက်များအပေါ်တွင်လည်း နှစ်ထောင်းအားရဖြစ်ရကြောင်း ဖြေကြားခဲ့သည်။

ခွန်မြင့်ထွန်းသည် သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လွှတ်တော် ကိုယ်စားလှယ်အဖြစ်ရွေးချယ်ခံခဲ့ရာ (၇၆ ဒရမ ၄၁) ရာခိုင်နှုန်းဖြင့်အနိုင်ရရှိခဲ့သော အဖွဲ့ချုပ်၏အသက်အငယ်ဆုံးအမတ်ဖြစ်သည်။

၁၉၉၆ ခုနှစ်၊ ဩဂုတ် (၂၀) ရက်နေ့တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၂၊ (၂) နိုင်ငံတော်အား သစ္စာဖောက်ဖျက်ပုန်ကန်မှုဆိုသောခေါင်းစဉ်ဖြင့် ဖမ်းဆီးထောင်ချခဲ့ရာ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ (၁) တွင် ဘူးသီးတောင်ထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့သူဖြစ်သည်။ ❖

...လှုပ်ရှားမှုဓာတ်ပုံသတင်း...

ရွှေဂါရောက်တော်လှန်ရေးကော်မတီဝင်များဖြင့် တွေ့ဆုံဆွေးနွေးကြစဉ်

ဥရောပသမဂ္ဂအဖွဲ့ဝင်များနှင့်အဲန်စီယူဘီအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးခဲ့ကြစဉ်

ပီနန်ဆရာတော်ဘုရားကြီးနှင့်အဲန်စီယူဘီအဖွဲ့ဝင်များ တွေ့ဆုံခဲ့ကြစဉ်

ဖက်ဒရယ်ရေးရာအကြောင်း ဆွေးနွေးဟိုဝ်ပင်ခဲ့ကြစဉ်

ပီနန်ဆရာတော်ဘုရားကြီး ထိုင်း - မြန်မာ နယ်စပ်ခရီးစဉ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီနှင့်တွေ့ဆုံဆွေးနွေး

ပီနန်ဆရာတော်ဘုရားကြီးနှင့်ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီတို့ထိုင်း - မြန်မာနယ်စပ်တနေရာတွင်တွေ့ဆုံစဉ်

သာသနာ့ဥသျှောင် ပီနန်ဆရာတော် ဘုရားကြီး ဦးပညာဝံသနှင့် အတွင်းရေးမှူး ဆရာတော်ဦးဥတ္တရတို့ ထိုင်းမြန်မာနယ်စပ်သို့ရောက်ရှိလာပြီး ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီနှင့် မြန်မာပြည်အရေးတွေ့ဆုံဆွေးနွေးမှုများရှိခဲ့ကြသည်။

ထို့အပြင် ရွှေဝါရောင်တော်လှန်ရေးအတွင်း နအဖစစ်အုပ်စု၏ အကြမ်းဖက်ဖြိုခွင်းခဲ့မှုကြောင့် နယ်စပ်ဒေသသို့ရှောင်တိမ်းလာခဲ့ကြရသော သံဃာတော်များနှင့်လည်း တွေ့ဆုံလျှက် လက်ရှိဖြစ်ပျက်နေသည့်အခြေအနေအရပ်ရပ်တို့အား မေးမြန်းလျှောက်ထားတော်မူခြင်းနှင့် လိုအပ်သည်တို့ကို မြွက်ကြားတော်မူခြင်းများအား ဆောင်ရွက်တော်မူခဲ့ကြသည်။

ထို့နောက် သာသနာ့ဥသျှောင် အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ (ထိုင်းနိုင်ငံ) ကို အမှုဆောင်သံဃာတော် (၉) ပါးဖြင့်လည်း အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့သည်။ ယင်းသို့ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌဆရာတော်အဖြစ် ဦးစိန္တိတ၊ အတွင်းရေးမှူး ဦးဃောသိတ၊ တွဲဖက်အတွင်းရေးမှူး ဦးနန္ဒိသေန၊ စည်းရုံးရေးမှူး ဦးကောဝိဒ (မဲဆောက်) နှင့် ဦးဇောတိက (ဘန်ကောက်)၊ ဘဏ္ဍာရေးမှူး ဦးစန္ဒာဝရ၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးသြဘာသ၊ ပြန်ကြားရေးမှူးများအဖြစ် ဦးသီလာနန္ဒ၊ ဦးရေဝတတို့အပြင် အဖွဲ့ဝင်သံဃာတော်ပေါင်း (၂၀) ဖြင့်ဖွဲ့စည်းခဲ့ကြသည်ဟု ကြေညာချက်တွင်ဖော်ပြထားသည်။

ဤသို့ ပီနန်ဆရာတော်အမှူးရှိသော ဆရာတော်များနှင့် အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ (ထိုင်းနိုင်ငံ) အားဖွဲ့စည်းခဲ့ရခြင်း၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ရဟန်း၊ ရှင်၊ လူပြည်သူအများတွေ့ကြုံခံစားနေရသော ဗုဒ္ဓသာသနာအပေါ် ကျရောက်နေသည့် သာသနာ့ဘေးဆိုး အန္တရာယ်တို့ကို ကာကွယ်သွားနိုင်ရန်နှင့် သာသနာ့ဥသျှောင်အဖွဲ့ချုပ်ကြီးမှ ချမှတ်လမ်းညွှန်ထားသည့်ရည်ရွယ်ချက် (၆) ရပ်နှင့်အညီ နာယကဆရာတော်ကြီးများ၏ ဦးဆောင်မှုကို လိုက်နာအကောင်အထည်ဖော်သွားရန်ဖြစ်ကြောင်းတို့ကို ထုတ်ပြန်ကြေညာခဲ့သည်။

သာသနာ့ဥသျှောင် အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ချုပ်မှ ဆရာတော်များသည် တော်လှန်ရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ရွှေ့ပြောင်းအလုပ်သမား မြန်မာနိုင်ငံသားများနှင့်လည်း တွေ့ဆုံတော်မူခဲ့ကြပြီး မြန်မာနိုင်ငံ၏လက်ရှိအခြေအနေအရပ်ရပ်ကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်းလည်းသိရသည်။ ◆

ကိုနေတင်မြင့်နှင့် အင်တာဗျူးမှ ...

တည်းသွားဖို့လိုပါတယ်။ အဲဒီနည်းနဲ့ ရွှေဝါရောင်တော်လှန်ရေးကြီးကို ဆက်လက်သယ်ဆောင်သွားရမယ်။ နိုင်ငံရေးဆိုတာ ဒီရေအတက်အကျရှိတယ်။ အခု ဒီရေကျချိန်လို့ ပြောရမှာထက် တော်လှန်ရေးအင်အားစုတွေကို ပြည်လည်စုစည်းနေတဲ့အချိန်ဆိုရင် ပိုမှန်ကန်ပါလိမ့်မယ်။ တော်လှန်ရေးရဲ့ "မုန်တိုင်းမလာခင် ငြိမ်သက်နေတဲ့အချိန်မျိုးလို့ ပြောရမှာဖြစ်ပါတယ်။ မကြာခင် တော်လှန်ရေးမုန်တိုင်းက ထပ်ပြီးတိုက်ခိုက်ဦးမှာပါ။

မေး ။ Pressure and Compromise နဲ့သွားရမယ်ဆိုတာ တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို မယုံကြည်လို့ပြောတာလား။

ဖြေ ။ Dialogue ကို မယုံကြည်လို့လားမေးရင်၊ "မဟုတ်ဘူး"လို့ ကျနော်ဖြေမယ်။ တခုပြောချင်တာက ကျနော်ရောက်နေတဲ့နေရာက Dialogue စားပွဲဝိုင်းပေါ်မှာအလျှော့အတင်း၊ အတိုးအလျှော့၊ အပေးအယူလုပ်တဲ့နေရာမှာမရှိဘူး။ ကျနော်ပါဝင်ရမဲ့အပိုင်းလည်းမဟုတ်ဘူး။ ဒါက ဒေါ်အောင်ဆန်းစုကြည်နဲ့ (CEC) များ၊ (CRPP) များ၊ တိုင်းရင်းသားကိုယ်စားလှယ်များရဲ့ တာဝန်သာဖြစ်ပါတယ်။ ကျနော်ရောက်နေတဲ့နေရာနဲ့ကျနော့်တာဝန်က စစ်အုပ်စုကို Dialogue စားပွဲဝိုင်းပေါ်ရောက်အောင် နည်းပေါင်းစုံ၊ လမ်းပေါင်းစုံနဲ့ တွန်းပို့ရမယ့်တာဝန်သာ ကျနော့်မှာရှိပါတယ်။ ဒါတွေကိုတော့ ခွဲခွဲခြားခြား မြင်တတ်ဖို့လိုပါတယ်။

မေး ။ ပြည်တွင်းမှာလှုပ်ရှားဆောင်ရွက်ရတာနဲ့ ပြည်ပမှာနိုင်ငံရေးလုပ်ဆောင်ရတဲ့ ကွာခြားချက်ကလေးကိုလည်း သုံးသပ်ပေးပါဦး။

ဖြေ ။ ပြည်တွင်းမှာ လုပ်ဆောင်ရတာ နအဖရဲ့ခြေးစက်အောက်မှာဆိုတော့ တော်လှန်ရေးသတိနဲ့ အမြဲလှုပ်ရှားဆောင်ရွက်ရတယ်။ မီဒီယာနဲ့ အင်တာဗျူးတဲ့အခါမှာပဲဖြစ်ဖြစ်၊ ပြည်သူနဲ့အတူတကွ တသားတည်းငြိမ်းချမ်းစွာဖော်ဆောင်နေတဲ့ campaign တွေမှာဖြစ်စေ၊ နအဖလက်ပါးစေတွေရဲ့ အကြမ်းဖက်မှုဖန်တီးတာတွေလုပ်ကြတာတွေကိုသတိကြီးကြီးနဲ့ ရှောင်ကျဉ်ထိမ်းသိမ်းရတယ်၊ ဘယ်လိုကြောင့်ပဲဖြစ်စေ၊ ညီညွတ်ကြရတယ်။ ညီညွတ်ဖို့အတွက် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ "လူမညီရင် မှနဲ့ညှိပြီးအလုပ်လုပ်ကြရတယ်။ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ လွတ်လွတ်လပ်လပ်မထိတွေ့ရပေမဲ့ တော်လှန်ရေးအသွင်သဏ္ဍာန်အနေနဲ့တော့ ရင်းရင်းနှီးနှီးလှုပ်ရှားနိုင်ခဲ့တယ်။ အပြင်ဖက်မှာက Media ကနေနိုင်ငံတကာအသိုင်းအဝိုင်းတွေကို ဒိုင်မာပြတ်သားတဲ့သတင်းတွေ လွတ်လွတ်လပ်လပ်ပေးလို့ရပြီ။ UN အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းကို စည်းရုံးလှုံ့ဆော်တဲ့အခါ ထိထိရောက်ရောက် ပြောဆိုလုပ်ဆောင်နိုင်တယ်။ နအဖရဲ့ခြေးစက်နဲ့ဝေးတဲ့နယ်စပ်မှာက ညီညွတ်ချင်ရင်၊ ညီညီညွတ်ညွတ်လုပ်နိုင်တဲ့ အခြေအနေအခွင့်အလမ်းကောင်းတွေရှိပါတယ်။ အားနည်းချက်၊ အားသာချက်တွေကတော့ ဒွန်တွဲနေလျက်ပါပဲ။ ◆

> **ဒီစစ်အာဏာရှင်သက်ဆိုးရှည်စေမယ့်ပြည်သူလူထုကြီး ဆင်းရဲတွင်းနက်သထက်နက်စေမယ့်ဒီမိုကရေစီနှင့်လူ့အခွင့်အရေး ဆိတ်သုဉ်းစေမယ့်လူဖြစ်လာပြီး လူ့အခွင့်အရေး (ကိုယ့်အခွင့်အရေး) ကိုပိုင်ဆိုင်ခွင့်မရှိတဲ့အာဏာရှင်စနစ်ဆိုးရဲ့သေနတ်ပြောင်းဝအောက်မှာ မွေးရာပါအခွင့်အရေးတွေ ဆုံးရှုံးခဲ့ပြီးပြီ ...။**

စာမျက်နှာ (၁၂) ဖွန်မှိုင်းဆောင်းပါးမှ ...

(င) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ တရားဝင်ရပ်တည်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဆင့်ဆင့်သော စည်းရုံးရေးအဖွဲ့ရုံးများအား သက်ဆိုင်ရာအာဏာပိုင်တို့က ခေတ္တဟုဆိုပြီး၊ ယနေ့တိုင် ချိတ်ပိတ်ထားခြင်းမှ အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးရန်နှင့် လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့်ပြုရန်။

(စ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ တရားဝင်ရပ်တည်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဖွဲ့ဝင်များအား သက်ဆိုင်ရာအာဏာပိုင်များက တရားမဲ့စွာ အကြောင်းအမျိုးမျိုးပြ၍ အတင်းအကျပ်နှုတ်ထွက်စေခြင်းများကို အမြန်ဆုံးရပ်ဆိုင်းပေးရန်။

(ဆ) ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီးမှ ဖျက်သိမ်းခြင်းခံထားရသော တိုင်းရင်းသားနိုင်ငံရေးပါတီများကို ပြန်လည်မှတ်ပုံတင်ခွင့်ပေး၍ လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့်ပေးရန်တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အမြန်ဆုံးဆောင်ရွက်ပေးရန် ဤလွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ် အခါသမယကြီးတွင် တောင်းဆိုလိုက်သည်။"

ဒါတာ လူထုက ယုံကြည်စွာလုပ်ပိုင်ခွင့်အာဏာ (Mandate) အပ်နှင်းခြင်းခံထားရတဲ့ ပါတီတရပ်ရဲ့ အသိမ်မွေ့ဆုံးတင်ပြလိုက်တဲ့ သဘောထားတင်ပြချက်ဖြစ်ပါတယ်။ တိကျရှင်းလင်းတဲ့၊ လုပ်ငန်းသဘောဆောင်တဲ့ တောင်းဆိုချက်လည်းဖြစ်ပါတယ်။

ဟုတ်ပါတယ်။

တိုင်းပြည်ရဲ့ တနေ့တခြားဆိုးဝါးလာနေတဲ့ဒုက္ခကို ကိုယ့်ဒုက္ခလို ခံစားသူ ဘယ်သူမဆို၊

ဒီအခက်အခဲတွေကို ဖြေရှင်းဖယ်ရှားပစ်မယ်လို့ စဉ်းစားကြံရွယ်သူ ဘယ်သူမဆို ဒီလိုပဲကြိုးကြောင်းရှိရှိတင်ပြ၊ လက်တွေ့ကျကျ လုပ်ပြကြရမှာပါ။

သို့ပေမယ့် ....

စစ်အုပ်စုက အဲဒီလောက် အညာလွယ်ပါ့မလား။

(၆)

ကောင်းပြီ၊

ဖြေရှင်းရမယ့်နည်းနာက တွေ့ဆုံဆွေးနွေးရေးနည်းနာဖြစ်မယ်၊

အဲဒီအတွက် လိုအပ်တဲ့ဒီမိုကရေစီဝန်းကျင်ဟာ (က) ကနေ (ဆ) အထိဖြစ်တယ်၊

ဒါကို နအဖက ချက်ချင်း အဦးဆုံးဆောင်ရွက်ပေးရမယ်၊ ရနိုင်ပါ့မလား။ လက်တွေ့မှာ ဖြစ်လာနိုင်ပါ့မလား။

စစ်အုပ်စုက 'ဟုတ်ကဲ့၊ ကောင်းပါပြီ၊ မနက်ဖြန်ကနေစပြီး စီစဉ်ကြတာပေါ့'လို့ စကားပြန်ပါ့မလား။

ဒီနေ့မနက်ပဲ မြောက်ဥက္ကလာပတရားရုံးကို ဆရာတော်ကြီး (၇) ပါးနှင့် သီလရှင်ဆရာကြီး (၇) ပါးကို သာသနာညှိုးနွမ်းစေမှု (ပုဒ်မ ၂၉၅) နှင့် မတရားစုစည်းထောင်ချပစ်ဖို့ ရုံးထုတ်လာနေပြီမဟုတ်လား။

ဒီဇင်ဘာ (၃) ရက်နေ့သတင်းစာရှင်းလင်းပွဲမှာဖမ်းထားတာ လက်ကျန်သံဃာ (၂၉) လူပုဂ္ဂိုလ် (၅၁) စုစုပေါင်းအယောက် (၈၀) ပဲရှိတယ်လို့ညာတယ်၊

တကယ်ကျန်နေတာက (၇၀၀) ကျော်၊

လှုပ်ရှားမှုကြီးအတွင်းမှာ (၁၀) ဦးပဲ သေပါတယ်လို့ ညာတယ်။

ပင်ညဲရိုးကိုပြောလိုက်တာကျတော့ (၁၅) ယောက်၊ ပင်ညဲရိုးကိုယ်တိုင်ဖော်ထုတ်ပြီး နာမည်နှင့်တကွ အိမ်နံပါတ်နှင့်တကွ သူ့အစီရင်ခံစာမှာ တင်ပြလိုက်နိုင်တာက (၃၁) ယောက်၊

ရဲချုပ်ခင်ရီကိုယ်တိုင်က တယောက်မှ ပျောက်ဆုံးနေတာမရှိဘူးလို့ အဲဒီ သတင်းစာရှင်းလင်းပွဲမှာ ညာတယ်၊

တနေ့အထိ စာရင်းပေါက် ပျောက်နေသေးတာက (၇၄) ယောက်ဖြစ်တယ်။

ဖမ်းတာ ဆီးတာမလုပ်တော့ပါဘူးလို့ မစ္စတာဂမ်ဘာရီကို ဝန်ကြီးအဖွဲ့ကိုယ်တိုင်က ကတိပေးတယ်။ ကတိပေးနေရင်းမတ်တပ်ကို ဖမ်းနေတယ်၊ စတ္တန့်နှင့်အမျှ နေ့စဉ်အဖမ်းအဆီးသတင်းတွေ ဒီနေ့အထိ ရပ်သွားတယ်မရှိဘူး။ ဒီကြားထဲ "လမ်းပြမြေပုံ အဆင့် (၃) ကိုရောက်နေပြီ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မတီက စတင်ရေးဆွဲနေပြီ၊ အနှောက်အယှက်တွေမရှိရင် သင့်တင့်သောအချိန်မှာ ပြီးစီးသွားပါမယ်"လို့ ကြွားဝါဂုဏ်ယူပြောဆိုနေတာကလည်း အမောပဲ၊

"တွေ့ဆုံဆွေးနွေးရေးကတော့ ဒေါ်အောင်ဆန်းစုကြည်အနေနှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ထုတ်ပြန်ကြေညာချက်၁/၂၀၀၇ အပေါ် ဘယ်လိုတုန့်ပြန်မှာလဲဆိုတာပေါ်မှာ မူတည်တယ်" လို့ ဒေါ်စုအပေါ် အပြစ်ပုံချပြောဆိုနေပါတယ်၊

ဒေါ်အောင်ဆန်းစုကြည် လုံးလုံးမလုပ်တဲ့အလုပ်တွေကို 'ကျူးလွန် မှားပါပြီ၊ နောက်မလုပ်တော့ပါဘူး'လို့ ဝန်ခံခိုင်းတဲ့နည်း၊ ဝန်ချတောင်းပန်ခိုင်းတဲ့နည်းတွေနှင့် ပွဲဖျက်တော့မယ့် ဒီနေ့လိုရာသီဥတုအောက်မှာ ကျနော်တို့ ထောက်ပြတဲ့ (က) ကနေ (ဆ) အထိကို နအဖက ချက်ချင်းဆောင်ရွက်ပေးပြီး တွေ့ဆုံဆွေးနွေးရေးကို စိတ်ရော၊ ကိုယ်ပါ အသာတကြည် အနေအမြန်အစပြုလိုက်ဖို့ဆိုတာ လွယ်ပါ့မလား။

ဆက်ပြီး ပြောနေမြန်တာက ....

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပဲဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ် အဲဒီအဖွဲ့အစည်းတွေ၊ အဲဒီလူပုဂ္ဂိုလ်တွေအားလုံး၊ ဘယ်သူမဆို ....

"အခုဆွဲနေတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အဆင့် (၄) အရပြည်သူ့ဆန္ဒနှင့် အတည်ပြုတဲ့အခါ ဆန္ဒမဲလာပြီးထည့်ကြ၊

မူကြမ်းအတည်ဖြစ်သွားလို့ အဆင့် (၅) အရ ရွေးကောက်ပွဲတွေလုပ်ပေးတဲ့အခါ ပါဝင်ယှဉ်ပြိုင်ပြီး အရွေးခံကြ" တဲ့ နအဖပြန်ကြားရေးဝန်ကြီးကိုယ်တိုင် မျက်နှာပြောင်ပြောင်နဲ့ ကြောင်ထွက်ကြေညာတယ်၊

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ UNA ၊ SNLD နှင့် CRPP တို့ကို သူပေးတဲ့ရွေးကတော့ အဲဒီအတိုင်းပဲ၊

'ဆန္ဒခံယူပွဲမှာ မဲလာထည့်ကြ' ရွေးကောက်ပွဲမှာ ဆန္ဒရှိရင် လာအရွေးခံကြ' ဒါပဲ။ ဒီ့ထက် လုံးလုံးမပိုဘူး။

တွေ့ဆုံဆွေးနွေးဘက်၊ စကားပြောဘက်လို့ နည်းနည်းလေးမှ စာရင်းမထားဘူးဆိုတဲ့ အချိုးပဲ။

ဒီလို လေသံ၊ မိုးသံတွေအောက်မှာ ....

ဒီလို အဆင်အပြင်၊ ဒီလို အကောက်အကျစ်တွေအောက်မှာ ....

၂၀၀၈ ဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှစ် လွယ်လွယ်ကူကူ ချောချောမွေ့မွေ့ ဖြစ်တောဖြစ်နိုင်ပါ့မလား။

မဖြစ်နိုင်ဘူးဆိုရင်

ကျနော်တို့ ဘာတွေမြင်ထားကြမလဲ၊

မြင်ချိန်ကတော့ အတော်ပဲနည်းနေပြီ။

ဖွန်မှိုင်း

(၂၀၊ ၁၊ ၂၀၀၈)

◆

နိုင်ငံရေးနည်းလမ်းဖြင့်ကြိုးပမ်းမှုကို နအဖမှလက်မခံလျှင် စစ်ရေးနည်းမှအပ ရွေးစရာလမ်းမရှိတော့ကြောင်း ရှမ်းပြည်တပ်မတော်ပြောကြား

ပြီးခဲ့သည့်တနင်္လာနေ့က ကျင်းပခဲ့သည့် ရှမ်းပြည်ပြန်လည်တည်ဆောက်ရေးကောင်စီ (RCSS) ၏ (၈) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးအပြီးတွင် လက်နက်ကိုင်တပ်ဖွဲ့တခုဖြစ်သည့် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) ၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးစိုင်းလောဝ်ဆိုင်းက နအဖစစ်အစိုးရနှင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာရန်ကြိုးပမ်းနေစဉ်အတွင်း တပ်အင်အားကိုလည်း ခိုင်မာအောင်တိုးချဲ့တည်ဆောက်သွားမည်ဟု ပြောဆိုလိုက်သည်။

"ငြိမ်းချမ်းရေးကိစ္စအတွက် မပြေလည်သေးတဲ့နိုင်ငံရေးပြဿနာတွေကို တွေ့ဆုံဆွေးနွေးဖို့အတွက် ကမ်းလှမ်းထားတာနအဖဘက်ကလက်မခံတော့ဘူးဆိုရင်တော့ ဒီစစ်ရေးနည်းလမ်းမှအပ ကျနော်တို့ရွေးစရာလမ်းမရှိတော့ဘူး။ ဒီတော့ ကျနော်တို့မှာလည်း စစ်ရေးကိစ္စကိုပစ်ပယ်လို့မရဘူး။ ကျနော်တို့ အင်အားတိုးချဲ့သွားဖို့တော့ လိုအပ်တယ်"ဟု ဗိုလ်မှူး စိုင်းလောဝ်ဆိုင်းကပြောဆိုခဲ့သည်။

ဗိုလ်မှူးကြီး ရွက်ဆစ်

(RCSS) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးရွက်ဆစ် အပါအဝင် ကိုယ်စားလှယ် (၁၉၈) ဦး တက်ရောက်ခဲ့သည့် အဆိုပါ နှစ်ပတ်လည်အစည်းအဝေးတွင် တွေ့ဆုံဆွေးနွေးရေး၊ စစ်အားတိုးချဲ့ရေး၊ ရှမ်းပြည်နယ်အတွင်းရှိ အခြားသောအဖွဲ့အစည်းများနှင့် သွေးစည်းညီညွတ်မှုတည်ဆောက်ရေးအပါအဝင် အချက် (၆) ချက်ကို ဆုံးဖြတ်ခဲ့ကြောင်းလည်းသိရသည်။ ထိုဆုံးဖြတ်ချက်ကို ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦး (PSLF) မှ ကြိုဆိုလိုက်သည်။

ရှမ်းပြည်တပ်မတော် (အက်စ်အက်စ်အေ)

(PSLF) အထွေထွေအတွင်းရေးမှူး မိုင်အိုက်ဖုန်းက "အခုလို အက်စ်အက်စ်အေက ရှမ်းပြည်မှာရှိတဲ့ မတူကွဲပြားတဲ့လူမျိုးစုတွေ၊ အဖွဲ့အစည်းတွေအားလုံး တကယ့်စည်းလုံးညီညွတ်ရေးကိုတည်ဆောက်ဖို့ဆိုတဲ့လုပ်ငန်းအစီအစဉ်တခုဟာ အင်မတန်ကောင်းတဲ့လုပ်ငန်းဖြစ်ပါတယ်။ ကျနော်တို့ဆီမှာလည်း ဒီလုပ်ငန်းတွေ အစီအစဉ်ရှိပါတယ်"ဟု ပြောခဲ့သည်။

"ရှမ်းအဖွဲ့မှာပိုပြီးတော့ ဦးဆောင်လုပ်နိုင်တယ်ဆိုရင်တော့ ဒါတကယ်ပိုကောင်းတယ်။ တကယ်ဒီလိုမျိုးလုပ်ငန်းပုံစံကိုချမှတ်ပြီးတော့ လက်တွေ့အကောင်အထည်ဖော်ဖို့လည်းလိုတယ်လို့ ကျနော်ပြောချင်တယ်။ ဒါမှပဲ ကျနော်တို့ရှမ်းပြည်မှာ တကယ့်စည်းလုံးညီညွတ်တဲ့၊ တကယ့်တန်းတူရည်တူနဲ့ ရှမ်းပြည်အနာဂတ်ကို မျှော်မှန်းထားတဲ့အတိုင်း အမြန်ဆုံးရရှိနိုင်မယ်လို့ ကျနော်ယုံကြည်တယ်"ဟု ဆက်လက်ပြောဆိုခဲ့သည်။

ပြီးခဲ့သည့် ၂၀၀၇ ခုနှစ် မေလအတွင်း အက်စ်အက်စ်အေနှင့် စစ်အစိုးရတို့ တွေ့ဆုံဆွေးနွေးရန် ပြင်ဆင်ခဲ့သော်လည်း ချိန်းဆိုထားသည့်နေရာသို့ စစ်အစိုးရကိုယ်စားလှယ်များမလာရောက်ခဲ့၍ အထမမြောက်ခဲ့ပေ။

လက်ရှိစစ်အုပ်စု၏ ဖိနှိပ်သတ်ဖြတ်မှုသည် ကရင့်သမိုင်းတွင် အပြင်းထန်ဆုံးဖြစ်

လက်ရှိစစ်အုပ်စုကြီးစိုးသည့်ကာလအတွင်း ဖိနှိပ်သတ်ဖြတ်မှုများသည် ကရင့်သမိုင်းတွင် အပြင်းထန်ဆုံးဖြစ်ကြောင်း၊ ယနေ့ထုတ်ပြန်သော ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ ကရင်နှစ်သစ်ကူးသဝဏ်လွှာတွင်ဖော်ပြထားသည်။

ကရင်အမျိုးသားအချင်းချင်း စည်းလုံးညီညွတ်ရေးကို အသားပေးဖော်ပြထားသော သဝဏ်လွှာတွင် (၂၀၀၇) ခုနှစ်အတွင်း နအဖစစ်အုပ်စုသည် (KNU) နှင့် ကရင်ပြည်သူများကို အပြင်းအထန်ထိုးစစ်ဆင်ခဲ့ကြောင်း၊ ယခုအခါ ကေအဲန်ယူအနေဖြင့် တပ်ရင်း (၁၀၇) ရင်းဖြစ် ဆက်လက်စစ်ဆင်နေဆဲဖြစ်ကြောင်း၊ ၂၀၀၇ ခုနှစ်တွင် ကရင်အမျိုးသားများသည် ရောက်ရာအရပ်မှ ကရင့်တော်လှန်ရေးကို အဖက်ဖက်မှထောက်ခံအားပေးကူညီခဲ့သည့်အတွက် ကရင့်တော်လှန်ရေးကို များစွာအထောက်အကူဖြစ်ကြောင်း ဖော်ပြထားသည်။

(KNU) ပြန်ကြားရေးဌာနမှ ထုတ်ပြန်ထားသော တရားဝင်စာရင်းများအရ ၂၀၀၇ ခုနှစ်အတွင်း (KNU) ကတဖက် ဒီကေဘီအေတပ်နှင့် နအဖစစ်သားတပ်များကတဖက် ထိပ်တိုက်တွေ့မှု (၁၃၉၁) ကြိမ်ရှိခဲ့ပြီး ရန်သူ့ဘက်မှ (၆၁၃) ဦးသေဆုံးကာ (၁၃၈၈) ဦး ဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။ အလားတူ ကေအဲန်ယူဘက်မှလည်း (၁၆) ဦးသေဆုံးခဲ့ပြီး (၂၁) ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယနေ့သည် ကရင်အမျိုးသားပြက္ခဒိန်တွင် (၂၇၄၆) ခုနှစ်ကုန်ပြီး (၂၇၄၇) ခုနှစ်သို့ ကူးပြောင်းသောနှစ်သစ်ဖြစ်သဖြင့် ကေအဲန်ယူတပ်ရင်းအသီးသီးတွင် နှစ်သစ်ကူးအထိမ်းအမှတ်အခမ်းအနားများ ကျင်းပနေကြကြောင်း၊ (KNU) ပြန်ကြားရေးဌာနမှ ဗိုလ်မှူးလှငွေက မဇ္ဈိမကိုပြောသည်။

အဆိုပါအခမ်းအနားများသို့ပေးပို့သော (KNU) ဥက္ကဋ္ဌစောဘသင်စိန်၏ နှစ်သစ်ကူးမိန့်ခွန်းတွင် ကရင်အမျိုးသားများ လက်ရှိရင်ဆိုင်ဖြတ်သန်းနေရသော လက်တွေ့ဖြစ်ရပ်များသည် ကြားဖူးနားဝ အတိတ်ကပုံရိပ်များမဟုတ်ကြောင်း၊ ယခုဘဝမျိုးဖြင့်ဆက်သွားလျှင် "ကရင်တမျိုးလုံးအရှင်လတ်လတ်ပျောက်ကွယ်နိုင်ကြောင်း"သတိပေးထားသည်။

ပဒိုစောဘသင်စိန်က "ကိုယ့်လူမျိုးကိုဖြိုခွဲတဲ့လုပ်ရပ်မှန်သမျှ မလုပ်မိအောင်ရှောင်ကြဉ်ကြပါ။ ကျွန်ုပ်တို့ကို လွတ်မြောက်ရာအရပ်သို့ပို့ဆောင်ပေးနိုင်တာဟာ အမျိုးသားစည်းလုံးညီညွတ်ရေးပဲဖြစ်တယ်" ဟု သူ၏မိန့်ခွန်းတွင် သတိပေးထားသည်။

ဆက်လက်၍ ကရင်အမျိုးသားများကြားတွင် မတူကွဲပြားသော သက်ဝင်ယုံကြည်မှုများရှိသော်လည်း ဘာသာကြီးငယ်မရွေးတန်းတူရည်တူ ဘာသာရေးလွတ်လပ်ခွင့်အပြည့်အဝရှိမည်ဖြစ်ပြီး၊ ဘာသာယုံကြည်မှုအပေါ်အခြေခံပြီး အချင်းချင်းမသင့်မတင့်မညီမညွတ်ဖြစ်မှုများသည် တဖက်နှင့်တဖက်ကြား တံတိုင်းပမာဟန့်တားပိုင်းခြားမှုများလုံးဝမရှိသင့်ဟု (KNU) ဥက္ကဋ္ဌကြီးက မိန့်ကြားသည်။

နယ်စပ်ရောက် ကရင်အသိုင်းအဝိုင်းအနေဖြင့် ထိုင်းဘုရင်မင်းမြတ်၏ အစ်မဖြစ်သူကွယ်လွန်သဖြင့် ထိုင်းတနိုင်လုံးဝမ်းနည်းပူဆွေးနေချိန်နှင့်တိုက်ဆိုင်နေသော ယခုနှစ်ကရင်နှစ်သစ်ကူးပွဲတော်သည် နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲများ ကျင်းပခွင့်မရကြောင်း၊ စုံစမ်းသိရသည်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၅) ရက်နေ့တွင် စတင်တည်ထောင်ခဲ့သော ကရင်အမျိုးသားအစည်းအရုံး (KNU) သည် ကရင့်ကံကြမ္မာကို ကရင်ဖန်တီးနိုင်ရေးအတွက် နှစ်ပေါင်း (၆၀) နီးပါး တိုက်ပွဲဝင်နေသော အဖွဲ့အစည်းဖြစ်သည်။

❖

ရှမ်းပြည်လူမျိုးစုံလွတ်မြောက်ရေးအဖွဲ့ (ရလလဖ) အားလက်နက်ချရန် နအဖစစ်အစိုးရမှ နည်းလမ်းပေါင်းစုံဖြင့် ဖိအားပေးအကျပ်ကိုင်

ငြိမ်းချမ်းရေးအဖွဲ့တဖွဲ့ဖြစ်သည့် ရှမ်းပြည်လူမျိုးစုံလွတ်မြောက်ရေးအဖွဲ့(ရလလဖ) အားလက်နက်ချရန် မြန်မာစစ်အစိုးရမှနည်းလမ်းပေါင်းစုံဖြင့် ဖိအားပေးနေကြောင်း ရှမ်းပြည်တောင်ပိုင်းမှ သတင်းများအရသိရသည်။

ရှမ်းပြည်တောင်ပိုင်း ဆီဆိုင်မြို့နယ် နောင်ထောင်တွင်အခြေစိုက်သည့် ရလလဖအား လက်နက်မချပါက ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့တခုဖြစ်သည့် ဦးအောင်ခမ်းထီ ဦးဆောင်သည့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်လက်အောက်ခံတပ်ရင်း (၅)နှင့် ပူးပေါင်းရန် ဖိအားပေးလျက်ရှိကြောင်းသိရသည်။

ရလလဖ (ဗဟို) နှင့် နီးစပ်သူတဦးက "ဒါ ကောလဟာလလည်းဖြစ်နိုင်တယ်။အတည်လည်းဖြစ်နိုင်ပါတယ်။ (၉၄) ခုနှစ်မှာ ငြိမ်းချမ်းရေးယူထားတဲ့ ဦးတာကလယ်ဦးစီးတဲ့ နဂိုမူရင်း ရလလဖအဖွဲ့ဟာ ဗဟိုဌာနချုပ် နောင်ထောင်မှာရှိတုန်းပဲ။ ဒီအချိန်ထိ လက်နက်မချသေးဘူး။ လက်နက်ချမှာလည်းမဟုတ်ဘူး။ (၉၄) မူအတိုင်း ဆက်လက်ရပ်တည်သွားမယ်လို့ သိရတယ်"ဟု ပြောဆိုခဲ့သည်။

ဗိုလ်မှူးကြီးခွန်သူရိန်

(ရလလဖ) အနေဖြင့် နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး ဒေသငြိမ်းချမ်းရေးတည်ဆောက်မည်ဆိုသည့်မူအရ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနေလိုကြောင်းလည်း ၎င်းကပြောဆိုခဲ့သည်။

ရလလဖ၏ ခွဲထွက်အဖွဲ့တခုဖြစ်သည့် နယ်စပ်အခြေစိုက် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးခွန်သူရိန်ကလည်း နအဖမှလက်နက်ချရန် (သို့မဟုတ်) ဦးအောင်ခမ်းထီအဖွဲ့နှင့် ပူးပေါင်းရန် ဖိအားပေးသည့်သတင်းများရရှိသည်ဟု အတည်ပြုပြောဆိုခဲ့သည်။ ထို့ပြင် ရလလဖ၏ အနာဂတ်နှင့်ပတ်သက်၍ "ဒီအချိန်မှာ နအဖကိုခုခံတော်လှန်ဖို့ဆိုတဲ့အမြင်အပေါ်မှာ သူတို့စိတ်ပိုင်းဖြတ်မယ်ဆိုရင်တော့ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် နအဖလက်အောက်ခံမှာနေမှာမဟုတ်ဘူး။ သူတို့အနေနဲ့ လက်နက်ကိုင်တော်လှန်ရေးကို ပြန်လုပ်မယ်ဆိုတာကတော့ ကျနော်တို့သုံးသပ်တယ်။ အဲဒီလိုလုပ်နိုင်ဖို့ဆိုတာကလည်း အဲဒီမှာရှိတဲ့တပ်မှူးတွေအပေါ်မှာ မူတည်တယ်"ဟု ဗိုလ်မှူးကြီးခွန်သူရိန်က သုံးသပ်ပြောဆိုခဲ့သည်။

ယမန်နှစ်အတွင်းက ခွန်ထီဆောင်ခေါင်းဆောင်သည့် အင်အား (၁၀၀) ကျော် ပြန်လည်တောခိုလာခဲ့ပြီး ရလလဖမှ ဦးချစ်မောင်ခေါင်းဆောင်သည့်အဖွဲ့က နအဖထံသို့ အပြီးအပိုင်လက်နက်ချသွားခဲ့ပြီးနောက် ကျန်ရှိသည့်ရလလဖအဖွဲ့များအား နအဖဖိအားပေးလာခြင်းဖြစ်သည်။

❖

တူညီသည့်နိုင်ငံရေးဦးတည်ချက်အောက်တွင် နယ်စပ်အခြေစိုက်ပအိုဝ်းအဖွဲ့များပူးပေါင်း

ထိုင်းနိုင်ငံမြောက်ပိုင်းရှိ မယ်ဟောင်ဆောင်နယ်စပ်တွင်အခြေစိုက်သည့် ပအိုဝ်းအဖွဲ့အစည်းများဖြစ်သော ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့၊ ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ပအိုဝ်းအမျိုးသမီးသမဂ္ဂနှင့် ပအိုဝ်းလူငယ်ဒီမိုကရက်တစ်အဖွဲ့တို့မှ တခုတည်းသောနိုင်ငံရေးဦးတည်ချက်အောက်တွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာချက်တစောင်ထုတ်ပြန်ခဲ့သည်။

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့သည် အပစ်ရပ်အဖွဲ့ဖြစ်သည့် ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) မှခွဲထွက်ကာ ယခင်နှစ်အတွင်း တောပြန်ခိုလာခဲ့သည့် လက်နက်ကိုင်အဖွဲ့ဖြစ်ပြီး ကျန်အဖွဲ့များမှာ ပအိုဝ်းလူထုအခြေပြုအဖွဲ့များဖြစ်သည်။

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့၏ အတွင်းရေးမှူးဖြစ်သူ ဗိုလ်မှူးကြီးခွန်သူရိန်က တခုတည်းသောနိုင်ငံရေးဦးတည်ချက်ဖြစ်သည့် ပအိုဝ်းအမျိုးသားတို့၏ စစ်မှန်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် ပအိုဝ်းအမျိုးသားတို့အား ဖိနှိပ်သွေးစုပ်နေသည့် နအဖစစ်အာဏာရှင်စနစ်ဆိုး ချုပ်ငြိမ်းသွားသည်အထိ အတူတကွတိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်းပြောဆိုခဲ့သည်။

ပအိုဝ်းအမျိုးသမီးသမဂ္ဂမှ နန်းယဉ်သွယ်က "ပအိုဝ်းအခွင့်အရေးတွေအားလုံးရရှိဖို့ ကျမတို့အဖွဲ့တွေအကုန်လုံးပူးပေါင်းပြီးတော့သေချာပြန်လုပ်ကြဖို့ပေါ့နော်၊ ပေါင်းလုပ်သွားမယ်ပေါ့"ဟုပြောဆိုခဲ့သည်။

ယခုဆွေးနွေးပွဲသည် မဲဟောင်ဆောင်အခြေစိုက် ပအိုဝ်းအဖွဲ့များမှစတင်ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး နောင်ဆွေးနွေးပွဲများတွင် ဗိုလ်မှူးကြီးခွန်ဥက္ကာဦးဆောင်သည့် ပအိုဝ်းပြည်သူ့လွတ်မြောက်ရေးအဖွဲ့အပါအဝင် အခြားပအိုဝ်းအမျိုးသားခေါင်းဆောင်များကိုလည်း ဖိတ်ကြားသွားမည်ဖြစ်ကြောင်း ဗိုလ်မှူးကြီးခွန်သူရိန်က ပြောဆိုခဲ့သည်။ ❖

ဝန်ကြီးချုပ်ဟောင်းသက်ဆင်၏ ဇနီး ပြည်တော်ပြန်ခရီးတွင် အဖမ်းခံရ

ရာထူးမှဖြုတ်ချခံခဲ့ရသော ထိုင်းဝန်ကြီးချုပ်ဟောင်း မစ္စတာသက်ဆင်၏ဇနီးသည် ပြည်ပ၌ (၆) လကြာ တိမ်းရှောင်နေရာမှ ယနေ့ ပြည်တော်ပြန်ခရီးတွင် အဖမ်းခံခဲ့ရသည်။ ၎င်းအား လာဘ်စားမှုဖြင့်တရားစွဲမည်ဖြစ်ပြီး ပြစ်မှုထင်ရှားပါက ထောင်ဒဏ်အနှစ် (၂၀) ကျခံရဖွယ်ရှိနေသည်။

အသက် (၅၁) အရွယ် မစ္စ Pojamarn Shinawatra သည် ဟောင်ကောင်မှ ထိုင်းနိုင်ငံ၊ ဘန်ကောက်ရှိ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင်၌ ယနေ့နံနက် (၉း၀၃) က ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ရဲက သူမအားခံဝန်ချက်လက်မှတ်ထိုးခိုင်းခဲ့သည်ဟု ရဲမှူးကြီး (Thaweesak Toochinda) က ပြောသည်။

"ကျနော်တို့က သူ့ကို တရားရုံးက ဖမ်းဝရမ်းထုတ်ထားတဲ့လူဟာ သူမပါဆိုတာကိုသေချာကြောင်း လက်မှတ်ထိုးခိုင်းတာပါ။ ပြီးရင်တော့ တရားရုံးမှာ အမှုရင်ဆိုင်ရမှာပါ"ဟုဆိုသည်။

၂၀၀၆ စက်တင်ဘာက အာဏာသိမ်းတွင် ရာထူးမှဖြုတ်ချခံလိုက်ရသော မစ္စတာသက်ဆင်လည်း ထိုင်းနိုင်ငံတွင် အစိုးရသစ်တရပ်ပေါ်ပေါက်လာမည့် ဧပြီလအတွင်းပြန်လာဖွယ်ရှိနေသည်။

မစ္စတာသက်ဆင်၏ မဟာမိတ်များသည် ပြီးခဲ့သည့်လရွေးကောက်ပွဲတွင် အမတ်နေရာအများစုရထားသော်လည်း ဒါဇင်နှင့်ချီသောလွှတ်တော်အမတ်များသည် မဲမသမာမှုများဖြင့် ယခုအခါ စစ်ဆေးခံနေရသဖြင့် အစိုးရသစ်တရပ်ပေါ်ပေါက်ရေးတွင် အဟန့်အတားများရှိနေဆဲဖြစ်သည်။ ❖

မစ္စ Pojamarn Shinawatra

ဝေဘာဂီအခမဲ့ဆေးရုံဝေဒနာရှင်များထံမှ အခကြေးငွေတောင်းခံ

ဇန်ဝါရီ ၂၂ ၊

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပရှိ ဝေဘာဂီဆေးရုံတွင် အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံနေရသူများအား ယခင်က အခမဲ့စမ်းသပ်စစ်ဆေးမှုများပြုလုပ်ပေးလျက်ရှိသော်လည်း ယခုအခါ ငွေကြေးစတင်ကောက်ခံနေသောကြောင့် ဝေဒနာရှင်များအနေဖြင့်အခက်တွေ့နေရသည်။

ယခင်ပံ့ပိုးပေးနေသည့် အဖွဲ့အစည်းများမှ အကူအညီပံ့ပိုးငွေများရပ်ဆိုင်းသွားသည့်အတွက် ဇန်နဝါရီ (၂၁) ရက်မှစ၍ ဓာတ်မှန်ခန်း၊ တီဗွီဓာတ်မှန်များအတွက် လူနာများအနေဖြင့်စရိတ်မျှပေးရန် ဆေးရုံတွင်ကြေညာထားကြောင်း ဆေးရုံသို့သွားရောက်ခဲ့သည့် အေ့စ်စ်ဝေဒနာရှင်တဦး၏အဆိုအရသိရသည်။

ထိုကြေညာချက်အရ လူနာတဦးလျှင် သွေးစစ်ခ ကျပ်သုံးထောင်၊ ဓာတ်မှန်တချပ်ရိုက်ခ ကျပ်နှစ်ထောင်၊ အာထရာဆောင်းရိုက်ခ ကျပ်တထောင်နှင့် အလှူငွေကျပ်ငါးရာတို့ကို ပေးကြရမည်ဖြစ်သည်။

ဝေဘာဂီဆေးရုံရှိ ဓာတ်ခွဲခန်းနှင့်ဓာတ်မှန်ခန်းများတွင် အသုံးပြုသည့်စက်ကိရိယာများမှာ ဂျပန်နိုင်ငံမှလှူဒါန်းထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံရှိ အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံနေရသူများအတွက် MSF-Holland, PSI, AHRN, AZG စသည့် အဲန်ဂျီအိုများက ပညာပေးခြင်းနှင့်ဆေးဝါးအကူအညီပေးခြင်းတို့ကိုပြုလုပ်လျက်ရှိသည်။ အေ့စ်ရောဂါလျော့ပါးရေးနှင့် ကူညီမှုများထိရောက်စေရန် စစ်အစိုးရအနေဖြင့် အေ့ဒ်စ်ဝေဒနာရှင်များအား ကူညီထောက်ပံ့ပေးနေသည့် အဲန်ဂျီအိုများကိုလည်း လွတ်လွတ်လပ်လပ်လုပ်ကိုင်ခွင့်များပေးသင့်ကြောင်း စေတနာ့ဝန်ထမ်းအဖြစ်အကူအညီပေးနေသူတဦးက ပြောဆိုခဲ့သည်၊ မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရသူပေါင်း သုံးသိန်းခြောက်သောင်းခန့်ရှိကြောင်း ယူအဲန်အေ့စ်မှခန့်မှန်းထားခဲ့ပြီး ပြီးခဲ့သည့်နှစ်က အနည်းငယ်ကျဆင်းသွားကြောင်း အစီအရင်ခံတွင်ထုတ်ပြန်ထားသည်။ ❖

တချက်နာ (၄) ဝင်းတင့်ထွန်းဆောင်းပါးမှ ...

ကိုယ်တော်မှိုင်းရဲ့ ရုပ်ပုံဘွဲ့စာပန်းချီခြယ်သချက်စကားလုံးစာပိုဒ်တချို့ကို ဖျတ်ကနဲအမှတ်ရမိလိုက်ပါတယ်။ အမေရေးသားပြုစုခဲ့တဲ့ 'ဆရာကြီးသခင်ကိုယ်တော်မှိုင်း' အတ္ထုပ္ပတ္တိစာအုပ်ကြီးထဲမှာပဲလို့ ထင်မိနေပါတယ်။ အဲဒါကတော့.... ' .... ဗမာပီသတဲ့ ရုပ်ဆိုတာဘယ်လိုဟာလဲမေးလာရင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ထိုးပြလိုက်စမ်းပါ ဆရာကြီးရဲ့ရုပ်ရည်ဟာ အင်မတန် ဗမာပီသလှပါတယ်၊ ဆရာကြီးရဲ့နှာတံဟာ သေသေချာချာပန်းပုထုပြီးတင်ထားသလို ဖြောင့်ဖြောင့်စင်းစင်းနဲ့ နှာတံပေါ်ပေါ် လှပလှပါတယ်' လို့ ဆိုတဲ့ဖွဲ့ဆိုရေးသားထားချက်ပါပဲ။ တိတိကျကျတော့မမှတ်မိတော့ပါ။ အမေလူထုဒေါ်အမာကိုယ်တိုင် ရေးသားပြခဲ့တာလို့ပဲ စိတ်ထဲမှာ ဝေဝေဝါးဝါးစွဲထင်နေမိခဲ့ပါတယ်။

အဲဒီလိုပါပဲ အမေလူထုဒေါ်အမာကိုလဲ လေးလေးစားစားငေးမောကြည့်မိရင်း.... ကျနော်က 'ဗမာအမျိုးသမီးတယောက်ရဲ့ရုပ်ပုံဟာ ဘယ်လိုများပါလဲလို့ နိုင်ငံခြားသားဒါမှမဟုတ် လေ့လာသိရှိလိုသူ တဦးဦးကများမေးလာရင် ကျနော်တို့ရဲ့ အမေလူထုဒေါ်အမာရဲ့ရုပ်ပုံကိုပဲ နမူနာအဖြစ် ထိုးပြလိုက်စမ်းပါ....'လို့ပဲပြောလိုက်ချင်ပါတယ်။ အမေလူထုဒေါ်အမာရဲ့မျက်နှာဟာ အင်မတန် ဗမာပီသလှပါတယ်။ ထူးထူးခြားခြားပေါ်လွင်နေတာကလဲ နှာတံလို့ပဲထင်ပါတယ်။ မျက်ခုံးမွေးကလဲ ရှည်လျားလှတဲ့ နှာတံနဲ့လိုက်ဖက်ညီအောင် ပေါ်ပေါ်လွင်လွင်ရှိလှပါတယ်။

အမေလူထုဒေါ်အမာက ကျနော်တို့ကို လဖက်ရည်တွေ မုန့်တွေနဲ့လည်းဧည့်ခံလိုက်ရုံမက (လဖက်ရည်အချိုတွေ မုန့်ပဲသရေစာတွေနဲ့ မဆီမဆိုင်နိုင်လိုက်တာလို့ပဲ ဆိုချင်ဆို) အညာထွက်ပစ္စည်းစစ်စစ် အညာဇီးချိုသီးတွေနဲ့လည်း ဧည့်ခံလိုက်ပါသေးတယ်။ ဇီးချိုသီးတွေကို ပန်းကန်ပြားလေးထဲမှာထည့်လို့ပေါ့။

အမေလူထုဒေါ်အမာဆီကို ကျနော်တို့လာခဲ့ကြတာက အမေ့ကိုလာရောက်နှုတ်ဆက်ချင်စကားစမြည်ပြောချင်လို့သာမက ကျနော်တို့ ပြည်သူ့တိုးတက်ရေးပါတီဖွဲ့စည်းလှုပ်ရှားနေပြီ အဲဒီအတွက် ပါတီရံပုံငွေအလှူငွေထည့်ဖို့ လာရောက်အလှူခံကြတာလဲ အကြောင်းတချက်အဖြစ်ပါပါတယ်။

အမေက ပြည်သူ့တိုးတက်ရေးပါတီအတွက် အလှူငွေ (၂၀၀) လားပဲ ထည့်လိုက်ပါသေးတယ်။ အဲဒီတုန်းက အလှူငွေ (၂၀၀) ဆိုတာ သိပ်နည်းလှတဲ့ငွေမဟုတ်ပါ။ ပါတီဖွဲ့စည်းမှတ်ပုံတင်ကြေးတခုလုံးမှ ကျပ် (၅၀၀) ပဲသတ်မှတ်ထားတဲ့ အချိန်မဟုတ်လား။

(၄)

ပြည်တွင်းမှာ နေလို့မရတော့လို့ ပြည်ပကိုထွက်လာရတော့တဲ့အချိန်အထိ ကျနော်နောက်ဆုံးထွက်လာခဲ့ရတဲ့နေရာဟာလဲ မန္တလေးပါပဲ။ အခုလို နှင်းတွေ တဝေ့ဝေ့ဝေနေတဲ့ဆောင်းတွင်းကာလကြီးမှာပါပဲ။ အရှက်တောင် မလာတတ်သေးတဲ့ ဆောင်းတွင်းနံနက်စောစော မြူရိပ်ဝေဝေတွေကြားထဲမှာ လွမ်းစရာ့မန္တလေးကို ဆွတ်ဆွတ်ကျင်ကျင်နှုတ်ဆက်ခဲ့ရပါတယ်။ ကျနော်ငယ်ငယ်တုန်းကစွဲလန်းခဲ့ဖူးတဲ့မြင်ကွင်း မန္တလေးနန်းမြို့ရိုးနဲ့ ကျုံးရိပ်ရေပြင်ညို့ညို့ဟာ မလင်းနိုင်သေးတဲ့ အမှောင်စတွေကြားထဲမှာ မှိုင်းမှုန်ဝေရီကျန်ရစ်ခဲ့ပါတယ်။

နယ်စပ်တဖက်ခြမ်းဆီရောက်လာပြီးတဲ့နောက်ပိုင်းမှာလည်း အမေလူထုဒေါ်အမာရဲ့အသံကို လေလှိုင်းပေါ်တွေကတဆင့် အခါအားလျော်စွာကြားနေရပါတယ်။ အမေလူထုဒေါ်အမာရဲ့ (၇၀) ပြည့်မွေးနေ့ .... (၉၀) ပြည့်မွေးနေ့.... စသဖြင့် စသဖြင့်တွေသာမက အခါအားလျော်စွာ ပြည်တွင်းအခြေအနေတွေနဲ့ပတ်သက်တဲ့ ဒီမိုကရေစီရေးအဖြစ်အပျက်တွေနဲ့ပတ်သက်တဲ့ အမေလူထုဒေါ်အမာရဲ့အမြင် လူထုဒေါ်အမာရဲ့သဘောထား လူထုဒေါ်အမာရဲ့အသံတွေ....

အသက်အရွယ်တွေ ဘယ်လောက်ကြီးလို့ ဇရာတွေဘယ်လောက်ထောက်ထောက် ဒေါ်အမာဆိုတဲ့နာမည်နဲ့ ပညတ်သွားရာဓာတ်သက်ပါလောက်အောင် ကိုက်ညီနေလွန်းလှတဲ့ အမေဒေါ်အမာရဲ့ ခိုင်မာလွန်းလှတဲ့ လူထုရပ်တည်ချက် လူထုအတွက် အသံတွေကဖြင့်.... ကြားရ ကြားရလေတိုင်း ဦးညွှတ်ခဲ့ရပါတယ်။

ဒါကြောင့်လဲ 'လူထုဒေါ်အမာ' ဆိုတာ 'လူထုဒေါ်အမာ'ဖြစ်ခဲ့ရတာကို: .... လို့လည်း ရင်တွင်းကပါ နက်နက်ရှိုင်းရှိုင်း ကျေကျေနပ်နပ်နားလည်ခဲ့ရပါတယ် ....။ ။

(ဝင်းတင့်ထွန်း)

၁၅–၁၁–၂၀၀၇

(နိုဝင်ဘာ (၂၉) ရက်နေ့မှာ ကျရောက်မယ့် အမေလူထုဒေါ်အမာရဲ့ အသက် (၉၂) နှစ်မြောက်မွေးနေ့ကို အထိမ်းအမှတ်ပြုဦးညွှတ်လိုက်ပါတယ်။) ❖

နအဖစစ်အစိုးရ၏အုပ်ချုပ်မှုအောက်တွင်

တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုများ ပျောက်ကွယ်ဖွယ်ရာရှိ

ယခုအခါတွင် စစ်အစိုးရသည်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များအားတင်းကျပ်ပိတ်ပင်မှုများပြုလုပ်ကာ တိုင်းရင်းသားလူမျိုးစုတို့၏ သင်္ကေတရုပ်ပုံများကိုလည်း အတင်းအဓမ္မပြောင်းလဲမှုများပြုလုပ်လျက်ရှိကြောင်းသိရသည်။

မွန်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့အား စစ်အာဏာပိုင်များက တရားဝင်ဖျက်သိမ်းရန် ပြောဆိုခြင်းမရှိသော်လည်း အသင်းအဖွဲ့ဆိုင်ရာမှတ်ပုံတင်သက်တမ်းကိုတိုးပေးခြင်းမရှိကြောင်း မွန်ပြည်သစ်ပါတီ၏ နိုင်ငံခြားရေးတာဝန်ခံ နိုင်အောင်မငေးက ပြောသည်။

"တရားဝင်သက်တမ်းတိုးခွင့်မပြုဘူးဆိုတော့ ဖျက်သိမ်းတာနဲ့အတူတူပဲပေါ့။ အသင်းအဖွဲ့ဆိုင်ရာ မှတ်ပုံတင်သက်တမ်းက တနှစ်တခါတိုးရတာ၊ မွန်စာပေနဲ့ယဉ်ကျေးမှုအဖွဲ့တွေအနေနဲ့ အရင်ကတရားဝင်ခွင့်ပြုထားတာ မော်လမြိုင်၊ ကျိုက်မရော၊ ဘားအံမြို့နယ်တွေရှိပါ"ဟု နိုင်အောင်မငေးက ပြောဆိုခဲ့သည်။

လွန်ခဲ့သည့်တလခန့်ကပင် မွန်ပြည်နယ်၏မြို့တော် မော်လမြိုင်ရှိ မွန်ယဉ်ကျေးမှုပြတိုက်ကိုလည်း စစ်အစိုးရက ရှေးဟောင်းသုတေသနနှင့်ယဉ်ကျေးမှုပြတိုက်အဖြစ် အမည်ပြောင်းလဲလိုက်သည်။ မော်လမြိုင်မြို့ တံတားထိပ်တွင်ရှိသည့် မွန်သင်္ကေတ ဟင်္သာရုပ်ပုံကိုလည်း အာဏာပိုင်များက လွန်ခဲ့သည့် (၆) လခန့်တွင် ညတွင်းချင်းတူးဖော်ကာ ဆွမ်းအုပ်ပုံဖြင့်ပြောင်းလဲခဲ့သည့်အတွက် မွန်လူထုမှာ စိတ်မကောင်းဖြစ်လျက်ရှိကြောင်း သိရသည်။

အလားတူပင် ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ကိုလည်း အာဏာပိုင်များက သက်တမ်းတိုးမပေးကြောင်း ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီဝင် ဦးကျော်ဝင်းက "အခု အစိုးရလုပ်တဲ့ပုံစံကို လုံးဝလက်မခံနိုင်ပါဘူး။ ကျနော်တို့အဖွဲ့ကို ပြန်လုပ်ကိုင်ခွင့်ရလာအောင် ကြိုးစားသွားပါမယ်။ ကရင်လူမျိုးရှိနေသရွေ့ ကရင်ယဉ်ကျေးမှုလည်းရှိနေရမှာဖြစ်ပါတယ်"ဟု ပြောဆိုခဲ့သည်။

ယခုကဲ့သို့ သက်တမ်းတိုးမပေးသည့် တိုင်းရင်းသားအဖွဲ့များတွင် ရှမ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့လည်းပါဝင်ကြောင်းသိရသည်။

အဖွဲ့အစည်းဆိုင်ရာမှတ်ပုံတင်သက်တမ်းတိုးခြင်းကို သက်ဆိုင်ရာတိုင်းရင်းသားအဖွဲ့များက (၂၀၀၇) ခုနှစ် နှစ်လည်ခန့်ကပင် ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြထားသော်လည်း ယခုအချိန်ထိ အကြောင်းပြန်ချက်မရှိဘဲ အာဏာပိုင်များကငြင်းဆိုနေခဲ့ပြီး ထူးခြားမှုလည်းမရှိသေးကြောင်းသိရသည်။

အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်နေချိန်တွင် နအဖစစ်အစိုးရမှ ယခုကဲ့သို့တိုင်းရင်းသားများအားကိုယ်စားပြုသည့် သင်္ကေတများအားဖယ်ရှားပစ်ခြင်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်သည်။

စစ်အစိုးရအထောက်အပံ့ဖြင့်ကျင်းပမည့်

နာဂနှစ်သစ်ကူးပွဲတော်ကို သပိတ်မှောက်

မြန်မာနိုင်ငံအနောက်ဘက်တောင်တန်းများတွင်အခြေချနေထိုင်သည့်နာဂတိုင်းရင်းသားများ

စစ်ကိုင်းတိုင်း၊ လေရှီးမြို့တွင် စစ်အစိုးရ၏အထောက်အပံ့ဖြင့်ကျင်းပမည့် နှစ်သစ်ကူးပွဲတော်သို့ နာဂတိုင်းရင်းသားများအပါအဝင် အခြားလူမျိုးစုများနှင့် နိုင်ငံခြားသားများသွားရောက်လည်ခြင်းမပြုရန် ဂျပန်အခြေစိုက် နာဂအမျိုးသားဒီမိုကရက်တစ်အဖွဲ့ (အဲန်အဲန်ဒီအို) မှ ယခုလ (၉) ရက်နေ့တွင် ကြေညာချက်တစောင်ထုတ်ပြန်ကာတောင်းဆိုခဲ့သည်။

အဲန်အဲန်ဒီအိုအဖွဲ့၏ ထုတ်ပြန်ကြေညာချက်တွင် နအဖစစ်အစိုးရမှ နာဂတိုင်းရင်းသားများ၏ရိုးရာအစဉ်အလာအပေါ် ၎င်းတို့အကျိုးစီးပွားအတွက် အမြတ်ထုတ်ခြင်းဖြစ်ကြောင်းဖော်ပြထားသည်။ ထို့ပြင် ယင်းနှစ်သစ်ကူးပွဲတော်ကျင်းပရာတွင် နာဂတိုင်းရင်းသားများ၏လုပ်အားကိုလည်း အတင်းအဓမ္မအသုံးပြုခဲ့သည်ဟု ယင်းကြေညာချက်တွင်ဖော်ပြထားသည်။

လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက နာဂတိုင်းရင်းသားများသည် အိန္ဒိယနိုင်ငံနှင့်ဆက်စပ်နေသည့် မြန်မာနိုင်ငံအနောက်ဘက်ရှိတောင်တန်းများတွင် အခြေချနေထိုင်ခဲ့ကြပြီး နာဂတိုင်းရင်းသားတသိန်းငါးသောင်းကျော်မှီတင်းနေထိုင်လျက်ရှိပြီး အဓိကကျသည့် အမျိုးအနွယ် (၁၂) မျိုးနှင့် အခြားမျိုးနွယ်စုများလည်းပါဝင်သည်ဟု သိရသည်။

ပင်လယ်ကြီး သင်ဖျူးဖျာခင်းသလို ငြိမ်နေရင်ဖြင့် ...

အမိန့်ဆိုသောစကားကိုပြောလိုပါသည်၊ တပ်မတော်သားတိုင်း အမိန့်ကို နာခံရမည်မှာ ငြင်းစရာမလိုပါ၊ သို့သော် ကောင်းသောအမိန့်နှင့် မကောင်းသော အမိန့်ကိုမူ ခွဲခြားသုံးသပ်ရန်လိုပါသည်၊ တပ်မတော်သားတယောက်သည် ပြည်သူ့ဝန်ထမ်းဖြစ်၊ ဗိုလ်ချုပ်မှူးကြီးမိသားစုတာဝန်ကို ထမ်းဆောင်နေရမည့်တာဝန်မရှိပါ၊ အမိန့်သည် တိုင်းသူပြည်သား၊ ရဟန်းရှင်လူများအတွက် ကောင်းကျိုးဖြစ်စေသလား၊ ဆိုးကျိုးဖြစ်စေသလားဆိုသည်ကို အနည်းဆုံး အဆင့်ရွေးချယ်တတ်ရမည်ဖြစ်သည် ...၊

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယခု အချိန်အခါတွင် ကမ္ဘာကအံ့ဩတုန်လှုပ်ခြောက်ခြားရလောက်အောင် ဘာကြောင့် မိုက်တွင်းနက်နေရသလဲဆိုသော် ရတောင့်ရခဲလှသော လူ့ဘဝစည်းစိမ်များနှင့် အာဏာဂုဏ်ဖြပ်တို့ကြောင့်ဖြစ်သည်။ မြန်မာပြည်သည် (၁၉၆၂) ခုနှစ် စစ်အာဏာရှင်ဗိုလ်ချုပ်နေဝင်းမှစ၍ ဗိုလ်ချုပ်စောမောင်၊ ဗိုလ်ချုပ်သန်းရွှေတို့သည် အစဉ်အဆက်စစ်အာဏာရှင်ကြီးများဖြစ်ကြသည်။ ဗိုလ်နေဝင်းလက်ထက်မှစခဲ့သော အာဏာရှင်စနစ်သည် ဗိုလ်သန်းရွှေလက်ထက်တွင် အဖတ်ဆယ်မရအောင် ပိုမိုဆိုးဝါးပြင်းထန်လာခဲ့သည်။

ဗိုလ်သန်းရွှေသည် တိုင်းပြည်သယံဇာတသစ်တောကြီးများနှင့် ကမ္ဘာကငမ်းငမ်းတက်လိုအပ်နေသော ရေနံသဘာဝဓာတ်ငွေ့များကို သူနှင့်သူ့မိသားစုအသိုင်းအဝိုင်းကိုယ်ကျိုးစီးပွားအတွက် လက်ဝါးကြီးအုပ်ရောင်းစားနေပြီး သန်း (၅၀) ကျော် လူထုကြီးအား ဆင်းရဲမွဲတေမှုတွင်းကြီးထဲတွန်းချနေပေသည်။ တဖက်ကလည်း နိုင်ငံတော်တွင်မရှိမဖြစ်သောမြန်မာ့တပ်မတော်ကြီးအား ခါးပိုက်ဆောင်တပ်အဖြစ်သိမ်းသွင်းကာ လိုရာကြိုးဆွဲ အသုံးပြုနေပေသည်။

မြန်မာနိုင်ငံသည် စစ်အာဏာရှင်လက်အောက်သို့ (၄၅) နှစ်ကျော်မျှ ကျရောက်ခဲ့ရပြီး ကမ္ဘာ့အလယ်တွင် အလွန်မျက်နှာငယ်ရသော အဆင်းရဲဆုံးနိုင်ငံဖြစ်ခဲ့ရပေသည်။ မြန်မာနိုင်ငံသားများသည် ကမ္ဘာအရပ်ရပ်သို့ထွက်၍ ကိုယ့်ကိုယ်ကိုယ် ကျွန်ပြုခံနေရပေသည်။ တိုင်းပြည်သာမွဲတေကျခဲ့သော်လည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေဦးဆောင်သောဗိုလ်ချုပ်အများစုမှာ သန်းကြွယ်သူဌေးစာရင်းဝင်ပေသည်။ (၂၀၀၇) ခုနှစ်၊ ဩဂုတ်လအတွင်းမှစ၍ ဆင်းရဲမွဲတေလှသော ဒဏ်များကိုမခံနိုင်၍ ငြိမ်းချမ်းစွာဆန္ဒပြတောင်းဆိုမှုများကို ဗိုလ်သန်းရွှေကိုင်တွယ်ဖြေရှင်းပုံမှာ အလွန်မိုက်မဲအကျည်းတန်လွန်းလှသည်။ ဒကာ၊ ဒကာမများ၏ ဒုက္ခဆင်းရဲအဖုံဖုံတို့ကို မကြည့်ရက်တော့၍ ငြိမ်းချမ်းစွာ မေတ္တာပို့တောင်းဆိုသောရဟန်းတော်တို့ကို ကြံ့ဖွတ်၊ စွမ်းအားရှင်လူမိုက်များကိုသုံး၍ ကားလမ်းမများပေါ်မှာပင် လည်ပင်းကိုကြိုးကွင်းစွပ်၍ဖမ်း၏၊ လမ်းဘေးဓာတ်တိုင်တွင် ကြိုးတုပ်၍ ခြေနင့်ကန်၏။ တုတ်များဖြင့်ရိုက်၏။ ညှင်းပန်းနှိပ်စက်၏။ လုပ်ရဲကြ၏။ လုပ်ရက်ကြ၏။ ထို့ထက်ဆိုးသည်ကား စစ်တပ်မှ ဦးဆောင်ပါဝင်လာပြီး အပစ်မဲ့ပြည်သူများအားပစ်ခတ်သတ်ဖြတ်ခြင်းပင်။

ရဟန်းရှင်လူများကို လိုက်လံဖမ်းဆီးမှုများကိုနေ့ညမရွေးပြုလုပ်ပြီး လူညွန့်တုံးအောင်နှိပ်စက်ကြ၏။ ကြားရမြင်ရသည်မှာ စိတ်ချမ်းသာစရာတကွက်မှမရှိ၊ ပူဆွေးသောကရောက်စရာချည့်သာဖြစ်သည်။ ပြောစရာတခုရှိသည်ကား မြန်မာ့တပ်မတော်ကြီးပင်။

မြန်မာ့တပ်မတော်ကြီးသည် အသိဉာဏ်ပြည့်ဝသောလူတော်လူကောင်းများဖြင့် ဖွဲ့စည်းထားသည်မှာ ယုံမှားစရာမရှိပေ။ ထို့အတူ တပ်မတော်သားအများစုမှာလည်း ဗုဒ္ဓဘာသာဝင်များ ရတနာသုံးပါးကိုရိုသေကိုင်းရှိုင်းသူများဖြစ်ကြသည်။ ဗုဒ္ဓဘာသာဝင်များ ပီပီ ခရီးထွက်သည့်အခါများတွင် သရဏဂုံတင်၍ထွက်လေ့ရှိကြသည်။ ယခုလည်း မြန်မာ့တပ်မတော်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားဗုဒ္ဓဘာသာဝင်များသည်လည်း ဤသို့သရဏဂုံတင်ခြင်းကို လုပ်ကြမည်မှာမလွဲပေ။ သို့ပါလျက် ကိုယ်ကိုယ်တိုင်ပင် ဘုရားနှင့်တကိုက်တည်းထား၍ ကိုးကွယ်ဆည်းကပ်နေသောရဟန်းသံဃာတော်တို့အား ညှင်းပမ်းနှိပ်စက်ဖမ်းဆီးသတ်ဖြတ်နေခြင်းမှာ ပြဒါးတလမ်း၊ သံတလမ်းဖြစ်၍နေပေသည်။

ဤနေရာတွင် အမိန့်ဆိုသောစကားကို ပြောလိုပါသည်။ တပ်မတော်သားတိုင်း အမိန့်ကိုနာခံရမည်မှာ ငြင်းစရာမလိုပါ။ သို့သော် ကောင်းသောအမိန့်နှင့် မကောင်းသောအမိန့်ကိုမူ ခွဲခြားသုံးသပ်ရန်လိုပါသည်။ တပ်မတော်သားတယောက်သည် ပြည်သူ့ဝန်ထမ်းဖြစ်၍ ဗိုလ်ချုပ်မှူးကြီးမိသားစုတာဝန်ကို ထမ်းဆောင်နေရမည့်တာဝန်မရှိပါ။ အမိန့်သည် တိုင်းသူပြည်သား၊ ရဟန်းရှင်လူများအတွက် ကောင်းကျိုးဖြစ်စေသလား၊ ဆိုးကျိုးဖြစ်စေသလားဆိုသည်ကို အနည်းဆုံးအဆင့်ရွေးချယ်တတ်ရမည်ဖြစ်သည်။

ယခုသော်ကား "ပစ်သတ်လိုက်ပါ" ဆိုသောအမိန့်ဆိုးမျိုးအား တစိုက်မတ်မတ်လိုက်နာပြီး မကောင်းမှုများကိုသာ ထပ်ခါတလဲလဲကျူးလွန်နေကြမည်ဆိုလျှင် လူဖြစ်လာရခြင်းသည်လည်းကောင်း၊ မြန်မာ့တပ်မတော်သားအဖြစ် အမှုထမ်းနေခြင်းသည်လည်းကောင်း မည်သို့ကောင်းကျိုးရနိုင်မည်နည်း။ အပယ်ငရဲကျမည့်ဆိုးကျိုးကိုသာ ကျူးလွန်နေသူဖြစ်တော့မည်မှာသေချာသည်။

အထက်အရာရှိဗိုလ်ချုပ်ကြီးများမှာ ရရှိထားသော စည်းစိမ်ဥစ္စာများမှာမနည်းလှ။ ဘယ်တုန်းကမှမရခဲ့ဘူးသောစည်းစိမ်ဥစ္စာများဖြစ်သောကြောင့် ငဲ့နင့်လည်းလဲနိုင်ပေမည်။ လက်အောက်ငယ်သား နောက်လိုက်များအနေနှင့် မိမိတို့ရရှိသည့်စည်းစိမ်ဥစ္စာဆိုသည်မှာ ဗိုလ်ချုပ်ကြီးကတော်များ၏ ထမီဘီးလောက်ပင်မရကြသည်ကိုတော့ ပြန်လည်စဉ်းစားတွက်ဆကြည့်ဖို့လိုနေသေးသည်။

မကောင်းမှုများကို ကာယကံမြောက်ကျူးလွန်ရသူမှာ ကိုယ်ဖြစ်နေခြင်း၊ ကိုယ်ကိုးကွယ်ရှိခိုးနေသော ဘုရားနှင့်တကိုက်တည်းထားရသော ရဟန်းသံဃာတော်များကိုမှ ပစ်သတ်ဝီဇိနှိချုပ်စေခြင်းတို့ကိုပြန်လည်စဉ်းစားကြရန်လိုပါလိမ့်မည်။

ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်သုံးမကုန်အောင်ရရှိပိုင်ဆိုင်ထားသည့် စည်းစိမ်အပုံကြီးပေါ်မှ အမိန့်ပေးနေခြင်းကို နောက်လိုက်ဗိုလ်ပါများက မိမိတို့၏အသက်များပေးကာ ကာကွယ်နေကြရခြင်းမှာ ဘေးကကြည့်နေရသူပြည်သူများအနေဖြင့် ထိုတပ်မတော်သားအရာရှိစစ်သည်များကိုကြည့်ကာ ရင်မချိအောင်သနားမိရသည်။

အရေးအကြောင်းရှိလာလျှင် ထွက်ပြေးတိမ်းရှောင်ရန်အဆင်သင့်ပြင်ထားသူများစာရင်းမှာလည်း ဗိုလ်ချုပ်ကြီးတစုသာဖြစ်သည်။ လက်အောက်ငယ်သားများမပါ၊ ဖြစ်ချင်ရာဖြစ်ပစ်ထားခဲ့ကြမည်မှာ မြေကြီးလက်ခတ်မလွဲပါ။ ထို့ကြောင့် အမိန့်နာခံကာအသက်ပေးပြီး ကံငါးပါးကိုကျူးလွန်နေခြင်းသည် ငရဲကလွဲ၍ ဘာမှအဖတ်တင်ကျန်မည်မဟုတ်ပေ။ တပ်မတော်သားများ ကိုယ့်ကိုကိုယ် သနားတတ်ကြရန်သတိပေးလိုပါသည်။ ဖွတ်လည်းထွက်သွားပါပြီ။ တောင်ပို့မှန်းလည်းသိခဲ့ပါပြီ၊ လမ်းမှန်နှင့်လမ်းမှားကိုလည်း ရွေးသင့်ပါပြီ။ အမြင်မှန်ရနိုင်ကြပါစေဟုလည်း ပြောချင်ပါသည်၊ အမိန့်ဆိုသော စကားကိုလည်း သဘောပေါက်သင့်ပါပြီ။

မြန်မာ့တပ်မတော်အတွင်းတွင် အသိပညာရှင်များ၊ အတတ်ပညာရှင်များပါဝင်သောကြောင့် အရိပ်ပြလျှင် အကောင်မြင်နိုင်သူများလည်းရှိသောကြောင့် အမြင်မှန်ရပြီး အမှန်လမ်းထဲရောက်လာသူများလည်း အမြောက်အများရှိနေပါပြီ၊ တပ်ထဲတွင်လည်း စိတ်မပါဘဲတာဝန်ထမ်းရွက်နေရသော၊ တပ်တွင်းလူ့အခွင့်အရေးများချိုးဖောက်ခြင်းခံနေရသော တပ်မတော်သားများမရေမတွက်နိုင်အောင်ရှိနေကြကြောင်းကို ထိုသူများကပြောပြကြသည်၊ သို့ရာတွင် သူတို့မှာလည်းအကြောင်းအမျိုးမျိုးကြောင့် စွန့်ခွာထွက်ခွာရန်ခက်ခဲခြင်းကြောင့် တပ်ထဲတွင် အမိန့်ကိုစိတ်မပါသော်လည်း ဟန်ဆောင်လုပ်နေရသည်တို့အား ထိုသူများမှတဆင့်သိရသည်၊

လက်ရှိမြန်မာ့တပ်မတော်သားများ၏ သဘောထားများမှာလည်း ပြည်သူများ၏ ဘဝများနှင့် တထပ်တည်းကျပါသည်။ သူတို့ရှေ့တွင် ရဟန်းရှင်လူပြည်သူများငတ်ပြတ်ဆင်းရဲမွဲတေနေသည်ကို သူတို့လည်းမရှုစိမ့်နိုင်ပါ။ ဤကြောင်းခြင်းရာအား လူပီသစွာ နားလည်ပေးနိုင်သော ပြည်သူ့တပ်မတော်သားများဟာလည်း လက်ရှိမြန်မာ့တပ်မတော်ကြီးအတွင်းတွင် အများအပြားရှိနေကြပြီဖြစ်သည်။ သူတို့သည် အချိန်အခါနှင့်အခွင့်အရေးကိုစောင့်နေကြသည်။ ဗိုလ်ချုပ်ကြီးများသည် တချိန်တွင် ၎င်းတို့၏ အတ္တနှင့်လောဘများကြောင့် သူတို့တစုစာကွက်ကွက်လေးသာကျန်နေမှာသေချာသည်။

မြန်မာပြည်ကြီးအားလည်းကောင်း၊ မြန်မာပြည်သူများအားလည်းကောင်း ရက်စက်သောချေမှုန်းမှုများကိုကျူးလွန်ပြီးနောက် ထိုလူတစုစာက ကိုယ်လွတ်ရုန်း၍ပြေးကြမည်မှာသေချာလှသည်၊ ယင်းအားလည်း မြန်မာ့တပ်မတော်ပညာရှင်၊ လူတော် လူကောင်းများကို တပ်ထဲမှာကိုသိနေကြသည်။

ထို့ကြောင့် ပြည်သူများ၏ဘဝကိုသိသော ပြည်သူ့တပ်မတော်သားများ အများအပြားပေါ်ထွက်လာရန်လိုအပ်နေပါပြီ။ သို့မှသာ အလုံးစုံပျက်သုဉ်းရေးသို့ဦးတည်နေသော ဗိုလ်သန်းရွှေတို့လူတစုစာ၏ရန်အားကာကွယ်တားဆီးနိုင်မည်ဖြစ်သည်၊ မကြာခင်တွင် စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းတော့မည်ဖြစ်သည်။ မွေးဖွားသည်မှ ကွယ်လွန်ချိန်အထိ ဒုက္ခကြီးမားလှသောဘဝကို ခံစားနေကြရသည့် မြန်မာနိုင်ငံသားများအား ယနေ့မှစ၍ အနာဂတ်ကာလတွင် လူစဉ်မီမီကမ္ဘာ့အလယ်တွင် မျက်နှာပန်းလှလှ၊ ဘဝများလှစေရန် ယခုအချိန်မှစ၍မြန်မာ့တပ်မတော်သားများလုပ်ပေးပါမှ အားလုံးမျှော်လင့်နေကြသောဘဝမျိုးကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ လက်ရှိမြန်မာ့တပ်မတော်သားကြီးများကသာလျှင် ဆိုးဝါးညံ့ဖျင်းလှသော စစ်ခေါင်းဆောင်များ၏ဆိုးကျိုးစနစ်ဆိုးများအား မြေလှန်ပစ်ပြီး ကမ္ဘာ့အလယ်တွင် စနစ်မှန်၊ နည်းမှန်များနှင့် ချမ်းသာဖွံ့ဖြိုးသောနိုင်ငံကြီးအဖြစ် ရောက်ရန် မြန်မာ့သမိုင်းတခေတ်ကို ကယ်တင်ပေးနိုင်မည်ဟု အမှန်ပင်ယုံကြည်မိပါသည်။

၂၀၀၇ ခုနှစ်၊ ဩဂုတ်လလယ်မှစတင်ဖြစ်ပွားခဲ့သော ရဟန်းရှင်လူ၊ ကျောင်းသားပြည်သူများ၏တောင်းဆိုဆန္ဒပြမှုများအား နည်းမျိုးစုံသုံး၍ ရက်ရက်စက်စက်ဖြိုခွင်းလိုက်သည့်အတွက် ဗိုလ်သန်းရွှေတို့စစ်အုပ်စုမှာ ကမ္ဘာ့အလယ်တွင် ရစရာမရှိအောင်ပြစ်တင်ဝေဖန်ခံလိုက်ရပါသည်။ သို့သော် ၎င်းတို့၏အသက်ဆိုးအိမ်စည်းစိမ်နှင့် အာဏာတည်မြဲရေးကိုသာရွေးချယ်ခဲ့သည့်အတွက် မည်သူ့ကိုမျှအလေးမထားဂရုမစိုက်ခဲ့ပေ။ ရုပ်ပိုင်းဆိုင်ရာအရ နှိမ်နင်းမှုများအောင်မြင်သွားသည်ဟုဆိုသော်လည်း စိတ်ဓာတ်ရေးရာအရ မြန်မာပြည်သားအားလုံးက ကမ္ဘာမကြေဘူးဟု ကြုံးဝါးနေကြသည်။ လမ်းပေါ်ထွက်လာကြသောဆန္ဒရှင်ပြည်သူများ၊ ရဟန်းရှင်လူ ကျောင်းသားများအားနည်းမျိုးစုံသုံး၍ လမ်းများပေါ်တွင်လူစုခွဲသွားသောအခါ အရပ်ထဲသို့ သူခိုးဓားပြပုံစံမျိုးသုံးပြီး ညစဉ်ရက်ဆက်

တမျက်နှာ (၂၀) ကော်လံ (၁) သို့...

သတင်းတိုထွာ

၁၀၅ မိုင် အကောက်ခွန်ဝန်ထမ်းများ လာဘ်စားမှုဖြင့် ဖမ်းဆီးခံရ

(၂၀၀၇) ခုနှစ် နိုဝင်ဘာလအတွင်းက ရှမ်းပြည်မြောက်ပိုင်း တရုတ်–မြန်မာနယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေးဇုံတွင်တာဝန်ကျနေသည့် နယ်စပ်ကုန်သွယ်ရေးနှင့်အကောက်ခွန်ဦးစီးဌာနမှအရာရှိဝန်ထမ်း (၃) ဦးထက်မနည်းကိုဖမ်းဆီးလိုက်သည်။

သစ်မာနှင့်သစ်တောထွက်ပစ္စည်းများ၊ အင်ကြင်းကျောက်များ၊ ကျောက်စိမ်းများတင်ဆောင်လာသည့်ကုန်တင်ကားများကို လာဘ်ငွေသိန်းပေါင်းများစွာယူ၍ တရုတ်ပြည်ဘက်သို့ဖြတ်သန်းခွင့်ပေးမှုတွင်ပါဝင်ပတ်သက်ခဲ့ခြင်းကြောင့် ၎င်းဝန်ထမ်းများကိုဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်းသိရသည်။

ယင်းဖမ်းဆီးမှုတွင် မကြာသေးခင်ကမှ မူဆယ် (၁၀၅) မိုင်ဂိတ်သို့ တာဝန်ကျရောက်ရှိလာသည့် အကောက်ခွန်မှူး ဦးဇော်ဇော်ဟန်နှင့် ဒု–အကောက်ခွန်မှူး ဦးသန်းဇော်နိုင်တို့မှာ ဖမ်းဆီးမည့်သတင်းအားကြိုတင်သိရှိခဲ့ပြီး တရုတ်ပြည်ဘက်သို့ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ ယခုလာဘ်စားမှုကိစ္စတွင် ရဲတပ်ဖွဲ့ဝင်များလည်းပါဝင်သည်ဟုသိရပြီး တာဝန်ထမ်းဆောင်မှုမကျေပွန်ဟုသောအကြောင်းပြချက်ဖြင့် ရဲတပ်ဖွဲ့ဝင် (၄) ဦးအားလည်း ဖမ်းဆီးထားကြောင်းသိရသည်။

ယခုအခါတွင် ယင်းအဖမ်းအဆီးအခြေအနေများကြောင့် (၁၀၅) မိုင်ဇုံတွင် ကုန်စည်စီးဆင်းမှုများနှေးကွေးသွားကြောင်း၊ ကုန်သည်များကပြောပြသည်။ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုံတွင် မကြာခဏလာဘ်စားမှု ဖမ်းဆီးအရေးယူမှုများဖြစ်ပွားလျက်ရှိပြီး တာဝန်ကျဝန်ထမ်းများကိုလည်း (၃) လတကြိမ်၊ (၆) လတကြိမ် ပြောင်းလဲတာဝန်ချလျက်ရှိသည်။ ❖

အထက်မြန်မာပြည်မန္တလေးတွင် နအဖအာဘော်ဂျာနယ်များပေါ်ထွက်

မြန်မာပြည်အလယ်ပိုင်းဖြစ်သည့် မန္တလေးမြို့တွင် နအဖစစ်အစိုးရ၏အာဘော်များကို ထင်ဟပ်စေသည့်သတင်းဂျာနယ်များပေါ်ထွက်လာကြောင်းသိရသည်။

ယခုလ (၁၈) ရက်နေ့မှစတင်ကာ အသစ်ထုတ်ဝေသည့် ပန်သစ္စာဂျာနယ်၊ ရွှေမန္တလေး၊ Upper Myanmar မန္တလေးတိုင်းမ်၊ မန်းတောင်ရိပ်ခို၊ နန်းမြင့်အစရှိသည့်သတင်းဂျာနယ်များသည် စစ်အစိုးရ၏အာဘော်များကို ဇောင်းပေးဖော်ပြသည့်သတင်းများ၊ ဆောင်းပါးများနှင့်ကြံ့ခိုင်ရေးအဖွဲ့၏လုပ်ဆောင်ချက်များကိုသာ အသားပေးထားသည့်သတင်းများကိုသာဖော်ပြသည်။

မီဒီယာသည် အမှန်တရားကို ပြည်သူလူထုထံသို့အသိပေးသည့်ကြားခံတခုဖြစ်သော်လည်း နအဖအစိုးရသည် အမှန်တရားကိုဖုံးကွယ်ပြီး ၎င်းတို့၏ဝါဒဖြန့်ချိရာတွင် လက်နက်အဖြစ်တလွဲသုံးစွဲနေသည်။

နအဖစစ်အစိုးရသည် ၎င်းတို့၏ကျောထောက်နောက်ခံအင်အားစုများကို လုပ်ပိုင်ခွင့်များတဖက်သတ်ပေးနေသော်လည်း အတိုက်အခံပါတီကြီးတခုဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ယခုလ (၄) ရက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အာရုံဏ်သစ်စာစောင်ကပ်ခြင်းကို စာပေစိစစ်ရေး၏အကြီးအကဲ ဗိုလ်မှူးတင့်ဆွေမှတားမြစ်ခဲ့သည်။ ❖

တရုတ်ပြည်တွင်းလုပ်စစ်ကားများနယ်စပ်သို့ထပ်မံရောက်ရှိ

တရုတ်နိုင်ငံလုပ် FAW တံဆိပ်ပါ ခြောက်ဘီးတပ်စစ်ကား အစီး (၁၀၀) ကျော်သည် တရုတ်–မြန်မာနယ်စပ် မူဆယ်မြို့တဖက်ကမ်း ကျယ်ဂေါင်မြို့သို့ ထပ်မံရောက်ရှိလာသည်ဟုသိရသည်။ ယင်းစစ်ကားများသည် (၂၀၀၇) ခုနှစ် အောက်တိုဘာလ ဒုတိယအပတ်အတွင်းက မြန်မာနိုင်ငံဘက်သို့လွှဲပြောင်းပေးခဲ့သည့်ကားများနှင့် ပုံစံတူများဖြစ်သည်ဟု ကျယ်ဂေါင်ဒေသခံတဦးအဆိုရသိရသည်။

တရုတ်ပြည်တွင်းလုပ် (FAW/ LJC/ LIFAN/ DONG FENG) တံဆိပ်ပါ စစ်သုံးကားများကို (၂၀၀၁) ခုနှစ်မှစတင်၍ မြန်မာဘက်သို့ပေးပို့နေခြင်းဖြစ်ပြီး တကြိမ်လျှင် အနည်းဆုံး အစီး (၁၀၀) ထက်မနည်းပို့ဆောင်လျက်ရှိသည်။ အဆိုပါယာဉ်များအား မြန်မာနိုင်ငံတွင်းရှိ စစ်တပ်များနှင့် ဝန်ဆောင်တပ်ရင်းများတွင်းအသုံးပြုနေကြသည်ဟု စစ်တပ်နှင့်နီးစပ်သူများ၏အဆိုအရသိရသည်။

တရုတ်ပြည်ဘက်မှ စစ်ထရပ်ကား၊ စစ်ယာဉ်များ မကြာခဏမြန်မာနိုင်ငံဘက်တွင်းသို့ အလုံးအရင်းဖြင့်ပေးပို့နေသော်လည်း မည်ကဲ့သို့ငွေပေးချေနေသည်ကိုမူ ရှင်းရှင်းလင်းလင်းမသိရဘဲ တရုတ်နှင့်မြန်မာနှစ်ဘက်အစိုးရများကလည်း အဆိုပါကိစ္စများနှင့်ပတ်သက်၍ မည်သို့မျှထုတ်ဖော်ပြောဆိုခြင်းမရှိခဲ့ပေ။ ❖

မြန်မာနိုင်ငံတွင်း လူမှောင်ခိုကူးမှုဖြစ်ပွားနေကြောင်း စစ်အစိုးရဝန်ခံပြောဆို

ရန်ကုန်တိုင်းသန်လျင်မြို့နယ်တွင် အမျိုးသမီး (၄) ဦးအား တရုတ်နိုင်ငံသို့ ခိုးထုတ်ရန်ကြိုးစားခဲ့သည့် ဇနီးမောင်နှံနှစ်ဦးအား အမျိုးသမီးရေးရာနှင့်သန်လျင်ရဲတပ်ဖွဲ့မှဖမ်းဆီးလိုက်ကြောင်း ကြေးမုံသတင်းစာတွင်ဖော်ပြထားသည်။ သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာတွင်နေထိုင်သူ ကျော်ကျော် (ခေါ်) ကျော်ကြီးနှင့် ၎င်း၏ဇနီးဖြစ်သူ မဥမ္မာ (ခေါ်) ခင်ဥမ္မာဝေတို့သည် သန်လျင်မြို့ရှိ အမျိုးသမီး (၄) ဦးအား တရုတ်နိုင်ငံတွင် အိမ်ဖော်အဖြစ်လုပ်ကိုင်ရန် ကားတစီးဖြင့်ခေါ်ဆောင်လာစဉ် သန်လျင်မြို့အထွက်၌ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

တရုတ်ပြည်သို့ရောက်ရှိသွားခဲ့သည့် မြန်မာအမျိုးသမီးများသည် ပြည့်တန်ဆာရုံများတွင် ရောင်းစားခြင်းများခံရသလို တရုတ်သက်ကြီးရွယ်အိုများဖြင့် အတင်းအဓမ္မပေးစားခြင်းများကိုခံရကြောင်း၊ တရုတ်–မြန်မာနယ်စပ်တွင်နေထိုင်သည့် မြန်မာအမျိုးသမီးတဦးကပြောဆိုခဲ့သည်။ မြန်မာအမျိုးသမီးများ၏ဘဝမြင့်မားလာပြီး ယခုကဲ့သို့အဖြစ်ဆိုးများဖြင့်ကင်းဝေးရန် တိုင်းပြည်စီးပွားရေးအကျပ်အတည်းကို အရင်ဦးစွာဖြေရှင်းပေးရန်လိုအပ်သည်ဟု အမျိုးသမီးများအခွင့်အရေးနှင့်ပတ်သက်၍ဆောင်ရွက်ပေးနေသည့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ မနန်းယဉ်ကပြောဆိုခဲ့သည်။ မြန်မာနိုင်ငံသည် လူမှောင်ခိုကူးမှု ဆိုးဆိုးရွားရွားဖြစ်ပွားနေသည့်နိုင်ငံများစာရင်းတွင်ပါဝင်ကြောင်း ယမန်နှစ်ကထုတ်ပြန်ခဲ့သည့် အမေရိကန်အစိုးရ ၏လူ့အခွင့်အရေး အစီအရင်ခံစာတွင်ဖော်ပြထားခဲ့သည်။ ❖

ကမ္ဘာတဝှမ်းသတင်းသမားများအသတ်ခံရမှုတွင် အာရှကဒုတိယဟု အာရ်အက်စ်အက်ဖ်အစီအရင်ခံ

မြန်မာပြည်စက်တင်ဘာအရေးအခင်းအတွင်းအသတ်ခံလိုက်ရသည့်ဂျပန်သတင်းထောက်

၂၀၀၇ ခုနှစ်အတွင်း ကမ္ဘာတဝှမ်းတွင် သတင်းသမား (၈၆) ဦး အသတ်ခံခဲ့ရပြီး (၄၈) ဦးသည် အရှေ့အပိုင်းဒေသတွင်သေဆုံးခဲ့ခြင်းဖြစ်ပြီး အခြား (၁၇) ဦးမှာ အာရှနိုင်ငံများတွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်အခြေစိုက် နယ်ခြားမဲ့သတင်းထောက်များအဖွဲ့ (အာရ်အက်စ်အက်ဖ်) က အစီရင်ခံသည်။

ပြီးခဲ့သည့်နှစ်အတွင်း သတင်းထောက်အများစုသေဆုံးခဲ့ရသောနိုင်ငံသည် အီရတ်နိုင်ငံဖြစ်ပြီး သေဆုံးသူသတင်းထောက်စုစုပေါင်း၏ တဝက်ကျော် (၄၇) ဦးရှိကာ အမေရိကန်က အီရတ်ကိုဝင်ရောက်တိုက်ခိုက်ခဲ့သည့် ၂၀၀၃ ခုနှစ်၊ မတ်လမှ စတင်ရေတွက်လျှင် (၂၀၇) ဦးရှိသွားပြီဟုဆိုသည်။

အာရှနိုင်ငံများဖြစ်သော မြန်မာ၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ သီရိလင်္ကာ၊ ဖိလစ်ပိုင်၊ တရုတ်၊ ကာဂျစ္စတန်တို့တွင်လည်း ယမန်နှစ်က သတင်းသမား (၁၇) ဦး သေဆုံးခဲ့သည်။ မြန်မာနိုင်ငံတွင် စက်တင်ဘာအရေးအခင်းအတွင်းက ဂျပန်သတင်းထောက် မစ္စတာနာဂအိကန်ဂျိ သေဆုံးခဲ့ခြင်းဖြစ်သည်။

နယ်ခြားမဲ့သတင်းထောက်များအဖွဲ့ အစီရင်ခံစာတွင် စက်တင်ဘာအရေးအခင်းအတွင်း စစ်အစိုးရအင်တာနက်မီဒီများကို ပိတ်ပစ်ခဲ့ခြင်း၊ သတင်းထောက်များ၏ ကင်မရာများ၊ ဖုန်းများနှင့် အခြားမီဒီယာလုပ်ငန်းသုံးကိရိယာများကို အာဏာပိုင်များက သိမ်းဆည်းခြင်းများကိုဖော်ပြထားသော်လည်း မြန်မာပြည်တွင်အဖမ်းခံသူ အရေအတွက်ကို ဖော်ပြထားခြင်းမရှိပါ။

မြန်မာသတင်းသမဂ္ဂမှ အထွေထွေအတွင်းရေးမှူး ဦးစံမိုးဝေက ပြီးခဲ့သည့်စက်တင်ဘာအရေးအခင်းအတွင်းနှင့် အရေးအခင်းနောက်ပိုင်းတွင် မြန်မာပြည်တွင် သတင်းလုပ်ငန်းနှင့်ဆက်စပ်၍ အဖမ်းခံထားရသူ အနည်းဆုံး (၉) ဦးရှိကြောင်း၊ ၎င်းတို့၏ မိသားစုများလည်း ယခုတိုင် ဖမ်းဆီးစစ်ဆေးခံနေရဆဲဖြစ်ကြောင်းပြောသည်။

အစီရင်ခံစာအရ ပြီးခဲ့သည့်နှစ်အတွင်း အင်တာနက်မီဒီယာကို ကန့်သတ်ထိန်းချုပ်ရာတွင်တရုတ်နိုင်ငံသည် ချန်ပီယံဖြစ်ပြီး မြန်မာနှင့်ဆီးရီးယားတို့က တရုတ်နောက်က လိုက်သည်ဟုဆိုသည်။ ပြီးခဲ့သည့်နှစ် ကမ္ဘာတဝှမ်းတွင်အပိတ်ခံခဲ့ရသော မီဒီယာခွဲပေါင်း (၉၁၂) ခုနှစ်ပြီး ကမ္ဘာတဝှမ်းပိတ်ပင်ခံခဲ့ရသောအင်တာနက်ဝက်ဆိုက်နှင့် ဘလော့ပေါင်း (၂၆၀၀) ရှိသည်ဟုဆိုသည်။

နယ်ခြားမဲ့သတင်းထောက်များအဖွဲ့ အစီရင်ခံစာတွင် ယမန်နှစ်က လုပ်ငန်းခွင်အတွင်းသေဆုံးသူသတင်းသမား (၈၆) ဦးအပြင်၊ သတင်းသမားများကို အကူအညီပေးသူ (၂၀) ကျော်လည်း အသတ်ခံခဲ့ရသည်ဟုဖော်ပြထားသည်။ ၎င်းတို့တွင် သတင်းသမားများကိုအကူအညီပေးနေသော စကားပြန်များ၊ ဓာတ်ပုံဆရာများ၊ ဒရိုင်ဘာများပါဝင်သည်။

၎င်းအပြင် ယမန်နှစ်က ကမ္ဘာတဝှမ်းတွင် အဖမ်းခံခဲ့ရသောသတင်းသမား (၈၈၇) ဦး၊ ခြိမ်းခြောက်တိုက်ခိုက်ခံရသူ (၁၅၁၁) ဦး၊ ပြန်ပေးဆွဲခံရသူ (၆၇) ဦးရှိပြီး ယမန်နှစ်ထက် အခြေအနေပိုဆိုးလာသည်ဟုဆိုသည်။ (၂၀၀၆) ခုနှစ်က သတင်းသမား (၈၅) ဦးနှင့် မီဒီယာကိုအကူအညီပေးသူ (၃၂) ဦးအသတ်ခံရပြီး (၈၇၁) ဦးအဖမ်းခံသည်။ (၁၄၇၂) ဦး တိုက်ခိုက်ခြိမ်းခြောက်ခံရပြီး၊ (၅၆) ဦး ပြန်ပေးဆွဲခံရသည်။

❖

တချက်မှာ (၈) ဦးခြီသူကြီးဆောင်းပါးမှ ...

လိုလုပ်ကြမလဲ။" ဤတွင် ဦးတိမ်တောင်က အခြေအနေအချိန်အခါနှင့်ကိုက်ညီစွာတော် လှန်တိုးတက်သောအမြင်ဖြင့် ဤသို့ ခပ်ပြတ်ပြတ်နိဂုံးချုပ်၏။ "ဟာဦးခြီသူကြီးရာ။ အရှင်ထွက်မထွက်ရင် အသေထွက်ထွက်ဖို့ပဲရှိတော့တယ်။ သူ့ဘာသာသူသေပြီး အသေထွက်ထွက်ရင်ထွက် ဒါမှမဟုတ်ရင်တော့ လူနာကို ကယ်တင်ဖို့ လူနာဗိုက်ထဲကသန်ကောင်ကို မလွဲသာ မရှောင်သာ သံချဆေးကျွေးသလို လုပ်ရမှာပဲ။

တိုင်းသူပြည်သားတွေကို ကယ်တင်ဖို့ ဗိုလ်သန်းရွှေကို မလွဲသာမရှောင်သာ အသေထွက်ဆေးတိုက်ကျွေးဖို့ပဲရှိတော့တယ်။ ဒါဟာ အကုသိုလ်အလုပ်မဟုတ်ဘူး။ ကုသိုလ်အလုပ်ဗျ။ ကုသိုလ်အလုပ်။"

ပရိသတ်ခင်ဗျား ....

ဦးတိမ်တောင်ကတော့ အပြတ်ပြောသွားပါပြီ။ ကျနော့်အဖို့ ယခင်ကလို ဟဲ .... ဟဲ .... ဟား .... ဟား .... မလုပ်နိုင်တော့ပါ။ ဒို ရဲဘော်ကြီး အသင်ဘယ်သို့ ထင်မြင်သနည်း။

အသင်ဘာကို လုပ်မည်နည်း။

ဦးခြီသူကြီး
(ပုန်းခိုရာမြို့၊ ပြည်တွင်း)
၆–၁–၀၈

❖

ဗုံးတွေရဲ့နောက်ကွယ်မှာ...

နေသွင်

ဒီအဖြစ်အပျက်တွေဟာ
တနေရာစီမှာတသီးတခြားစီဆိုပေမယ့်
နောက်ကွယ်မှာတခုနှင့်တခု
ဆက်စပ်နေတယ်လို့ယူဆနိုင်ပါတယ်။
တိုင်းပြည်ကို
ကယောက်ကယက်အခြေအနေကနေ
ပုံမှန်ပြန်ထိန်းထားပြီးလို့ပြောနေရာက
ဗုံးတွေတလုံးပြီးတလုံးဖောက်ပြလိုက်ခြင်းဖြင့်
ဒီနောက်ကွယ်မှာ...

အခုတလော မြန်မာပြည်မှာ ဗုံးတွေတလုံးပြီးတလုံး ပေါက်နေတဲ့ကိစ္စအပေါ်မှာ တချို့က နအဖကအကြံအဖန်လုပ်နေတာလို့ ခန့်မှန်းကြပါတယ်။ နအဖကတော့ သောင်းကျန်းသူတွေ၊ အဖျက်သမားတွေရဲ့လက်ချက်လို့ဆိုပါတယ်။ အရင်ကလည်း ဒီလို လက်သည်မပေါ်တဲ့ဗုံးတွေ မြန်မာပြည်မှာကွဲပြီးရင် အတိုက်အခံရေ၊ စစ်အစိုးရရေ၊ မီဒီယာတွေမှာ အပြန်အလှန်စွပ်စွဲတာ မြန်မာပြည်မှာထုံးစံလိုဖြစ်နေပါပြီ။

နအဖဘက်ရဲ့လက်ချက်မှန်လျှင် စက်တင်ဘာအရေးအခင်းအပြီးမှာ တိုင်းပြည်ရဲ့မတည်မငြိမ်အခြေအနေကို ပုံမှန်ပြန်ထိန်းနိုင်ပါပြီလို့ ဝါဒဖြန့်နေတာနဲ့ပြောင်းပြန်ဖြစ်နေတော့ ဒီကိစ္စအပေါ်မှာ စနစ်တကျသုံးသပ်ဖို့ လိုလာပါတယ်။ စစ်အစိုးရဟာ အရင်ကလည်း ရှေ့နောက်မညီတဲ့စကားတွေ ပြောလေ့ရှိပေမယ့် လတ်တလောကိစ္စမှာ လျှို့ဝှက်အကြံအစည်မရှိဘူးလို့ ဘယ်သူမှမပြောနိုင်ပါဘူး။

ဗုံးသတင်းတွေနဲ့ ရှေ့ဆင့်နောက်ဆင့်ထွက်ပေါ်လာတာက လုံခြုံရေးကောင်စီအစည်းအဝေးမှာ မစ္စတာဂမ်ဘာရီပြောသွားတဲ့စကားပါ။ လိုရင်းကတော့ သူက ဒီလ (ဇန်နဝါရီထဲ) မှာ မြန်မာပြည်သွားချင်တယ်။ စစ်အစိုးရက ဧပြီလမှလာရင် သူတို့အတွက် ပိုပြီးအဆင်ပြေမယ်လို့ ပြောထားတဲ့ကိစ္စပါ။ တကယ်လို့လုံခြုံရေးကောင်စီမှာ မြန်မာ့အရေး တံခါးပိတ်ဆွေးနွေးတာမရှိခဲ့ရင် စစ်အစိုးရနှင့် မစ္စတာဂမ်ဘာရီကြားမှာ ဆွေးနွေးနေတဲ့ကိစ္စကို သိနိုင်ဖို့ခက်ပါတယ်။ စစ်အစိုးရဟာ နိုင်ငံရေးကစားကွက်ကို ရှေ့မှာတမျိုး၊ နောက်ကွယ်မှာတမျိုး၊ အစီအစဉ်ရှိရှိ လုပ်နေတာသေချာပါတယ်။ ဒီနေရာမှ စဉ်းစားသင့်တာက အရင်က မစ္စတာဂမ်ဘာရီရဲ့ မြန်မာပြည်ခရီးစဉ်တွေကို စစ်အစိုးရက မြန်မြန်ဆန်ဆန်ခွင့်ပေးခဲ့ပေမယ့် အခုခရီးစဉ်ကျမှ နောက်ထပ် (၃) လကြာအောင် ဘာလို့ရွှေ့ဆိုင်းရသလဲ။ စစ်အစိုးရဟာ သူတို့အတွက်အသုံးမဝင်ဘူးဆိုလျှင် ဘယ်ကုလသမဂ္ဂကိုယ်စားလှယ်ကိုမှ မြန်မာပြည်ဝင်ခွင့်ပေးခဲ့တာမဟုတ်ပါဘူး။ မစ္စတာဂမ်ဘာရီရဲ့ ပြီးခဲ့တဲ့ခရီးစဉ်တွေကိုပြန်ကြည့်ရင် ဒီမိုကရေစီလိုလားသူတွေထက် စစ်အစိုးရအတွက်ပိုအကျိုးရှိသွားတာကိုပဲ မြင်ရမှာဖြစ်ပါတယ်။ သိသာထင်ရှားတဲ့ဥပမာကတော့ နှစ်လကြာ လူထုလှုပ်ရှားမှုတွေ မစ္စတာဂမ်ဘာရီခရီးစဉ်ကြောင့် ရပ်သွားတာပဲဖြစ်ပါတယ်။

ဗုံးကိစ္စတွေမတိုင်ခင်မှာ စစ်အစိုးရရဲ့ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံခဲ့ပါသေးတယ်။ ဒီတွေ့ဆုံမှုဟာ မစ္စတာဂမ်ဘာရီမလာခင် နှစ်ဖက်ထိတွေ့မှုရှိကြောင်းပြသဖို့ သက်သက်လို့သုံးသပ်တာတွေရှိခဲ့ပြီး အခုအထိတော့ အဲန်အယ်လ်ဒီအပါအဝင် ဘယ်သူမှ ဘာတွေဆွေးနွေးခဲ့ကြတယ်ဆိုတာ တစွန်းတစတောင်မသိနိုင်ပါဘူး။ ဒီမတိုင်ခင်မှာ တရက်စောပြီး စစ်အစိုးရရဲ့ ရုပ်သေးအဖွဲ့တဖွဲ့ဖြစ်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မတီရဲ့ (၄/၂၀၀၈) ကြိမ်မြောက်အစည်းအဝေးဆိုပြီး မြန်မာ့အလင်းသတင်းစာမှာဖော်ပြခဲ့တာရှိပါတယ်။ အသေးစိတ် ဖော်ပြထားတာမဟုတ်ပါဘူး။ အဓိပ္ပါယ်ကတော့ စစ်အစိုးရက သူတို့ရဲ့ လမ်းပြမြေပုံကို ဆက်သွားနေတယ်ဆိုတဲ့ Message ကိုလူသိရှင်ကြား ထုတ်ပြောလိုက်တာပါ။ အခြေခံဥပဒေရေးဆွဲရေးကော်မတီအစည်းအဝေးသတင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့်ဦးအောင်ကြည် တွေ့ဆုံတဲ့သတင်းတို့မြန်မာ့အလင်းသတင်းစာမှာ ရက်ဆက်ထွက်ပေါ်လာတာဟာ သာမန်တိုက်ဆိုင်မှုလို့ မဆိုနိုင်ပါဘူး။

ဒီအဖြစ်အပျက်တွေဟာ တနေရာစီမှာ တသီးတခြားစီဆိုပေမယ့် နောက်ကွယ်မှာ တခုနှင့်တခု ဆက်စပ်နေတယ်လို့ယူဆနိုင်ပါတယ်။ တိုင်းပြည်ကို ကယောက်ကယက်အခြေအနေကနေ ပုံမှန်ပြန်ထိန်းထားပြီးလို့ ပြောနေရာက ဗုံးတွေတလုံးပြီးတလုံး ဖောက်ပြလိုက်ခြင်းဖြင့် ဒီနောက်ကွယ်မှာ (၁) ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးပါလို့ တောင်းဆိုချက်တာတွေ (၂) မစ္စတာဂမ်ဘာရီရဲ့ မြန်မာပြည်ခရီးစဉ်ကိုရော ဖြေပြီးသားဖြစ်သွားနိုင်ပါတယ်။ လတ်တလော ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွေရဲ့ အနည်းဆုံးတိုးတက်မှုကိုပြသဖို့နည်းလမ်းကတော့ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ကနေ ပြန်လွှတ်ပေးဖို့ဆိုတာ စစ်အစိုးရကိုယ်တိုင် ရိပ်မိပြီးဖြစ်မှာပါ။ ဒီအခြေအနေကို ကျော်လွှားဖို့နည်းလမ်းက ဒေါ်အောင်ဆန်းစုကြည်ရဲ့အသက်အန္တရာယ်လုံခြုံရေးအကြောင်းပြချက်ဟာ လုပ်ရိုးလုပ်စဉ်တွေထဲက တခုဖြစ်ပါတယ်။ (၂၀၀၃ ခုနှစ်၊ ဒီပဲယင်းအရေးအခင်းအပြီးမှာလည်း ဒီအကြောင်းပြချက်နဲ့ပဲ ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးခဲ့တာဖြစ်ပါတယ်။ နောက်မှ နိုင်ငံတော်လုံခြုံရေးဥပဒေအရ တနှစ်ပြီးတနှစ်ဆက်ဖမ်းထားတာဖြစ်ပါတယ်)။ လောလောဆယ်အခြေအနေမှာ စစ်အစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ဖို့မဖြစ်နိုင်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ကိုပြန်လွှတ်လိုက်ရင် အနည်းဆုံး ဟန်ပြသဘောသွားနေတဲ့ တွေ့ဆုံဆွေးနွေးရေးအခြေအနေအပေါ်မှာ ဒေါ်အောင်ဆန်းစုကြည်က ထုတ်ဖော်ဆိုခွင့်ရသွားနိုင်ပါတယ်။ ရှင်းရှင်းလင်းလင်းမရှိလှတဲ့ ဒီဆွေးနွေးပွဲတွေဟာ စက်တင်ဘာအရေးအခင်းကြောင့် တိုးလာတဲ့ ပြည်တွင်းပြည်ပဖိအားတွေအောက်က စစ်အစိုးရသက်ရှုပေါက်ရသွားတာ သူတို့မေ့ဦးမှာ မဟုတ်ပါဘူး။

မစ္စတာဂမ်ဘာရီကို ဧပြီလကျမှ လာပါလို့ပြောနေခြင်းရဲ့နောက်ကွယ်မှာ တခြားလျှို့ဝှက်ချက်တွေရှိနိုင်ပါတယ်။ ညောင်နှစ်ပင်ညီလာခံမှာ အကြမ်းရေးဆွဲထားတဲ့ ဖွဲ့စည်းပုံဟာ တကယ်တော့ အဆင့်သင့်ရှိပြီးသား ဖွဲ့စည်းပုံလို့ ဥပဒေပညာရှင်တွေသုံးသပ်တာနဲ့ဆက်စပ်လိုက်ရင် ဦးအောင်တိုးဦးဆောင်တဲ့ ဖွဲ့စည်းပုံရေးဆွဲရေးကော်မတီက ဒီကိစ္စကို အချိန်မရွေး အချောပြီးပါပြီလို့ပြောလို့ရတဲ့အခြေအနေပါ။ ဒါဟာ စစ်အစိုးရက သံမိဏ္ဍာန်ရှိရှိ လုပ်ဆောင်နေပါတယ်လို့ဆိုတဲ့ လမ်းပြမြေပုံရဲ့ အဆင့် (၃) ဖြစ်ပြီး ဒါပြီးရင် လူထုဆန္ဒခံယူပွဲနဲ့ အတည်ပြုမှာဖြစ်ပါတယ်။ လူထုဆန္ဒခံယူပွဲမှာ အားလုံးသိကြတဲ့အတိုင်း ကြံ့ဖွံ့၊ စွမ်းအားရှင်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မီးသတ် စသည့် စစ်အစိုးရ၏ ကျောထောက်နောက်ခံအဖွဲ့များနှင့် လုပ်ဆောင်သွားနိုင်ပါတယ်။ စက်တင်ဘာအရေးအခင်းကြောင့် စစ်အစိုးရရဲ့အစီအစဉ်တွေ နောက်ဆုတ်သွားတယ်လို့ယူဆရင် လာမည့်ဧပြီလမှ လူစုလူဝေးနဲ့လုပ်ဆောင်နိုင်တဲ့အခြေအနေရှိနိုင်ပါတယ်။ အဲ့ဒီအချိန်ကျမှ မစ္စတာဂမ်ဘာရီကိုခေါ်ပြီး လမ်းပြမြေပုံအဆင့်တွေတဆင့်ပြီး တဆင့်သွားနေပါတယ်လို့ ဆင်ခြေပေးနိုင်ပါတယ်။ (အရင်ကလည်း မစ္စတာဂမ်ဘာရီကို ညောင်နှစ်ပင်ညီလာခံဆီခေါ်သွားပြီး လမ်းပြမြေပုံအဆင့် (၁) ကိုဖော်ဆောင်နေကြောင်း ပြသခဲ့တာရှိပါတယ်)။ ဒီနည်းနဲ့ နောက်ထပ်အချိန်ဆွဲနိုင်ပါသေးတယ်။

အဲန်အယ်လ်ဒီခေါင်းဆောင်တဦးကတော့ ဒီကိစ္စတွေဟာ တွေ့ဆုံဆွေးနွေးရေးမဖြစ်တော့မှ ပြောရမယ့်ကိစ္စလို့ပြောပါတယ်။ ဒါပေမယ့် အခုတွေ့ဆုံမှုတွေဟာ အတုအယောင်ဖြစ်တယ်လို့ မြင်တဲ့အမြင်တွေ မနည်းမနောရှိနေပါတယ်။ တချို့ကဆို ဉာဏ်ထုံတဲ့ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးအရ တန်းတူရည်တူ စကားပြောနိုင်တဲ့အရည်အချင်းမရှိဘူးလို့ တုံးတိတိဆိုပါတယ်။ အာဏာရှင်တွေကိုဖြုတ်ချဖို့နည်းလမ်းဟာ တွေ့ဆုံဆွေးနွေးရေးနည်းလမ်းမဟုတ်ဘူး။ နောက်ထပ်လူထုလှုပ်ရှားမှုတခုလိုမြင်တဲ့ လှုပ်ရှားတက်ကြွသူတွေအနေနဲ့ နောက်ထပ်ဆန္ဒပြပွဲတွေကိုပဲ မျှော်လင့်ကြပါတယ်။ အရင်က မအောင်မမြင်ဖြစ်ခဲ့တဲ့ နိုင်ငံရေးတွေ့ဆုံပွဲတွေကို ထောက်ပြပြီး စစ်အစိုးရအပေါ်မယုံမကြည်ဖြစ်ကြတာ သူတို့အပြစ်မဟုတ်ပါဘူး။ စက်တင်ဘာရွှေဝါရောင်တော်လှန်ရေးကိုဦးဆောင်ခဲ့တဲ့ သံဃာထုလည်း ယခုတိုင်ကံဆောင်နေကြဆဲဖြစ်ပါတယ်။ "အခုချိန်မှာ ပြောဖို့စောပါသေးတယ်"လို့ပဲ သူတို့ပြောကြပါတယ်။

ခြုံပြောရရင် မြန်မာပြည်မှာ လှေနှံ့နှစ်ဖက်နင်းထားတဲ့ စစ်အစိုးရအနေနဲ့ တွေ့ဆုံဆွေးနွေးရေးကို တဖက်ကသွားနေပြီး၊ အခြားတဖက်မှာ သူတို့လုပ်စရာရှိတာတွေ လုပ်ခွင့်ရဖို့ နည်းလမ်းမျိုးစုံကိုသုံးနေဦးမှာ သေချာပါတယ်။ ဒီလိုပဲ လှုပ်ရှားတက်ကြွသူတွေကလည်း "လူထုလှုပ်ရှားမှုသာ အာဏာရှင်ဖြုတ်ချရေးအတွက်အဖြေ"ဆိုတဲ့ သူတို့ယုံကြည်ချက်ကို မပြောင်းလဲလိုက်ကြပါဘူး။

နေသွင်

◆

မြန်မာနိုင်ငံအတွင်း ၂၀၀၈ ခုနှစ်အစ နေရာအနှံ့ဗုံးပေါက်ကွဲမှုများဖြစ်ပွားဆဲ

၂၀၀၈ နှစ်ဦးတွင် မြန်မာနိုင်ငံအတွင်း ဗုံးပေါက်ကွဲမှု (၄) ကြိမ်ဖြစ်ပွားခဲ့ပြီးနောက် စတုတ္ထအကြိမ်ပေါက်ကွဲမှုတွင် ယာဉ်နောက်လိုက်တဦးသေဆုံးခဲ့ကြောင်း စစ်အစိုးရပိုင် မြန်မာ့အလင်းသတင်းစာက တရားဝင်ကြေညာခဲ့သည်။ ပထမဆုံးပေါက်ကွဲမှုမှာ ဇန်နဝါရီ (၁၁) ရက်နေ့၊ နံနက် (၄) နာရီခန့်တွင် အစိုးရရုံးစိုက်ရာ ပျဉ်းမနားနေပြည်တော်ဘူတာရုံတွင် ဖြစ်ပြီး ယင်းမှာ ပထမဦးဆုံးပေါက်ကွဲမှုဖြစ်သည်။ ထိုဗုံးပေါက်ကွဲမှုတွင် နေပြည်တော်ရှိအိမ်သာပြိုကျသွားခဲ့ပြီး အသက် (၄၀) အရွယ် နော်ဂေးလားအမည်ရှိ အမျိုးသမီးသေဆုံးသွားခဲ့သည်။ ဗုံးပေါက်ကွဲမှုမှန်ကန်ကြောင်းကိုလည်း နေပြည်တော်အမှတ် (၃) ရဲစခန်းမှအတည်ပြုပြောဆိုခဲ့သည်။

ထိုနေ့၌ပင် ဖြူးမြို့နယ်၊ ညောင်ပင်သာရွာတွင်လည်းကောင်း၊ (၁၃) ရက်နေ့တွင် ရန်ကုန်ဘူတာကြီးတွင်လည်းကောင်း၊ (၁၆) ရက်နေ့တွင် ရန်ကုန်–မန္တလေးကားလမ်းမပေါ်ရှိ ပဲခူးတိုင်း၊ ဖျူပုံကြီးရွာ စစ်ကိုင်းလေးမာလာထမင်းဆိုင်အနီးတွင်လည်းကောင်း ပေါက်ကွဲမှုများဆက်တိုက်ဖြစ်ပွားခဲ့သည်။ ဖြူးမြို့နယ်၊ ညောင်ပင်သာရွာဘောလုံးကွင်းအတွင်းပေါက်ကွဲမှုတွင်လည်း ကေအဲန်ယူစစ်သားတဦးသေဆုံးခဲ့ပြီး အမျိုးသမီး (၃) ဦးနှင့် ကလေးငယ် (၁) သေဆုံးခဲ့ကြောင်း စစ်အစိုးရပိုင်သတင်းစာများတွင်ဖော်ပြခဲ့သည်။

ယင်းနေပြည်တော်ဗုံးပေါက်ကွဲမှုအပြီးတွင် အဝေးပြေးကားဂိတ်များ၊ ဘူတာရုံများနှင့်လေဆိပ်များတွင် လုံခြုံရေးများချထားပြီး ခရီးသည်များ၏ ခရီးဆောင်အိတ်များကို လည်းဖွင့်ကြည့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ (၁၂) ရက်၊ နေ့လည် (၂) နာရီ (၁၅) မိနစ်ခန့်တွင် မြို့တော်ရန်ကုန်ဘူတာကြီးရှိ လက်မှတ်ရုံအနီး အသေးစားဗုံးပေါက်ကွဲမှုတွင် အမျိုးသမီးအိမ်သာနံရံပွင့်ထွက်သွားခဲ့ပြီး အမျိုးသမီးနှစ်ဦးပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။ အသက် (၅၈) နှစ်အရွယ်အမျိုးသမီးကြီးတဦးနှင့် အသက် (၂၀) ခန့်ရှိ အမျိုးသမီးငယ်တဦးမှာလည်း လက်တဖက်ပြတ်သွားခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီးအရေးပေါ်ဌာနသို့ ပို့ဆောင်ခဲ့ရသည်ဟုသိရသည်။ ယခုအခါတွင် အဆိုပါဗုံးပေါက်ကွဲသည့် နေရာဝန်းကျင်တွင် စစ်သားများ၊ ရဲများနှင့် လုံခြုံရေးများတင်းကျပ်စွာချထားလျက်ရှိပြီး မည်သူမျှဝင်ရောက်၍မရဟုလည်းသိရသည်။ ရန်ကုန်မြို့တွင်းတွင်လည်း ဧည့်စာရင်းစစ်ခြင်းများပြုလုပ်မည်ဖြစ်ပြီး ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ ပြည်ပရှိ လက်နက်ကိုင်အတိုက်အခံအဖွဲ့အစည်းများကိုလည်း စွပ်စွဲဦးမည်ဖြစ်ကြောင်း ရန်ကုန်မြို့လူထုအတွင်းတွင်ပြောဆိုနေကြသည်။

ပဲခူးတိုင်းအတွင်းတွင်လည်း၊ ရွှေခရီးသည် မော်တော်ယာဉ်လိုင်းမှ အောင်စနေအမည်ရှိ မှန်လုံယာဉ် အမှတ် ၅ခ/၃၆၄၄ သည် ကျောက်ကြီးမြို့မှ ရန်ကုန်မြို့သို့ထွက်လာစဉ် ရန်ကုန်–မန္တလေးလမ်းပေါ်ရှိ ပဲခူးတိုင်းဖျူပုံကြီးရွာရှိ စစ်ကိုင်းလေးမာလာထမင်းဆိုင်တွင် ခရီးသည်များခေတ္တအနားယူနေချိန်တွင် ဗုံးပေါက်ကွဲမှုတခုဖြစ်ပွားခဲ့သည်။ အဆိုပါပေါက်ကွဲမှုတွင် ယာဉ်နောက်လိုက်ဖြစ်သူ မောင်လွင်စိုး (၃၅) နှစ်မှာ ပွဲချင်းပြီးသေဆုံးသွားခဲ့ကြောင်းသိရသည်။

ယခု (၂၀၀၈) ဗုံးပေါက်ကွဲမှု (၄) ကြိမ်အတွင်း စုစုပေါင်း လူ (၃) ဦး သေဆုံးခဲ့ပြီး (၅) ဦး ဒဏ်ရာရရှိခဲ့သည်၊ နအဖအာဏာပိုင်များအနေဖြင့် ဗုံးခွဲတရားခံကို ဖမ်းဆီးနိုင်သေးခြင်းမရှိသေးပဲ ပြည်ပရှိအဖွဲ့ကြီးတဖွဲ့မှ ပြည်တွင်းအကြမ်းဖက်ဖောက်ခွဲ ဖျက်ဆီးရေးလုပ်ငန်းများလုပ်ဆောင်ရန်အတွက် လုပ်ဆောင်နေသည်ဟု စွပ်စွဲပြောဆိုခဲ့သည်၊ ၂၀၀၇ ခုနှစ် ဇန်နဝါရီ (၁၅) ရက် ရွှေဂုံတိုင်စာတိုက်တွင် ဗုံးပေါက်ကွဲမှုတကြိမ်ဖြစ်ပွားခဲ့ပြီး၊ ၂၀၀၆ ခု ဧပြီလ (၂၀) ရက် နေ့အစောပိုင်းအတွင်း၊ ရန်ကုန်မြို့ဗဟိုစာတိုက်ကြီးအနီးအပါအဝင် ရန်ကုန်မြို့လယ်နေရာအတော်များများတွင် ဗုံး (၅) လုံး ဆက်တိုက်ပေါက်ကွဲခဲ့သော်လည်း အသေအပျောက်မရှိခဲ့ပေ။ ၂၀၀၅ ခုနှစ် မေလအတွင်းဖြစ်ပွားခဲ့သည့် ရန်ကုန်မြို့တွင်း သုံးနေရာဗုံးပေါက်ကွဲမှုတွင် လူ (၂၀) ကျော်သေဆုံးပြီး (၁၆၀) ကျော်ဒဏ်ရာရရှိခဲ့သည်။ ◆

နွေဦးကြိုသီတေး

ရှိုက်သံနဲ့ငိုသံရဲ့အကြား
စိုးရွံ့ထိတ်လန့်
ရဲရင့်ရိုးသားလှတဲ့ကာလ
တခဏလေး…။

အဲဒီခဏလေး
ငါ့ကိုထာဝရပေးပါ
ဝေဒနာနဲ့ သစ်ရွက်ရားရဲ့
လှပတဲ့အကြင်နာတရား
ငါ့အသက်ရှင်နေသမျှ
သိမ်းထားချင်လွန်းလို့…။

စိတ်ရှုလက်ရှု
နားဆင်လိုက်ပါချစ်သူ
မင်းအရှကြားနေရတဲ့
ကမ္ဘာလောကအတွက်
အလိုအပ်ဆုံးတေးသွားဟာ
ငါ့ဘဝရဲ့
အမြတ်နိုးဆုံး ရင်နဲ့ရင်းထားတဲ့ဂီတ
မင်းအတွက်
အသေချာဆုံး ဆုလာဘ်ဖြစ်တယ်…။

ကမာပုလဲ
(၁၄၊ ၀၁၊ ၂၀၀၈)

အာဏာပိုင်နှင့် ငွေကြေးရှင်တို့၏ လုပ်ရပ်ကြောင့် ပဲခူးတောင်သူများအခက်အခဲနှင့်ကြုံ

ပဲခူးတိုင်းဒိုက်ဦးမြို့နယ်တွင် ရွှေကြယ်မင်းပွဲရုံပိုင်ရှင် ဦးခင်ထွန်းမှ ကျေးရွာရယက များနှင့်ပူးပေါင်း၍ ဒေသခံတောင်သူလယ်သမားများအား ဒုက္ခပေးနေသည်ဟုသိရသည်။ ၂၀၀၂ ခုနှစ်တွင် ဦးခင်ထွန်းသည် ဒိုက်ဦးမြို့နယ်အရှေ့ဘက်ခြမ်းရှိမြေများအား ဝယ်ယူခဲ့ကာ တောင်သူလယ်သမားများအား ပြန်လည်ရောင်းချခဲ့သည်။ ထို့နောက် ၂၀၀၃ ခုနှစ်တွင် ကျေးရွာရယကအဖွဲ့ဝင်များနှင့်ပေါင်းကာ ရောင်းခဲ့ပြီးသားဖြစ်သည့်မြေများအား ၎င်းမှပိုင်ဆိုင်သည်ဟုဆိုသည့်အတွက် တောင်သူလယ်သမားများမှာ အခက်တွေ့နေရသည်။

ပန္နတ်ကျေးရွာအပိုင်တွင်ရှိသည့် သုံးခွကျေးရွာသား ဦးသိန်းဝင်း၏ လယ် (၁၀) ဧကကို ပန္နတ်ရယကဥက္ကဋ္ဌနှင့်ပေါင်းကာ သိမ်းယူဖို့လုပ်ဆောင်နေကြောင်းကို ဦးသိန်းဝင်းက "လယ်က ကျနော့်ဟာပဲ။ ကျနော် လုပ်သာလုပ်နေတာ စိတ်အေးအေးချမ်းချမ်းနဲ့မလုပ်ရဘူး။ ဘယ်နေ့များလာစစ်ဆေးမလဲ၊ ဘယ်နေ့များအနိုင်ကျင့်မလဲဆိုပြီးတော့ ကျနော်အခုလိုခံနေရတာ။ နောင်လည်း မအေး၊ အခုလည်း မအေးသေးဘူး။ ဥက္ကဋ္ဌ တယောက်ပြောင်းတိုင်း ဒီလိုပဲပြန်လုပ်နေရတယ်"ဟုပြောဆိုခဲ့သည်။

လယ်သိမ်းဖို့ အကြိမ်ကြိမ်ခြိမ်းခြောက်ပြောဆိုနေသည့်အတွက် စိုက်ပျိုးပြီးသားဖြစ်သည့်ပဲပင်များအားလည်း မည်သည့်အချိန်တွင် လာရောက်ဖျက်ဆီးမည်ကိုလည်း စိုးရိမ်နေကြောင်းသိရသည်။ ❖

ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင် ရိုက်ကူးရန် ကြိုးပမ်း

မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏အတ္ထုပ္ပတ္တိကို ရုပ်ရှင်ရိုက်ကူးရန် လူရွှင်တော် သရုပ်ဆောင်ဒါရိုက်တာ ကိုဇာဂနာက ဇာတ်ညွှန်းစတင်ရေးသားနေပြီဖြစ်ကြောင်း ဇန်နဝါရီ (၁၀) ရက်နေ့ ဧရာဝတီသတင်းတပုဒ်တွင်ဖော်ပြထားသည်။

ကိုဇာဂနာက "မြန်မာနိုင်ငံလို့ပြောတာနဲ့ အောင်ဆန်းမပါလို့ကိုမရပါဘူး။ အောင်ဆန်းမရှိရင် မြန်မာပြည်ကို ကမ္ဘာ့မြေပုံထဲကနေ delete (ဖျက်ပစ်) လုပ်လိုက်ပါတော့။ ဘယ်တော့မှ သူ့နေရာအခန်းကဏ္ဍဟာ မညှိုးမှိန်ပါဘူး" ဟု ဧရာဝတီသို့ ပြောကြားသည်။

အိမ်နီးချင်းနိုင်ငံများမှ လွတ်လပ်ရေးခေါင်းဆောင်ကြီးများဖြစ်ကြသော မဟာတ္တမဂန္ဒီ၊ နေရူး၊ ချန္ဒရာဘို့စ် စသောပုဂ္ဂိုလ်ကြီးများအကြောင်းကို ရိုက်ကူးပြသခဲ့ကြသော်လည်း မြန်မာနိုင်ငံတွင် ဆင်ဆာနှင့်ပုဂ္ဂိုလ်ရေးအညှိုးအတေးထားမှုများကြောင့် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရိုက်ကူးခွင့်မရခဲ့ပေ။ ထို့အပြင် ဝန်ကြီးချုပ်ဦးနု၏ ပါလီမန်ဒီမိုကရေစီခေတ်တွင်လည်း မည်သူမျှမသိုက်ကူးခဲ့သည့်အတွက် ထိုဇာတ်လမ်းကို ဇာတ်ညွှန်းရေးသားရခြင်းဖြစ်သည်ဟု ကိုဇာဂနာက ဧရာဝတီသို့ပြောကြားခဲ့သည်။

အဆိုပါစိတ်ကူးကို ဂန္ဒီဇာတ်ကားကြည့်ပြီးပေါ်ပေါက်လာခဲ့ရာမှ ၂၀၀၇ ခု ချန္ဒရာဘို့စ်ဇာတ်ကားကြည့်ပြီးချိန်တွင် ရုပ်ရှင်အဖြစ်ရိုက်ကူးရန် လုံးဝဆုံးဖြတ်ခဲ့ကြောင်းကိုလည်း ကိုဇာဂနာကပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဇာတ်ညွှန်းကို http://www.zarganar-windoor.blogspot.com အင်တာနက်စာ မျက်နှာတွင် အပိုင်းများခွဲ၍ ဖော်ပြထားကြောင်း၊ အပိုင်း (၅) ပိုင်းအထိ ဖော်ပြထားပြီးဖြစ်ရာ စုစုပေါင်း ဇာတ်ညွှန်းအပိုင်း (၁၂၀) ကျော်ရှိမည်ဖြစ်သည်။

ကိုဇာဂနာက ယင်းဇာတ်ညွှန်းအပိုင်း (၁) ကို ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက် အာဇာနည်နေ့က ရန်ကုန်အတွင်းဝန်ရုံးအတွင်း အာဇာနည်ခေါင်းဆောင်ကြီးများ အစည်းအဝေးလုပ်နေစဉ် လုပ်ကြံခံရပုံနှင့် ရှာပနအခမ်းအနားတို့ဖြင့် စတင်ဖွင့်လှစ်ထားပြီး အပိုင်း (၂) မှစကာ ဗိုလ်ချုပ်အောင်ဆန်း၏ တက္ကသိုလ်ကျောင်းသားဘဝ အမျိုးသားရေးလှုပ်ရှားမှုများကို တင်ပြထားသည်ဟုဆိုသည်။

အဆိုပါဇာတ်ညွှန်းကိုရေးသားရာတွင် စာရွက်စာတမ်း၊ မှတ်တမ်းမှတ်ရာများစုဆောင်းရာ၌ အခက်အခဲများရှိသော်လည်း ရုပ်ရှင်ဇာတ်ကားဖြစ်သဖြင့် ရသပါအောင် ဖန်တီးရာတွင် ဇာတ်ကောင်တဦးချင်းစီ၏ စရိုက်နှင့် ပုဂ္ဂိုလ်ရေးအချက်အလက်များသည် အရေးပါကြောင်း ဇာဂနာကပြောသည်။

ယင်းဇာတ်ညွှန်းကို ကိုယ်တိုင်ဒါရိုက်တာအဖြစ် ရိုက်ကူးခွင့်ရပါက နိုင်ငံခြားထုတ်လုပ်သူများနှင့် ဇာတ်ညွှန်းပြကာ ဆွေးနွေးသွားမည်ဖြစ်ပြီး သရုပ်ဆောင်သစ်များ ရွေးချယ်၍ ရိုက်ကူးသွားမည်ဟုလည်းဆိုသည်။ ကိုဇာဂနာက ဂန္ဒီရုပ်ရှင်ကားထက်ကောင်းမွန်အောင်ရိုက်ပြချင်ကြောင်း ဆက်လက်ပြောဆိုခဲ့သည်။

ရေးသားထားပြီးသမျှဇာတ်ညွှန်းကို အထက်တွင်ဖော်ပြထားသည့် အင်တာနက်စာမျက်နှာတွင်တင်ထားပြီးဖြစ်၍ မည်သူမဆိုဖွင့်လင်းစွာဝေဖန်နိုင်ကြောင်းနှင့် မြန်မာနိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီးအကြောင်း မြန်မာ့သမိုင်းတွင်ပေါ်ပေါက်လာရေးအတွက် မည်သူမဆို ထိုစာမျက်နှာမှ တဆင့်ပါဝင်ရေးသားနိုင်ကြောင်း ဖိတ်ခေါ်ထားသည်။

ကိုဇာဂနာသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်ခဲ့သူ ဂဠုန်ဦးစော (သို့မဟုတ်) တပါတီစနစ်ဖြင့် မြန်မာနိုင်ငံကို (၂၆) နှစ်တိုင်အုပ်ချုပ်ခဲ့သည့် အာဏာရှင်ဦးနေဝင်း အကြောင်းကိုလည်း ဇာတ်ညွှန်းရေးသားချင်ကြောင်း ဧရာဝတီသတင်းဌာနသို့ ထုတ်ဖော်ပြောဆိုသွားခဲ့သည်။

လက်ရှိတွင်မူ ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာ၊ သရုပ်ဆောင်နှင့် ဟာသမင်းသား ကိုဇာဂနာမှာ လေလှိုင်းအင်တာဗျူးတခုအား ဖြေကြားခဲ့မှုဖြင့် အနုပညာလုပ်ပိုင်ခွင့်အားလုံး ဆင်ဆာဖြတ်တောက်ပိတ်ပင်ခြင်းကို ခံနေရသူဖြစ်သည်။

❖

ကုန်ပစ္စည်းများသိမ်းဆည်းခံရ၍ ကုန်သည်များအခက်တွေ့

ထိုင်း-မြန်မာ မဲဆောက်ဘက်ရှိ အဝင်ဂိတ်တခု

ယခုအခါတွင် ထိုင်း-မြန်မာနယ်စပ်ဖြစ်သည့် မြဝတီမြို့မှတဆင့် မြန်မာပြည်တွင်းသို့ တင်သွင်းနေသည့် ထိုင်းနိုင်ငံလုပ်ကုန်ပစ္စည်းများကို စစ်အစိုးရ၏နေပြည်တော်တိုင်းလက်အောက်ခံတပ်ရင်းတပ်ဖွဲ့များက အကြောင်းပြချက်မရှိဘဲ သိမ်းဆည်းနေသဖြင့် ပစ္စည်းတင်သွင်းနေသည့်ကုန်သည်များအနေဖြင့် အခက်အခဲတွေ့နေကြောင်းသိရသည်။

"ပါလာတဲ့ကုန်ပစ္စည်းအကုန်သိမ်းတယ်။ ဘာမှပြန်မရဘူး။ ပစ္စည်းတွေအသိမ်းခံရတော့ အားလုံးအရှုံးပေါ်နေတယ်။ ခုထိ နေပြည်တော်အဖွဲ့တွေရှိတုန်းပဲ"ဟု မြဝတီမြို့ခံတဦးကပြောဆိုခဲ့သည်။

လိုင်စင်မဲ့ ဆိုင်ကယ်၊ ကားနှင့် ကားပစ္စည်းများအပြင် မြဝတီမြို့ပေါ်တွင်ရှိသည့် အနှိပ်ခန်း၊ ပြည့်တန်ဆာရုံများမှ အမျိုးသမီးငယ်များကိုလည်း နောက်ရက်များတွင် စတင်ဖမ်းဆီးရန် စုံစမ်းမှုများပြုလုပ်လျက်ရှိကြောင်း အဆိုပါမြို့ခံက ဆက်လက်ပြောဆိုခဲ့သည်။

"မုပွလင်ဂိတ်မှာ ကုန်တင်ကား (၉) စီး ဖမ်းလိုက်တယ်။ အချိုမှုန့်တွေ၊ အထည်အလိပ်တွေအကုန်ပဲ၊ ကုန်သည်တွေလည်း မျက်ရည်ကျတဲ့လူကျနဲ့ပဲ"ဟု ကုန်သည်တဦးက ပြောပြသည်။

ယခု လာရောက်ဖမ်းဆီးသည့်အဖွဲ့မှာ အင်အား (၁၈၀) ခန့်ရှိပြီး နေပြည်တော်တိုင်းတပ်ဖွဲ့၊ နစက၊ မူးယစ်နှိမ်နင်းရေးအဖွဲ့နှင့် အထူးရဲသတင်းတပ်ဖွဲ့ဝင်များပါဝင်ပြီး ပြီးခဲ့သည့် (၁၃) ရက်နေ့က မြဝတီမြို့သို့ စတင်ရောက်ရှိလာခြင်းဖြစ်သည်။

ဒီကေဘီအေ အမှတ် (၂) ဂိတ်တွင်လည်း ကုန်ပစ္စည်းများကိုတင်သွင်းခွင့်မပြုဘဲ လူများကိုသာကူးသန်းခွင့်ပြုထားသည်။ ယခင်နှစ်များကလည်း နေပြည်တော်မှတပ်ဖွဲ့များ မြဝတီမြို့သို့ရောက်ရှိလာခဲ့ပြီး ယခုကဲ့သို့ ထိုင်း နိုင်ငံမှထုတ်လုပ်သည့်ကုန်ပစ္စည်းများကိုလိုက် လံဖမ်းဆီးမှုများပြုလုပ်ခဲ့သည်။ ❖

အနှစ် (၆၀) လွန်တဲ့အခါမှာ...

“လွတ်လပ်ရေးနဲ့ ပြည်တွင်းစစ်၊ အမွှာလိုမွေးဖွားခဲ့တဲ့ဗမာပြည်ကြီးဟာ ဒီစစ်ကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေးမတည်ဆောက်နိုင်ဘဲ အမျိုးသားစီးပွားရေးဟာ အဘက်ဘက်က ချွတ်ခြုံကျလာခဲ့တယ်။ လွတ်လပ်ရေးဟာ ဘာအဓိပ္ပာယ်များရှိသေးသလဲ မေးစရာဖြစ်နေတယ်။ အာဇာနည်အဆက်ဆက်တို့ အသက်ပေးတိုက်ပွဲဝင်ခဲ့တာဟာ ဒီစစ်ဗိုလ်ချုပ်တွေကောင်းစားဖို့လား။ လွတ်လပ်ရေးကို လွယ်လွယ်ကူကူရခဲ့တာမဟုတ်ဘူးဆိုတာ ဗမာနိုင်ငံသားတွေအသိဆုံးပဲ။ နယ်ချဲ့နိုင်ငံကြီးတွေချင်း စစ်ပွဲတွေအသွင်နဲ့ ထိပ်တိုက်စောင့်နေကြတဲ့အကြားက ကိုလိုနီအမျိုးသားတရပ်က လွတ်လပ်ရေးရဖို့ လုံးပမ်းရတယ်ဆိုတာ စွန့်လွှတ်ပိုင်းဖြတ်မှုတွေလိုသလို နည်းပရိယာယ်တွေလိုတယ် ...။”

ဗညာ

လွတ်လပ်ရေးရတာ အနှစ် (၆၀) ရှိသွားပြီ။

ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့နောက် ကမ္ဘာမှာ၊ အထူးသဖြင့် အာရှတိုက်မှာ လွတ်လပ်ရေးရတဲ့နိုင်ငံတွေ အလျှိုလျှိုပေါ်လာကြတယ်။ ဒီအထဲမှာ အိန္ဒိယ၊ အင်ဒိုနီးရှားလို လူဦးရေအင်မတန်များတဲ့ နိုင်ငံကြီးတွေလည်းပါတယ်။ လာအိုလို၊ ကမ္ဘောဒီးယားလို နိုင်ငံငယ်တွေလည်းပါတယ်။ စထွက်တုန်းကတော့ အားလုံးအတူတူတာထွက်ခဲ့ကြတာပဲ။ ဒါပေမယ့် ရာစုနှစ်တစ်ဝက်ကျော်လာလို့ ပြန်ကြည့်လိုက်တော့ ဗမာပြည်ကနောက်ဆုံးမှာ တရှုတ်ဆွဲလိုက်နေတယ်ဆိုတာ တွေ့ကြရတယ်။ နအဖလက်ထက် ဗမာပြည်ရဲ့ဒီနေ့ တဦးချင်းဂျီဒီပီနှုန်းက အာဆီယံနိုင်ငံတွေထဲမှာတောင် အနိမ့်ဆုံး။

အာရှတိုက်မှာ ဒုတိယကမ္ဘာစစ်အပြီး လွတ်လပ်လာတဲ့နိုင်ငံတွေရဲ့ လွတ်လပ်ပြီးကာလသမိုင်းတွေကို သုတေသနပြုပြီး ယှဉ်လိုက်ရင် ဗမာပြည်လောက် နိုင်ငံရေးအရဖိနှိပ်မှုပြင်းထန်တာ၊ ရှည်ကြာတာ၊ နိုင်ငံရေးအကျဉ်းသားတွေများပြားတာမရှိဘူးလို့ တွေ့ရမယ်ထင်တယ်။ အထူးသဖြင့် ကိုယ့်နိုင်ငံသားချင်းအပေါ် ဖိနှိပ်ရာမှာ ကမ္ဘာ့ရှားဖြစ်တယ်။ အမေရိကန်နဲ့တောင် တိုက်ခဲ့ကြရတဲ့ ကိုရီးယား၊ ဗီယက်နမ်စတဲ့ စစ်ပွဲကြီးတွေ ပြီးပြတ်ကုန်ပြီ။ ပြည်တွင်းစစ်ဆိုတာတွေလည်း အာရှအရှေ့ပိုင်းမှာ မကျန်တော့သလောက်ပဲ။ ဗမာပြည်မှာသာ စစ်အုပ်စုတွေဟာ (လူဦးရေနဲ့အချိုးအစားတွက်လိုက်ရင်) ကမ္ဘာ့အကြီးဆုံးစစ်တပ်ကြီးတည်ဆောက်၊ ပြည်တွင်းစစ်ကိုတမင်မွေးပြီး ပျော်ပျော်ကြီး စစ်တိုက်စားနေတယ်။

လွတ်လပ်ရေးနဲ့ ပြည်တွင်းစစ်၊ အမွှာလိုမွေးဖွားခဲ့တဲ့ဗမာပြည်ကြီးဟာ ဒီစစ်ကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေး မတည်ဆောက်နိုင်ဘဲ အမျိုးသားစီးပွားရေးဟာ အဘက်ဘက်က ချွတ်ခြုံကျလာခဲ့တယ်။ ဒါနဲ့ပြောင်းပြန် ဒီစစ်ကြောင့်ပဲ စစ်အုပ်စုခါးပိုက်ဆောင် စစ်တပ်ကြီးဟာ ကြီးထွားသထက်ကြီးထွားလာ၊ စစ်အုပ်စုနဲ့ အပေါင်းပါတွေ ချမ်းသာ သထက်ချမ်းသာလာတယ်။ အရှေ့တောင်နဲ့ တောင်အာရှမှာ အစောဆုံးလွတ်လပ်ရေးရအောင်တိုက်ပွဲဝင်ခဲ့တဲ့ ဗမာပြည်ဟာ နိုင်ငံတကာအစည်းအဝေးတွေမှာ ခေါင်းမဖော်နိုင်ယုံမက ဟိုလူကဝေဖန်၊ ဒီလူကဆုံးမနဲ့မို့ ခေါင်းပုနေရတဲ့ဘဝ ရောက်နေရတယ်။

နအဖဟာ ဗမာပြည်ကို ကမ္ဘာ့အလယ်မှာဂုဏ်ယူနိုင်အောင် ဘာတွေများစွမ်းဆောင်ပေးနိုင်ခဲ့သလဲ။ စီးပွားရေး တတိယနိုင်ငံအဆင့်ကနေ စတုတ္ထနိုင်ငံအဆင့်လျှောကျပြီး အကြွေးတွေလည်းပင်းရောက်နေတယ်။ (ဒါတောင်သူများတွေကချေးမပေးကြလို့ နအဖကတော့ အကြွေးသာရရင် ဆင်တောင်လက်ကားယူမယ်ဆိုတဲ့ဟာမျိုး)။

လူမှုရေး ....

လူမှုဖူလုံရေးခံစားခွင့်၊ အမတော်ကြေးစတာတွေဟာ သဏ္ဍာန်သာသာတောင်မှမရှိတော့။ ရှိသူနဲ့ မရှိသူ၊ လူတန်းစားကွဲပြားမှု သိသာခြားနားလွန်းလို့ တရားရုံး၊ မြန်မြေရေးရုံး စတာတွေအားလုံးဟာ တံဆိပ်တုံးနှိပ်ရာသက်သက် ဖြစ်ကုန်တယ်။

ကျန်းမာရေး ....

စစ်အုပ်စုထိပ်သီးပိုင်းသာမက ငွေကြေးတတ်နိုင်သူမှန်သမျှ ပြည်ပထွက်ဆေးကုနေကြတယ်။ အာဟာရမပြည့်စုံသူတွေ၊ ဆေးဝါးမတတ်နိုင်သူတွေအများဆုံးရှိနေတဲ့ ဒီနိုင်ငံမှာမှ အေအိုင်ဒီအက်စ်ရောဂါက အဆိုးဝါးဆုံးနှိပ်စက်နေတယ်။

ပညာရေး ....

ကိုလိုနီခေတ်တုန်းက အိမ်နီးနားချင်းနိုင်ငံတွေကလူတွေ ဒီမှာလာပြီး ပညာမျိုးစုံသင်ယူကြတာတွေရှိတယ်။ အခုတော့ သားသမီးကိုပြည်ပပို့ ပညာသင်ကြားစေရေး၊ ပြည်ပမှာပဲ အလုပ်အကိုင်ရရှိစေရေးဟာ မိဘတွေရဲ့မျှော်လင့်ချက်တခုဖြစ်နေပြီ။ နိုင်ငံရေးလက်ရှိကမ္ဘာမှာ နိုင်ငံရေးအကျဉ်းသားအရေအတွက်အများဆုံးနဲ့ သက်တမ်းအရှည်ဆုံးစံချိန်တင်ထားတယ်။

လွတ်လပ်ရေးဟာ ဘာအဓိပ္ပာယ်များရှိသေးသလဲ မေးစရာဖြစ်နေတယ်။ အာဇာနည်အဆက်ဆက်တို့ အသက်ပေးတိုက်ပွဲဝင်ခဲ့တာဟာ ဒီစစ်ဗိုလ်ချုပ်တွေကောင်းစားဖို့လားလို့လည်း မေးစရာဖြစ်နေတယ်။

လွတ်လပ်ရေးကို လွယ်လွယ်ကူကူရခဲ့တာမဟုတ်ဘူးဆိုတာ ဗမာနိုင်ငံသားတွေအသိဆုံးပဲ။ နယ်ချဲ့နိုင်ငံကြီးတွေချင်း စစ်ပွဲတွေအသွင်နဲ့ ထိပ်တိုက်စောင့်နေကြတဲ့အကြားက ကိုလိုနီအမျိုးသားတရပ်က လွတ်လပ်ရေးရဖို့ လုံးပမ်းရတယ်ဆိုတာ စွန့်လွှတ်ပိုင်းဖြတ်မှုတွေလိုသလို နည်းပရိယာယ်တွေလိုလှတယ်။ အင်္ဂလိပ်ကိုလိုနီသခင်တွေရဲ့ (၉၁) ဌာန၊ ဗိုင်အာခီစတဲ့ မျက်စေ့လည်စရာချော့မြှူမှုအမျိုးမျိုးကိုဖယ်ရှားပြီး ဓနသဟာယနိုင်ငံစာရင်းထဲတောင်မဝင်တဲ့ လုံးဝလွတ်လပ်ရေးကိုရအောင် တိုက်ပွဲဝင်ခဲ့ရတာ ဗမာပြည်ကအမျိုးသားခေါင်းဆောင်အဆက်ဆက်နဲ့ ပြည်သူတွေရဲ့ထူးခြားချက်ဖြစ်တယ်။ ဒီကြားထဲမှာ ဂျပန်ပေးတဲ့လွတ်လပ်ရေးကို ပါးနပ်စွာအသုံးပြုပြီး ဂျပန်ကိုပြန်တော်လှန်ခဲ့တယ်ဆိုတဲ့ဂုဏ်ယူစရာအချက်လည်းရှိသေးတယ်။

အရှေ့တောင်အာရှနဲ့ တောင်အာရှမှာ အစောဆုံးလွတ်လပ်ခဲ့တဲ့နိုင်ငံဟာ အခုအခါမှာ အဘက်ဘက်နောက်အကျဆုံးဖြစ်နေရတယ်။ စစ်အာဏာရှင်စနစ်ကြောင့်မို့ ဒီအဖြစ်ရောက်ရတယ်ဆိုတာ ဘာမှအငြင်းပွားစရာမရှိတဲ့အချက်ဖြစ်တယ်။ မိမိတို့ရဲ့ ဗမာနိုင်ငံကို ကမ္ဘာ့အလယ်မှာ ဂုဏ်နဲ့ခြပ်နဲ့ ရပ်တည်နိုင်စေဖို့၊ ခေတ်မှီစက်မှု၊ သိပ္ပံနည်းပညာများထွန်းကားတဲ့၊ ဖွံ့ဖြိုးတဲ့နိုင်ငံဖြစ်စေဖို့ဆိုရင် စစ်အာဏာရှင်စနစ်ကို ဖယ်ရှားရမယ်ဆိုတာလည်းရှင်းနေတယ်။

ဗမာပြည်သားများအနေနဲ့ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသလိုပဲ စည်းလုံးညီညွတ်မှု၊ စွန့်လွှတ်မှု၊ အနစ်နာခံမှု၊ နည်းပရိယာယ်ကြွယ်ဝမှုတွေ ဖော်ပြကြရဦးမယ်။

ဒီနေ့အခါမှာ နိုင်ငံတကာအခြေအနေက ဗမာပြည်သူပြည်သားတွေ ကိုယ့်ဖာသာလုံးပမ်းတိုက်ခိုက်မှရမယ်ဆိုတာကို ပြသွန်းနေတယ်။ ကယ်တင်ရှင်မျှော်ကိုးမှု၊ စိတ်ကူးယဉ်မှုတွေကိုဖယ်ရှားပြီး ‘ငါသာလျှင် အရှင်သခင်၊ ငါသာလျှင် ငါ့သမိုင်းဖန်တီးသူ’ ပီသစွာတိုက်ပွဲဝင်ကြရမှာပဲ။ စစ်အုပ်စုကို ထိထိရောက်ရောက်ထိုးနှက်နိုင်ခဲ့တဲ့ ရှစ်လေးလုံးအရေးတော်ပုံနဲ့ စက်တင်ဘာအရေးအခင်း စိတ်ဓာတ်တွေကိုကိုင်စွဲ၊ အဲဒီက သင်ခန်းစာတွေထုတ်၊ အတုယူစရာတွေယူပြီး အောင်ပွဲအလံကို လွှင့်ထူကြပါစို့။

၂၀၀၈ ခုနှစ်ကို တိုက်ပွဲဝင်စိတ်ဓာတ်၊ အောင်ပွဲခံသန္နိဋ္ဌာန်နဲ့ လှမ်းဝင်ကြပါစို့။

ဗညာ ❖

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

အယ်ဒီတာချုပ်
ဇော်ဝေဖိုး

တာဝန်ခံအယ်ဒီတာ
ခွာညို

သတင်းအယ်ဒီတာ
အောင်ဖုန်းမြင့်

အထုပ်သင်အယ်ဒီတာ
ဇွဲပိုင်ဝင်း

စာမျက်နှာဖွဲ့စည်းမှု
အောင်ထက် ၊ ထန်းဇော်

မိုးကြိုးသတင်းစဉ် သို့

စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
www.binamojo.org
admin@binamojo.org

ပြည်တွင်းလှုပ်ရှားမှု ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအံတုမှုကော်မတီ
နှင့်
နိုင်ငံရေးအကျဉ်းသားများ
ကူညီစောင့်ရှောက်ရေးအသင်း
(မြန်မာနိုင်ငံ)
တို့အား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

– ကိုယ့်အခွင့်အရေးအတွက် ကိုယ်တိုင်တိုက်ပွဲဝင်ကြ။
– ကောင်းတဲ့ကိစ္စ၊ တရားတဲ့ကိစ္စမှန်သမျှ ရဲရဲလုပ်ကြ။
– မတရားတဲ့အမိန့် အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ။

မြန်မာ့ကျောက်မျက်ရတနာပွဲတွင်း ဝယ်ယူထားသည့် ကျောက်များ ထုတ်ယူခွင့်မရ

မြန်မာ့ကျောက်စိမ်းများအား စမ်းသပ်ကြည့်ရှုနေစဉ်

ပြီးခဲ့သည့်နှစ်နိုဝင်ဘာလအတွင်း ရန်ကုန်မြို့၌ကျင်းပခဲ့သော မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင်ဝယ်ယူထားခဲ့သည့် ကျောက်စိမ်းတုံးများအား ထုတ်ယူခွင့်မရသည့်အတွက် မြန်မာကျောက်ကုန်သည်များ အခက်တွေ့နေကြရသည်။

ပြပွဲအပြီး ဝယ်ယူထားခဲ့သည့်ကျောက်မျက်ရတနာများအား နိုင်ငံခြားသားကျောက်ကုန်သည်များက ထုတ်ယူသွားနိုင်သော်လည်း မြန်မာကျောက်ကုန်သည်များကိုမူ ထုတ်ယူခွင့်မပြုကြောင်း မန္တလေးမှကျောက်လုပ်ငန်းရှင်တဦးက ပြောဆိုခဲ့သည်။

မြန်မာနိုင်ငံသားကျောက်ကုန်သည်များသည် ကျောက်ဝယ်ယူလျှင် (၃) လဆိုင်း အကြွေးစနစ်ဖြင့် အရစ်ကျပေးသွင်းဝယ်ယူနိုင်ပြီး (၃) လအတွင်း အပြီးငွေချေရတာ ကျော်လွန်ပါက ဒဏ်ငွေပေးရသဖြင့် ကျောက်လုပ်ငန်းရှင်များအနေဖြင့် လက်ငင်းငွေပေးပြီးဝယ်ယူထားသည့်ကျောက်များအား ပြန်လည်ရောင်းချရန် အချိန်မရှိသည့်အတွက် ဒဏ်ငွေပေးဆောင်ရမည်ကို စိုးရိမ်နေကြသည်။

"ကုန်သည်တယောက်ဟာ အနည်းဆုံး သိန်း (၁၀၀) လောက်တော့ရှိရတာပေါ့။ အဲဒီငွေနဲ့တစုကို လက်ငင်းဝယ်၊ သုံးလေးစုလောက်ကိုတော့ အကြွေးဝယ်လို့ရတယ်။ လက်ငင်းဝယ်ထားတဲ့ကျောက်ကို အပြင်မှာ ပြန်ရောင်းရတဲ့ငွေပြန်သွင်းပြီး အကြွေးဝယ်ထားတဲ့ကျောက်ကို ပြန်လာထုတ်ပြန်ရောင်း။ ဒီလိုနဲ့ လည်ပတ်တဲ့သဘောများတယ်။ အခုက လက်ငင်းဝယ်ထားတဲ့ကျောက်ကို ထုတ်လို့မရတော့ ဘာမှလုပ်လို့မရတော့ဘူး။ အချိန်ကျော်ရင် ဒဏ်ငွေကထပ်လာဦးမယ်" ဟု ကျောက်ကုန်သည်တဦးကပြောဆိုခဲ့သည်။

ယခုလအတွင်းကျင်းပရန်ရှိသည့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ ကျောက်မျက်ရတနာပြပွဲတွင် ကျောက်များမရှိသည့်အတွက် ယခုကဲ့သို့ရောင်းချပြီးသားကျောက်များကို ပြသနိုင်ရန်အတွက် ထိန်းထားပုံရသည်ဟုလည်း ကျောက်ကုန်သည်များအကြားတွင် ခန့်မှန်းပြောဆိုနေကြသည်။

မြန်မာ့ကျောက်မျက်စီးပွားရေးလုပ်ငန်းမှ အရောင်းပြပွဲများကို တနှစ်လျှင် (၃) ကြိမ်နှင့်မြန်မာ့စီးပွားရေးဦးပိုင် လီမိတက်က (၂) ကြိမ် စုစုပေါင်း တနှစ် (၅) ကြိမ် ပြုလုပ်လျက်ရှိပြီး ပြည်တွင်းပြည်ပကျောက်လုပ်ငန်းရှင်များက မြန်မာ့ကျောက်မျက်စီးပွားရေးလုပ်ငန်းမှပြုလုပ်သည့် ကျောက်မျက်ပြပွဲများကို ပိုပြီးစိတ်ဝင်စားကြကြောင်း ကျောက်ရောင်းချနေသူတဦးက ပြောဆိုခဲ့သည်။

လွန်ခဲ့သည့်နိုဝင်ဘာလအတွင်း ရန်ကုန်မြို့တွင်ပြုလုပ်ခဲ့သည့် ကျောက်မျက်ပြပွဲတွင် နိုင်ငံခြားသားကုန်သည်ပေါင်း (၂၀၀၀) ကျော် တက်ရောက်ခဲ့ပြီး ကျောက်မျက်ရတနာအတွဲပေါင်း (၃၅၀၀) ရောင်းချခဲ့ရကြောင်း၊ နအဖစစ်အစိုးရမှ သတင်းထုတ်ပြန်ကြေညာခဲ့သည်။

စာမျက်နှာ (၁၅) စောဝေဆောင်းပါးမှ...

ရက်ရက်စက်စက်လိုက်လံဖမ်းဆီးနေခြင်းတို့သည် နည်းနည်းလေးမှတရားနည်းလမ်းမကျဘဲ တရားလက်လွတ်ကျူးလွန်နေကြခြင်းသာဖြစ်သည်။

ယခုအခါတွင် အသံလွှင့်ဌာနများမှ မြန်မာပြည်အေးချမ်းငြိမ်သက်သွားပြီ အခြေအနေအရပ်ရပ်ကို တပ်မတော်ကထိန်းသိမ်းနိုင်ပြီဟုလွှင့်ထုတ်နေသည်။ လက်တွေ့တွင် မြန်မာပြည်ကြီးအေးချမ်းမနေပါ။ ကတ္တရာလမ်းမများပေါ်တွင်ပျောက်ဆုံးသွားသော အသက်သွေးများ၊ ချောင်းထဲပေါလောမျောနေသော ဘုန်းကြီးရဟန်းတို့၏အလောင်းများကို ဘယ်အရာနှင့်မှဖျောက်ဖျက်၍ မရစကောင်းပါ။ ဤသည်ပင် ပြည်သူတို့ခံစားနေကြရသော ဘယ်သောခါမှ ဖျောက်ဖျက်ရတော့မည်မဟုတ်သော ဘဝမှတ်တိုင်များ၊ သမိုင်းမှတ်တိုင်များဖြစ်သည်။ နားမလည်နိုင်သော ဗိုလ်ချုပ်ကြီးများက အားလုံးတည်ငြိမ်အေးချမ်းသွားပါပြီဟု မိုက်မိုက်မဲမဲပြောဆိုနေကြသည်။

ကျောင်းသားပြည်သူများက ခေတ္တငြိမ်ပြီး အခွင့်ကောင်းကိုစောင့်နေခြင်းဖြစ်သည်။ တိုက်မည့်ဆင် နောက်တလှမ်းဆုတ်နေခြင်းသာဖြစ်သည်။ ပင်လယ်ပြင်ကြီးပမာ၊ လှိုင်းများငြိမ်သက်လျက် လှိုင်းကြက်ခွပ်ကလေးများ ရပ်သွားပြီး သင်ဖြူးဖျာကြီးတချပ်ခင်းထားသလို ငြိမ်သက်သွားပြီဆိုလျှင် မကြာခင်မှာ မုန်တိုင်းကြီးလာတော့မည်မှာ သဘာဝတရားကြီးပင်ဖြစ်သည်။ ယခုလည်းပဲ မြန်မာပြည်၏ ဤခြေအနေသည် ပင်လယ်ပြင်ကြီးသင်ဖြူးဖျာခင်းသကဲ့သို့ ခေတ္တငြိမ်သက်သွားခြင်းသာ။

ထိုငြိမ်သက်မှု၏ နောက်ကွယ်တွင် ....

(စောဝေ)

❖

နအဖစစ်အုပ်စုအား အနုပညာဖြင့် စင်မြင့်ပေါ်မှ သရော်ရဲသော သီး (၄) သီး ဆေးရောင်စုံအငြိမ့် ပြည်ပတွင် လှည့်လည်ဖျော်ဖြေလျက်ရှိ

နအဖစစ်အုပ်စု၏ အကျင့်ပျက်လာဘ်စားမှုများအား သရော်သည့်ပြက်လုံးများဖြင့် နာမည်ကြီးပြီး ပရိသတ်၏စိတ်ဝင်စားမှုအများဆုံးရရှိနေသည့် သီးလေးသီးဆေးရောင်စုံအငြိမ့်အဖွဲ့သည် ပြည်ပသို့ရောက်ရှိလာကာ အဝေးရောက်မြန်မာအသိုင်းအဝိုင်းများအကြား ကပြဖျော်ဖြေမှုများ ပြုလုပ်နေလျက်ရှိသည်။

သီးလေးသီးဆေးရောင်စုံအငြိမ့်အဖွဲ့တွင် အငြိမ့်မင်းသမီးများအဖြစ် ချောစုမျိုး၊ မြစပယ်ငုံတို့နှင့် လူရွှင်တော်များမှာ သီးလေးသီးအဖြစ် နာမည်ကြီးနေသည့် ပန်းသီး၊ စိန်သီး၊ ဇီးသီး၊ ကြယ်သီးတို့ဖြစ်ပြီး အဖွဲ့ခေါင်းဆောင်အဖြစ် လူရွှင်တော်ဂေါ်ဇီလာတို့ပါဝင်သည်။

အဆိုပါအဖွဲ့သည် ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် ပြည်ပသို့ရောက်ရှိလာကာ ဒီဇင်ဘာ (၃၀) ရက်နေ့တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ပထမဆုံးပွဲအဖြစ် စတင်ဖျော်ဖြေခဲ့သည်။ ထို့နောက် မလေးရှားနိုင်ငံ၊ ပီနန်မြို့တွင် ဇန်နဝါရီ (၆) ရက်နေ့တွင် သွားရောက်ဖျော်ဖြေခဲ့သည်။ ထိုမှ ထိုင်းနိုင်ငံ ဘန်ကောက်တွင် (၁၂) ရက်နေ့နှင့် (၂၅ -၂၆) ရက်နေ့များတွင် ချင်းမိုင်တို့၌ သွားရောက်ဖျော်ဖြေကပြခဲ့သည်။ ၎င်းအပြင် ဇန်နဝါရီ (၁၉) ရက်နေ့က စင်ကာပူသို့သွားရောက်ကပြခဲ့ပြီး ကိုးရီးယားနိုင်ငံ ဆိုးလ်၊ ဂျပန်နိုင်ငံ နာဂိုယာနှင့်တိုကျိုတို့သို့လည်း သွားရောက်ကပြရန် စီစဉ်လျက်ရှိသည်။

သီးလေးသီးဆေးရောင်စုံအငြိမ့်အဖွဲ့ကို ၂၀၀၄ ခုနှစ်က စတင်ထူထောင်ခဲ့ပြီး ၁၉၈၀ ခုနှစ်များက ကျော်ကြားခဲ့သည့် မြပုဏ္ဏမာအငြိမ့်၏မျိုးဆက်သစ်အဖြစ် လူရွှင်တော် ဇာဂနာက ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။ ဇာဂနာနှင့်အတူ မြပုဏ္ဏမာအဖွဲ့သားများဖြစ်ကြသော အရိုင်း၊ ကင်းကောင်၊ ဂေါ်ဇီလာ၊ ပိုးဖြူတို့က ကူညီလျက်ရှိနေပြီး ယခုအဖွဲ့ကို ဂေါ်ဇီလာက ခေါင်းဆောင်အဖြစ်တာဝန်ယူနေသည်။

သီးလေးသီးဆေးရောင်စုံအငြိမ့်အဖွဲ့သည် ပြီးခဲ့သည့်နှစ် တန်ဆောင်မုန်းလပြည့်နေ့ညက ရန်ကုန်ကန်တော်ကြီးရှိ မျော်ကျွန်းတွင် ကပြဖျော်ဖြေခဲ့ရာတွင် နအဖစစ်အုပ်စုနှင့် ကုလသမဂ္ဂကိုယ်စားလှယ် မစ္စတာဂမ်ဘာရီတို့တွေ့ဆုံခြင်းအား ပြက်လုံးကိုထုတ်ခဲ့သည့်အပြင် နအဖ၏လူထုထောက်ခံပွဲအတုများကိုလည်း ရဲရဲရင့်ရင့်သရော်ခဲ့သည့်အတွက် လူထုအကြား ရေပန်းအစားဆုံးနှင့် ပြည်သူတို့၏ အားပေးမှုကိုအခံရဆုံး အငြိမ့်အဖွဲ့ဖြစ်သည်။

ဖိတ်ခေါ်ချက်များအရ အမေရိကားတွင် မတ်လမှ မေလအထိနေထိုင်ပြီး နယူးယော့၊ လော့စ်အိန်ဂျလိစ်၊ ဆန်ဖရန်စစ္စကိုတို့တွင် ဖျော်ဖြေနိုင်ရန်အစီအစဉ်ရှိပြီး အဆင်ပြေပါက ဝါရှင်တန်၊ ဖို့ဝိန်းတို့သို့သွားရောက်ဖျော်ဖြေကာ ပြီးပါက မြန်မာနိုင်ငံသို့ ပြန်မည်ဖြစ်ကြောင်းသိရသည်။ ❖

ဗိုလ်ချုပ်မှူးကြီးကို အပုပ်ချရေးသားသည်ဟု စွဲချက်ဖြင့် ကဗျာဆရာစောဝေဖမ်းဆီးခံရ

ကဗျာဆရာစောဝေရေးသားထားသည့် ကဗျာမှာ ...

အာရင်ဘတ်က ပြောတယ်

နာ နာခံစားတတ်မှ ခံစားမှ

ရူးရူးမူးမူးကိုဖြစ်နေမှ

ကြီးမြတ်တဲ့အနုပညာလို့

မှူးမှုံမှိုင်းဝေစေတဲ့ ဓာတ်ပုံမော်ဒယ်မလေးရေ

ကြီးတောင့်ကြီးမားကျမှ အသည်းကွဲတဲ့ရောဂါတဲ့

သန်းပေါင်းများစွာသော ချစ်တတ်သူများ

ရွှေအတိချထားသောလက်များဖြင့် လက်ခုပ်တီး၍ရယ်ပါ ဟူ၍ဖြစ်သည်။

ဇန်နဝါရီ (၂၃) ရက်

နအဖဗိုလ်ချုပ်မှူးကြီးသန်းရွှေကို တိုက်ခိုက်ဖွဲ့ဆိုထားသောကဗျာကို ရေးဖွဲ့သည်ဟူသောစွပ်စွဲချက်ဖြင့် ကဗျာစောဝေကို ဇန်နဝါရီ (၂၃) ရက်နေ့က ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်းသိရသည်။

အဆိုပါကဗျာမှာ အပတ်စဉ်ထုတ်အချစ်ဂျာနယ်တွင်ပါဝင်ခဲ့ပြီး (Valentine's Day) ချစ်သူများနေ့အထိမ်းအမှတ် ရေးဖွဲ့ခဲ့ခြင်းဖြစ်သော်လည်း နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ထိခိုက်နေသည့်အတွက် အာဏာပိုင်များက ကဗျာဆရာစောဝေကို ဖမ်းဆီးလိုက်ခြင်းဖြစ်သည် ။

ကဗျာခေါင်းစဉ်မှာ "ဖေဖော်ဝါရီ ၁၄" ဟုအမည်ပေးထားပြီး ကဗျာ၏ ဝါကျရှေ့ဆုံးရှိစကားလုံးများကို ဒေါင်လိုက်ဖတ်သွားပါက "အာဏာရူးကြီးမှူးကြီးသန်းရွှေ"ဟု အဓိပ္ပါယ်ထွက်နေသည့်အတွက် ရန်ကုန်မြို့တွင်းတွင်လည်း ရုတ်ရုတ်သဲသဲဖြစ်သွားသည်ဟု သတင်းများကဆိုပြီး၊ အဆိုပါကဗျာကို ကော်ပီကူးကာလိုက်လံဖြန့်ဝေမှုများပင် ရှိနေကြောင်းသိရသည်။

ဖမ်းဆီးထိန်းသိမ်းခြင်းခံနေရသူ ကဗျာဆရာစောဝေသည် အဖြူရောင်သက်တံ အမည်ရှိ အိပ်ချ်အိုင်ဗွီအေအိုင်ဒီအက်စ်ဝေဒနာရှင် ကလေးငယ်များအတွက် ရံပုံငွေရှာဖွေပေးနေသည့်လူမှုရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နေသူတဦးလည်းဖြစ်သည်။

ရရှိသော နောက်ဆုံးသတင်းများအရ ဦးစောဝေကို အင်းစိန်အကျဉ်းထောင်သို့ ပို့လိုက်ကြောင်း၊ နေကောင်းကြောင်းမျှကိုသာ တဆင့်စကားကြားခဲ့ရပြီး ဆေးဝါးနှင့် အဝတ်အထည်တို့ကိုပင် ပို့ခွင့်မရကြောင်း ဇနီးဖြစ်သူနန်းစမ်းစမ်းအေးက ဗွီအိုအေသို့ ပြောသည်။

ယမန်နှစ်က မြန်မာတိုင်းမ်ဂျာနယ်တွင်လည်း ခရီးသွားလုပ်ငန်းကြော်ငြာတခုတွင် လူသတ်သမားသန်းရွှေ (Killer Than Shwe) ဟုအဓိပ္ပါယ်ကောက်ရသည့် စာသားတခုကို စာပေစိစစ်ရေးမှမသိလိုက်ဘဲ ပါသွားခဲ့ပြီး၊ စစ်အစိုးရအား လှောင်ပြောင်ရန် တမင်လုပ်ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ခြင်းကြောင့် မြန်မာတိုင်းမ်ဂျာနယ်များ ဈေးကွက်တွင် လက်မလည်အောင်ရောင်းခဲ့ရသည်။ ❖